ကြေးမုံ
The Mirror
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957
၁၃၇၇ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁၃ ရက်၊ တနင်္လာနေ့၊ (26-10-2015) (၈၃၆၅)

## နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဩစတြီးယားနိုင်ငံ အမျိုးသားနေ့ သဝဏ်လွှာများပေးပို့

**နေပြည်တော် အောက်တိုဘာ ၂၆**

၂၀၁၅ ခုနှစ် အောက်တိုဘာ ၂၆ရက်တွင် ကျရောက်သော ဩစတြီးယားသမ္မတနိုင်ငံ၏ နှစ်ပတ်လည်အမျိုးသားနေ့အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ဩစတြီးယားသမ္မတနိုင်ငံသမ္မတ ဒေါက်တာ ဟိန့်ဇ် ဖစ်ရှာထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

အလားတူ ၂၀၁၅ ခုနှစ် အောက်တိုဘာ ၂၆ရက်တွင် ကျရောက်သော ဩစတြီးယားသမ္မတနိုင်ငံ၏ နှစ်ပတ်လည်အမျိုးသားနေ့အခါသမယ၌ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ဩစတြီးယားသမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဗားနား ဖေးမန်း(န်) ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

**(သတင်းစဉ်)**

# အင်းကန်အသစ်နှင့် ပန်းသင့်စွာတွေ့မြင်ရတော့မည့် မိုးကုတ်မြို့

သတင်း စာမျက်နှာ » ၉



မန္တလေးတိုင်းဒေသကြီး မိုးကုတ်မြို့ရှိ မိုးကုတ်အင်း(မုံကွင်း)ကို တွေ့ရစဉ်။ (ဓာတ်ပုံ - ဆည်မြောင်း)

## ဝေန်တာဟောင်း ထပ်ပေါင်းအားသစ် အသင်သူ့ရဲကောင်းအမှန်ဖြစ်ပြီ

သတင်းဆောင်းပါး – သိန်းဇော်(ရွှေလီဦး)

"တာပေါက်သွားပြီဟေ့ . . . ပိတ်မရတော့ဘူး . . . . ပြေးကြတော့ဟေ့"

ဇူလိုင်၊ ဩဂုတ်လများက ဧရာဝတီမြစ်ရေနှင့် ဝေန်မြစ်ရေတိုးခဲ့သောကာလများတွင် ညအချိန်မတော် ကြားတတ်ရသည့် ဘယ်က ဘယ်လိုလာမှန်းမသိသည့် ပွဲတင်ထပ်လာသည့်အသံတွေ။ အထူးသဖြင့် ဩဂုတ်လဆန်းပိုင်း ဝေန်မြစ်ရေစိုးရိမ်ရေမှတ် သုံးပေအထက်ကျော်နေသည့်ကာလ၊ မိုးကလည်းစွေ၊ မိုးရေ၊ ကွင်းရေ၊ မြစ်ရေပြည့်နေသည့်အချိန်၊ ညစဉ်ညတိုင်း သတိဝီရိယထားနေကြရသည်။ ရေဒီယိုရုပ်မြင်သံကြားနှင့် တာဝန်ရှိ ဌာနဆိုင်ရာများကလည်း အနိမ့်ကွင်း မြေနိမ့်ပိုင်းနေသူများ လူသူ၊ ကျွဲ၊ နွား၊ ပစ္စည်းများပါမကျန် ကုန်းပိုင်း၊ ရေလွတ်ရာအပိုင်းများသို့ ရွှေ့ကြဖို့ အချိန်နှင့်တစ်ပြေးညီ ကြေညာနေသည်။ ထိုအချိန်တွင် ဘယ်တာက ဘယ်နေရာ ကျိုးသွားပြီ၊ ဘယ်တာပေါက်သွားပြီ၊ ပြေးကြ၊ ပြောင်းကြတော့ စသည့် ကောလာဟလအသံများကားထိရောက်လှ၏။ အမှန်တကယ် ဟိုပြေး သည်ပြေး ပြေးကြရသည်။ ကျေးရွာနေပြည်သူတို့ဘဝများကား မလှမပ လမိုက်ညများပမာပင်။ တကယ်လည်း ဟိုလွန်ခဲ့သည့် ၁၉၉၁ ခုနှစ် ဩဂုတ် ၂၈ ရက်က လေးမျက်နှာမြို့နယ်နှင့် ဟသ်ာတမြို့နယ်အစပ် ထိန်ငူရွာအနီး ဝေန်တာ၏အစိတ်အပိုင်းဖြစ်သော ထိန်ငူတာ ကျိုးပေါက်ခဲ့သဖြင့် လေးမျက်နှာ၊ ကျုံပျော်၊ ကျောင်းကုန်း၊ ရေကြည်၊ ငါးသိုင်းချောင်း၊ အသုတ်၊ သာပေါင်းနယ်အသီးသီးမှ ရွာတော်တော်များများ ပင်လယ်ဝေခဲ့သည်။ စိုက်ပြီးသားစပါးခင်းများ ရေမြုပ်ပျက်စီးကုန်သည်။ မြို့နယ်၊ ဒေသ ၁၀ မြို့နယ် အထိနာခဲ့ရသည်။ လူသူ၊ ကျွဲနွားများ အတိဒုက္ခရောက်ကြရသလို စားဝတ်နေရေး **စာမျက်နှာ ၈ ကော်လံ ၁ သို့**

## ၂၀၁၅- ၂၀၁၆ ခုနှစ် အယ်လ်နီညိုရဲ့ ကျယ်လောင်လာတဲ့ စိန်ခေါ်သံ

မောင်ထွန်းလွင် (မိုးလေဝသ)၏ ဆောင်းပါး

စာမျက်နှာ » ၆



**ကြေးမုံ စာတည်း ရှုထောင့်** — **၂၆-၁၀-၂၀၁၅၊ တနင်္လာနေ့**

# လှပသောလောကကိုဖန်တီးစေချင်

မျက်မှောက်ကာလ လူမှုဘဝနယ်ပယ်၌ အမျိုးမျိုးအဖုံဖုံ မြင်သိကြားနာနေရသည်။ အချိန်ရှိသမျှ အာရုံအမျိုးမျိုးကို သိနေရသည်။ ထိုမြင်စိတ်၊ ကြားစိတ်ကိုအခြေခံ၍ မိမိ၏ပင်ကိုစိတ်နှင့်လိုက်ဖက်ခြင်း၊ မလိုက်ဖက်ကိုအကြောင်းပြုကာ စိတ်ဆိုး၊ စိတ်ကောင်းများ ရှင်သန်ပေါက်ဖွားလာတတ်သည်။ ထိုအခါ မိမိစိတ်ကိုမိမိ စိတ်ကောင်း၊ စိတ်ဆိုးခွဲခြားသုံးသပ်နိုင်ခြင်းဖြင့် မိမိနှင့်မိမိပတ်ဝန်းကျင် တိုးတက်ကြီးပွားခြင်းကို ဖန်တီးဖော်ဆောင်တတ်စေရန် အကြံပြုအပ်ပါသည်။

မိမိတို့သည် အဝိဇ္ဇာလွှမ်းမိုးတတ်သူများဖြစ်သောကြောင့် မိမိတို့၏စိတ်မှာ အတ္တကိုအခြေခံကာ မကောင်းဘက်သို့ရောက်သွားတတ်သည်။ ထိုသို့ရောက်သွားပြန်လျှင်လည်း ပြန်လည်ပြုပြင်တည့်မတ်ရန် အားမထုတ်နိုင်ကြချေ။ ငါနှင့်မတူ ငါ့ရန်သူ၊ ကိုယ့်ထက်သာ မနာလို၊ ငါ့လိုမဟုတ် တလွဲလုပ်စသည်ဖြင့် ငါဟူသော မာန်မာနများထားကာ မတူကွဲပြားသူများအပေါ် ခွဲခြားဆက်ဆံတတ်သည်။

မိမိစိတ်နေစိတ်ထားကို ကောင်းအောင်ပြုပြင်ဖို့လိုသည်။ ပြုပြင်ရာ၌ အကြောင်းများစွာရှိသည်။ မိမိစိတ်ထားကောင်းခြင်း၊ မကောင်းခြင်း၊ ယုတ်မာခြင်း၊ မယုတ်မာခြင်းကို မိမိသာလျှင် အသိဆုံးဖြစ်မည်။ ထိုသို့သိပင်သိသော်ငြားလည်း မိမိ၏အပြုအမူသာမှန်သည်ဟု ဆုံးဖြတ်ဖုံးကွယ်ထားတတ်သည်။ သို့သော် ပတ်ဝန်းကျင်သည် မိမိအပြုအမူကောင်းခြင်း၊ မကောင်းခြင်းကို အဆုံးအဖြတ်ပေးနိုင်သည်။

မိမိတို့သည် အမှန်စိတ်ရင်းတွင် လူကောင်းသူကောင်းများသာဖြစ်သည်။ မိမိစိတ်၊ မိမိကိုယ်၊ မိမိပတ်ဝန်းကျင်၏လွှမ်းမိုးခြယ်လှယ်မှုအရ လွဲချော်မှုများရှိခဲ့ခြင်းဖြစ်သည်။ စိတ်ယုတ်မာရှိသူသည် လောကီဂုဏ်၌ အထက်တန်းသို့ရောက်နေသော်လည်း စိတ်နေစိတ်ထားတွင် အောက်တန်း၌သာရှိပေလိမ့်မည်။ ယခုဂုဏ်ကြီးရှင်ဖြစ်သော်လည်း နောက်နောင်ဘဝတို့၌ အောက်ကျနောက်ကျဖြစ်နိုင်သည်။

စိတ်ဆိုးစိတ်ယုတ်ရှိနေသမျှ မည်မျှပင် ဒါန၊ သီလ၊ ကောင်းမှုများဆောက်တည်စေကာမူ ကုသိုလ်ကံအကျိုးပေးစင်ကြယ်လိမ့်မည်မဟုတ်ချေ။ နောက်နောင်ဘဝအရေးတွင် ပြုသမျှကုသိုလ် အကျိုးပေးစင်ကြယ်စေရန် မိမိစိတ်ကိုဖြူစင်ကောင်းမြတ်အောင် ပြုပြင်ထိုက်သည်။ မိမိစိတ်သည် ထုံမွှမ်းနေသောသဘောရှိရာ စိတ်သတ္တိတို့သည် ဘဝပေါင်းများစွာ ကူးစက်လိုက်ပါနိုင်၍ ရင့်မာသောပါရမီဖြစ်ရန်ခဲယဉ်းသည်။ ထို့ကြောင့် မိမိတို့၏ စိတ်နေစိတ်ထားကို မကောင်းကောင်းအောင်ပြုပြင်သင့်သည်။

မိလိန္ဒမင်းကြီး၏ ခုနစ်ရက်လုံးလုံး စိတ်ပြုပြင်ပုံမှာ အတုယူထိုက်သည်။ သူတော်ကောင်းဘက် အထက်တန်းရောက်လိုသော အမျိုးသား၊ အမျိုးသမီးတို့သည် မိမိနေအိမ်၌ပင် တစ်နေ့တစ်ရက် တစ်မနက်စသည်ဖြင့် ရက်ပိုင်းခြား၍ မိမိသန္တာန်၌ ဖြစ်လေ့ရှိသော အကုသိုလ်စိတ်များ မဖြစ်ရလေအောင် မကြာမကြာ အထူးစောင့်စည်းသင့်သည်။

ထိုသို့စောင့်စည်းဖန်များသောအခါ အကုသိုလ်စိတ်အထူးနည်းပါးသော သူတော်စင်အဖြစ်သို့ တက်လှမ်းနိုင်ပြီး သဒ္ဓါထူး၊ ပညာထူးများ ပေါ်ပေါက်လာနိုင်သည်။ ရက်ပေါင်းများပြီး အလေ့အကျင့်ဖြစ်လာသောအခါ နဂိုဖြစ်တတ်သော အကုသိုလ်စိတ်များလည်း မဖြစ်တော့ဘဲ လူကောင်းသူကောင်းအဖြစ် အမြဲရှိနေပါလိမ့်မည်။ လူတွင်ရှိတတ်သော စိတ်ကောင်း၊ စိတ်ဆိုး ထိုနှစ်မျိုးတွင် စိတ်ဆိုးကိုပယ်၍ စိတ်ကောင်းများ ထားရှိမွေးမြူနိုင်ကြမည်ဖြစ်သည်။

ဤလောကကြီးကို စိတ်သည်ဆောင်ကြဉ်းအပ်သည်။ လောကကြီးသည် မိမိတို့စိတ်ကို ဆောင်ကြဉ်းခြင်း မဟုတ်၊ မိမိတို့စိတ်ကသာ လောကကြီးကို ဆောင်ကြဉ်းစေသည်။ လောကကြီးကို စိတ်သည်ဆွဲငင်သည်။ သတ္တဝါအားလုံးသည် စိတ်တည်းဟူသော တရားတစ်ခု၏ အလိုသို့လိုက်နေရသည်။ မိမိစိတ်တွင်ရှိသော အတ္တကိုဖယ်ခွာသတ်နိုင်မှ ရုပ်သွင်အလှ စိတ်ဘဝင်ကျမည်။

ထို့ကြောင့် မိမိစိတ်တို့ကို မိမိဘာသာစဉ်းစားဆင်ခြင်သင့်သည်။ မိမိတွင် စိတ်ကောင်းယှဉ်၏လော၊ စိတ်ဆိုးယှဉ်၏လော ဟူသည်တို့ကို မိမိသာမက မိမိပတ်ဝန်းကျင်ကလည်း သိရှိနားလည်ထားသည်ဖြစ်ရာ မိမိကိုယ်ကို ကောင်းအောင်ကြိုးစားခြင်းဖြင့် မိမိနှင့်မိမိလောကဘဝကို လှပအောင် ဖန်တီးစေချင်ပါသည်။ ။

# ခွဲစိတ်အထူးကုဆေးရုံကြီး တိုးချဲ့(၅)ထပ်လူနာဆောင် ပန္နက်တင်

**ရန်ကုန် အောက်တိုဘာ ၂၅**

ရန်ကုန်မြို့ နား၊ နှာခေါင်း၊ လည်ချောင်း၊ ဦးခေါင်းနှင့် လည်ပင်း ခွဲစိတ်အထူးကုဆေးရုံကြီး၏ တိုးချဲ့ (၅)ထပ် လူနာဆောင်နှင့် အထူးကုဆရာဝန်အိမ်ရာ အဆောက်အအုံများ ပန္နက်တင်မင်္ဂလာ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် အဆိုပါဆေးရုံကြီး၌ ကျင်းပရာ မင်္ဂလာအချိန်တွင် ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းအောင်၊ ကျန်းမာရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်း၊ ဆေးသုတေသန ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ကျော်ဇင်သန့်၊ ပြည်သူ့ကျန်းမာရေးတက္ကသိုလ် ပါမောက္ခချုပ် ပါမောက္ခ ဒေါက်တာနေစိုးမောင်၊ ဆေးတက္ကသိုလ် (၂) ရန်ကုန် ပါမောက္ခချုပ် ပါမောက္ခ ဒေါက်တာ အေးအောင်တို့က သတ်မှတ်နေရာများတွင် ပန္နက်တင်ပေးကြပြီး အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကြသည်။


ယခုဆောက်လုပ်မည့် တိုးချဲ့(၅) ထပ် လူနာဆောင်မှာ အလျား ၂၁၅ ပေ၊ အနံ ပေ ၇၀၊ အမြင့် ၇၀ ပေရှိပြီး မြေညီထပ်တွင် ပြင်ပလူနာဌာန၊ အရေးပေါ်ဌာန၊ MRI ဓာတ်မှန်ခန်း၊ ပထမထပ်တွင် လူနာဟောင်းစမ်းသပ်ခန်း၊ မှန်ပြောင်းကြည့်ခန်း၊ ဒုတိယထပ်တွင် စာသင်ခန်း၊ သီးသန့်လူနာခန်း၊ တတိယထပ်တွင် အတွင်းလူနာဆောင်များ၊ စတုတ္ထထပ်တွင် ခွဲစိတ်ခန်းနှင့် အထူးကြပ်မတ် ကုသဆောင်တို့ပါဝင် ဓာတ်လှေကားသုံးစင်း ထည့်သွင်းတည်ဆောက်ထားသည့် RC အမျိုးအစား အဆောက်အအုံဖြစ်သည်။

အထူးကုဆရာဝန်အိမ်ရာကို အလျား ၆၃ ပေ၊ အနံ ၅၆ ပေ၊ အမြင့် ၄၈ ပေရှိ RC အမျိုးအစား အဆောက်အအုံကို ဆောက်လုပ်သွားမည်ဖြစ်သည်။

တိုးချဲ့ (၅) ထပ် လူနာဆောင်နှင့် အထူးကုဆရာဝန် အိမ်ရာကို နိုင်ငံတော်မှ ခန့်မှန်းကုန်ကျငွေ ကျပ်သန်းပေါင်း ၂၁၅၀ သန်း အကုန်အကျခံကာ တည်ဆောက်ပေးခြင်းဖြစ်ပြီး အဆိုပါ (၅)ထပ်ဆောင် အဆောက်အအုံ ဆောက်လုပ်ပြီးစီးသွားပါက နား၊ နှာခေါင်း၊ လည်ချောင်း၊ ဦးခေါင်းနှင့် လည်ပင်းရောဂါများနှင့် ပတ်သက်သည့် လူနာများကို ယခုထက် ပိုမိုလက်ခံကုသပေးနိုင်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**





# ပလတ်စတစ်အမှိုက်များ အုတ်အဖြစ်ပြောင်းလဲအသုံးပြုကာ ကျောင်းစာကြည့်တိုက်ဆောက်လုပ်ရန် ကြိုးပမ်း

**ညောင်ဦး အောက်တိုဘာ ၂၅**

ပုဂံပလတ်စတစ်ကင်းစင်ရေးလူ့ပ်ရှားမှု အဖွဲ့မှ ဦးဆောင်၍ စွန့်ပစ်ပလတ်စတစ်အမှိုက်များကို သဘာဝပတ်ဝန်းကျင်ထိခိုက်မှုမရှိစေဘဲ ပြန်လည်အသုံးပြုသည့် အနေဖြင့် (ဝ ဒသမ ၆)လီတာရှိအသုံးပြုပြီးသောရေသန့်ဘူးခွံထဲတွင် ဖိသိပ်ထည့်ကာပြုလုပ်သည့် ပလတ်စတစ်အုတ်ဖြင့် အုတ်အစားထိုး ကျောင်းစာကြည့်တိုက်တစ်လုံးကို ညောင်ဦးမြို့နယ် နတ်ကြို့အိုင်ကျေးရွာ၌ တည်ဆောက်ရန်အတွက် စတင်အကောင်အထည်ဖော်လျက်ရှိကြောင်း သိရသည်။

အဆိုပါ ပလတ်စတစ်အုတ်ဖြင့် ပေ ၆၀၊ ပေ ၃၀ အကျယ်အဝန်းရှိ စာကြည့်တိုက် အဆောက်အအုံတစ်ခု ဆောက်လုပ်သွားမည်ဖြစ်ပြီး ယင်းသို့ဆောက်လုပ်ရန်အတွက် ပလတ်စတစ်အုတ်အရေအတွက် ၆၅၀၀ ခန့် လိုအပ်လျက်ရှိရာ ယခု ၉၀၀ ခန့် စုဆောင်းရရှိပြီးဖြစ်ကြောင်း၊ ဒေသခံပြည်သူများအနေဖြင့်လည်း မိမိအိမ်၊ မိမိပတ်ဝန်းကျင်ရှိ ပလတ်စတစ်အမှိုက်များကိုစုစည်း၍ ပုဂံပလတ်စတစ်ကင်းစင်ရေးလူ့ပ်ရှားမှုအဖွဲ့၏သတ်မှတ်ထားသော အမှိုက်အိတ်၊ အမှိုက်ပုံးများတွင် စွန့်ပစ်ပေးခြင်းဖြင့် ကုသိုလ်ယူကြရန် နှိုးဆော်လက်ကမ်းစာစောင်များကိုလည်း ဖြန့်ဝေပေးလျက်ရှိကြောင်း သိရသည်။

“ကျွန်တော်တို့ပုဂံဒေသမှာ တစ်ရက်ကို ၇ တန်လောက်ထွက်နေတဲ့ ပလတ်စတစ်အမှိုက်တွေကို အသုံးပြုပြီး ကျွန်တော်တို့အဖွဲ့က ပမာဏလျော့ထုတ်နိုင်တဲ့ နည်း၊ ပြန်လည်အသုံးချနိုင်မယ့်နည်းကို လိုက်ရှာကြတယ်။ မီးရှို့ပစ်ရင်လည်း လေထုညစ်ညမ်းလို့ မသင့်တော်ဘူး။ တခြားနည်းသုံးမယ်ဆိုရင်လည်း ငွေကြေးနဲ့ နည်းပညာတွေ အများကြီးလိုအပ်တယ်။ အခုပလတ်စတစ်အုတ်အနေနဲ့ပြောင်းလဲအသုံးချနည်းကတော့ သဘာဝပတ်ဝန်းကျင်သန့်ရှင်းရေးကို အထောက်အကူပြုတယ်။ ဓာတုနည်းလုံးဝအသုံးပြုမထားဘူး။ Recycle အတွက်အကောင်းဆုံးနည်းပဲလို့ယူဆတယ်။ ပလတ်စတစ်အမှိုက်ကိုပြန်လည်အသုံးချနိုင်မှုပမာဏအားလည်းများတယ်။ အမှိုက်အနေနဲ့စွန့်ပစ်မယ့်အစား အုတ်အဖြစ် ပြောင်းလဲအသုံးချနိုင်တဲ့နည်း ဖြစ်တယ်။ ဒီကျောင်းစာကြည့်တိုက်ကနေတစ်ဆင့် အများသုံးအဆောက်အအုံတွေလည်းဖြစ်လာနိုင်တာမို့ ကျွန်တော်တို့အဖွဲ့အနေနဲ့ ဝမ်းသာအားရဆောင်ရွက်နေကြခြင်းဖြစ်ပါတယ်”ဟု ပုဂံပလတ်စတစ်ကင်းစင်ရေးလူ့ပ်ရှားမှုအဖွဲ့ခေါင်းဆောင် ညောင်ဦးခရိုင်အုပ်ချုပ်ရေးမှူး ဦးတင်ထူးမောင်က ပြောသည်။

ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေဒေသ၏ လှပတင့်တယ်မှုများကိုဖျက်ဆီးနေသည့် ပလတ်စတစ်အမှိုက်များ ကင်းစင်ရေးအတွက် အသုံးပြုမှုလျော့နည်းစေရေး၊ စည်းကမ်းတကျစွန့်ပစ်စေရေးတို့ကို ညောင်ဦးခရိုင်အုပ်ချုပ်ရေးမှူးဦးဆောင်သော ပုဂံပလတ်စတစ် ကင်းစင်ရေးလူ့ပ်ရှားမှုအဖွဲ့နှင့် လူမှုရေးအသင်းအဖွဲ့များ၊ ပုဂံဒေသကိုချစ်မြတ်နိုးကြသည့် စေတနာရှင်လူငယ်များစုပေါင်းကာ နေ့စဉ်ကြိုးစားကောက်ယူ သိမ်းဆည်းလျက်ရှိပြီး ပြည်တွင်းပြည်ပ ခရီးသွားများကိုလည်း ပလတ်စတစ်အမှိုက်နှင့် ပတ်သက်၍ အသုံးပြုပြီး စနစ်တကျစွန့်ပစ်ကြရန်တို့ကို လိုက်လံအသိပညာပေးနှိုးဆော်လျက်ရှိကြောင်း သိရသည်။

**ရဲသူရအောင် (ညောင်ဦး)**

ကြေးမုံ
နေ့စဉ်သတင်းစာ

စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ခင်
စာတည်းများ - ဦးလှမိန်၊ ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်၊ ဦးစန်းအောင်
သတင်းထောက်မှူး - ဦးမြေ့အောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ အေးမင်းစိုး၊ အောင်ကျော်ကျော်
အနုပညာစာတည်း - ခင်ခင်သက်
အားကစားစာတည်း - မေလှိုင်သင်း
ဆောင်းပါးစာတည်း - စန္ဒာဝင်း
အကြီးတန်းသတင်းထောက်များ - ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ မြစန္ဒာမြင့်၊ သီသီမင်း
အငယ်တန်းသတင်းထောက်များ - အောင်ကျော်ဦး၊ ခင်ဇာလီ၊ မေသကြိုင်၊ အေးအေးမြင့်၊ ခင်စုစုလှိုင်
ဓာတ်ပုံသတင်းထောက် - ခင်မောင်ဝင်း၊ ဇေယျာဝင်း(မိုးမြွား)
အထူးသတင်းထောက် - ဆုနှင်းလှ၊ သီရိ

# ငါးနှစ်တာကာလအတွင်း သတ္တု၊ ကျောက်မျက်၊ ကျောက်စိမ်းနှင့် ပုလဲထုတ်လုပ်မှုကဏ္ဍများမှ ကျပ်သန်းပေါင်း ၃၇၆၀၉၃၄ ဒသမ ၂၂ သန်းတန်ဖိုးရှိ ပစ္စည်းများ ပြည်ပသို့ တင်ပို့ရောင်းချနိုင်ခဲ့

**ရန်ကုန် အောက်တိုဘာ ၂၅**

မြန်မာနိုင်ငံ၏ သတ္တုတွင်းထွက်များ ကဏ္ဍတွင် ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်မှ ၂၀၁၅ - ၂၀၁၆ ဘဏ္ဍာနှစ် စက်တင်ဘာလအထိ ငါးနှစ်တာကာလအတွင်း သတ္တု၊ ကျောက်မျက်၊ ကျောက်စိမ်းနှင့် ပုလဲထုတ်လုပ်မှု ကဏ္ဍများမှ ကျပ်သန်းပေါင်း ၃၇၆၀၉၃၄ ဒသမ ၂၂ သန်းတန်ဖိုးရှိ ပစ္စည်းများ ပြည်ပပို့ကုန်အဖြစ် တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သတ္တုတွင်းဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။

သတ္တုတွင်းဝန်ကြီးဌာနအနေဖြင့် ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် စက်တင်ဘာလအထိ နိုင်ငံတော်၏ စီးပွားရေးဖော်ဆောင်မှု မူဝါဒများနှင့်အညီ ခေတ်သတ္တုထုတ်လုပ်မှုဆိုင်ရာ မူဝါဒရေးဆွဲ၍ နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူဖြစ်စေရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်ဟု သတ္တုတွင်းဝန်ကြီးဌာန၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

သတ္တုတွင်းဝန်ကြီးဌာန၏ တွင်းထွက်စက်မှုကုန်ကြမ်း ထုတ်လုပ်မှုလျာထားချက် ၄၅၂၉၁၆၈ မက်ထရစ်တန်တွင် အမှန်ထုတ်လုပ်နိုင်မှု ၇၀၃၉၀၈၉ ဒသမ ၁၄ မက်ထရစ်တန်၊ ကျောက်မျက်ထုတ်လုပ်မှု လျာထားချက် ကရက်ထောင်ပေါင်း ၄၃၉၈၈ ကရက်တွင် အမှန်ထုတ်လုပ်နိုင်မှု ကရက်ထောင်ပေါင်း ၅၂၈၃၁ ကရက်၊ ပုလဲထုတ်လုပ်မှု လျာထားချက် ၁၃၂၅၆၂၁ ဒသမ ၇၃ မိုမီတွင် အမှန်ထုတ်လုပ်နိုင်မှု ၁၅၃၀၆၈၅ ဒသမ ၇၂ မိုမီတို့ကို ထုတ်လုပ်နိုင်ခဲ့ပြီး လျာထားချက်ထက် ပိုမိုထုတ်လုပ်နိုင်ခဲ့သည်ဟု ဖော်ပြထားပြီး သတ္တုထုတ်လုပ်မှု လျာထားချက် ၅၄၆၀၁၆ ဒသမ ၅၂ မက်ထရစ်တန်တွင် အမှန်ထုတ်လုပ်နိုင်မှု ၃၂၉၄၀၉ ဒသမ ၀၄ မက်ထရစ်တန်၊ ရွှေထုတ်လုပ်မှုလျာထားချက် ၂၁၉၆၇၈ ဒသမ ၀၉ ထရိုင်အောင်စတွင် အမှန်ထုတ်လုပ်နိုင်မှု ၁၅၃၈၉၅ ဒသမ ၈၃ ထရိုင်အောင်စ၊ ကျောက်စိမ်းထုတ်လုပ်မှုလျာထားချက် ကီလိုထောင်ပေါင်း ၁၇၅၃၄၅ ကီလိုတွင် အမှန်ထုတ်လုပ်နိုင်မှု ကီလိုထောင်ပေါင်း ၁၀၆၅၀၁ ကီလို ထုတ်လုပ်နိုင်ခဲ့သည်ဟု ဖော်ပြထားသည်။

သတ္တုတွင်းဝန်ကြီးဌာန၏ ဦးစီးဌာနနှင့် လုပ်ငန်းများ၏ လုပ်ငန်းဆောင်ရွက်မှုမှ ဝင်ငွေရရှိမှုမှာ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်၌ လျာထားချက် ကျပ်သန်းပေါင်း ၆၂၄၃၅ ဒသမ ၅၈ သန်းတွင် ရရှိငွေမှာ ကျပ်သန်းပေါင်း ၈၆၆၀၆ ဒသမ ၅၇ သန်း၊ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်၌ လျာထားချက် ကျပ်သန်းပေါင်း ၂၆၃၈၆၈ ဒသမ ၇၀ သန်းတွင် ရရှိငွေမှာ ကျပ်သန်းပေါင်း ၂၈၄၃၆၃ ဒသမ ၅၈ သန်း၊ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်၌ လျာထားချက် ကျပ်သန်းပေါင်း ၃၀၅၂၅၂ ဒသမ ၅၀ သန်းတွင် ရရှိငွေမှာ ကျပ်သန်းပေါင်း ၃၆၁၆၈၅ ဒသမ ၅၇ သန်း၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် လျာထားချက် ကျပ်သန်းပေါင်း ၃၁၀၂၄၉ ဒသမ ၂၁ သန်းတွင် ရရှိငွေမှာ ကျပ်သန်းပေါင်း ၃၇၁၁၂၁ ဒသမ ၆၉ သန်း ဖြစ်သည်ဟု သိရပြီး လေးနှစ်တာကာလအတွင်း စုစုပေါင်း ဝင်ငွေလျာထားချက်မှာ ကျပ်သန်းပေါင်း ၉၄၁၈၀၅ ဒသမ ၉၉ သန်းတွင် ရရှိငွေမှာ ကျပ်သန်းပေါင်း ၁၁၀၃၇၇၇ ဒသမ ၄၁ သန်း ဖြစ်သည်ဟု သိရသည်။

သတ္တုတွင်းဝန်ကြီးဌာန၏ ထုတ်ပြန်ချက်တွင် နိုင်ငံ့စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုပြီး သဘာဝပတ်ဝန်းကျင်ကိုလည်း ထိန်းသိမ်း ဆောင်ရွက်နေသည်ဟု ဆိုထားပြီး EITI အဖွဲ့ဝင်လောင်းနိုင်ငံအဖြစ်မှ စံချိန်မီအဖွဲ့ဝင်နိုင်ငံ (Compliant Country) အဖြစ် ဝင်ရောက်နိုင်ရေးအတွက် ၂၀၁၅ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်တွင် ပထမဆုံးအစီရင်ခံစာအား ရေးသားတင်ပြနိုင်ရန် သတ္တုတူးဖော်ထုတ်လုပ်သည့်ကုမ္ပဏီများ၊ အရပ်ဘက်အဖွဲ့အစည်းများနှင့်အတူ ပူးပေါင်း၍ ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်ဟု ထုတ်ပြန်ထားသည်။

**(ဝဝ၁)**

# ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့

**နေပြည်တော် အောက်တိုဘာ ၂၆**

၂၀၁၅ ခုနှစ် အောက်တိုဘာ ၂၆ ရက်တွင် ကျရောက်သော ဩစတြီးယားသမ္မတနိုင်ငံ၏ နှစ်ပတ်လည် အမျိုးသားနေ့အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံမှ ဩစတြီးယားသမ္မတနိုင်ငံ ဥရောပ၊ ပေါင်းစည်းရေးနှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဆေဘတ်စတီယန်ကတ်ဇ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

# ရွေးကောက်ပွဲဆိုင်ရာ အထူးရဲသင်တန်းဖွင့်

**မြောင် အောက်တိုဘာ ၂၅**

စစ်ကိုင်းတိုင်းဒေသကြီး မြောင်မြို့နယ် မြန်မာနိုင်ငံရဲတပ်ဖွဲ့ကကြီးမှူး၍ ရွေးကောက်ပွဲဆိုင်ရာအထူးရဲသင်တန်းဖွင့်ပွဲကို အောက်တိုဘာ ၂၀ ရက်က ပြုလုပ်ခဲ့ကြောင်းသိရသည်။

ဖွင့်ပွဲတွင် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ရဲတပ်ဖွဲ့မှူးက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

သင်တန်းတွင် ရွေးကောက်ပွဲဆိုင်ရာဥပဒေ၊ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ၊ ပြစ်မှုဆိုင်ရာဥပဒေနှင့် သတင်းမီဒီယာဥပဒေအကြောင်းများကို သင်ကြားပို့ချမည်ဖြစ်ပြီး သင်တန်းကာလမှာ အောက်တိုဘာ ၃၀ ရက်အထိ ကြာမြင့်မည်ဖြစ်သည်။ သင်တန်းသို့ ရပ်ကွက်၊ ကျေးရွာအုပ်စုတို့မှ သင်တန်းသား ၇၁ ဦး တက်ရောက်ကြကြောင်းသိရသည်။

**(တင်ကိုကို)**

# အထွေထွေရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းတာဝန်များ လက်တွေ့သရုပ်ပြ

**တောင်ငူ အောက်တိုဘာ ၂၅**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် တောင်ငူမြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးစံလှသည် အောက်တိုဘာ ၂၄ ရက်တွင် တောင်ငူမြို့နယ် အမှတ်(၁၉)ရပ်ကွက်၌ ရပ်ကွက်/ကျေးရွာရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များ၊ မဲရုံမှူးအပါအဝင် မဲရုံတွင်တာဝန်ယူကြမည့်သူများအနေဖြင့် ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းစဉ်များကို သိရှိနားလည် သဘောပေါက်စေရေး၊ စနစ်တကျလုပ်ဆောင်တတ်စေရေး၊ မဲစာရင်းတွင် ပါဝင်သူများ မဲပေးနိုင်စေရေး၊ ဆန္ဒမဲပေးနိုင်စေရေး၊ ဆန္ဒမဲပေးသူများ လျင်မြန်ချောမွေ့စွာမဲပေးနိုင်စေရေးတို့နှင့် ပတ်သက်၍ ရှင်းလင်းဆွေးနွေးပြီး လက်တွေ့လုပ်ဆောင်ပြသခဲ့ကြောင်းသိရသည်။

**ခရိုင်(ပြန်/ဆက်)**



# မြဝတီမြို့တွင် ရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေး ညှိနှိုင်းဆွေးနွေး

**မြဝတီ အောက်တိုဘာ ၂၅**

ကရင်ပြည်နယ် မြဝတီခရိုင် မြဝတီမြို့နယ်တွင် ၂၀၁၅ ခုနှစ် နိုဝင်ဘာ ၈ ရက်တွင် ကျင်းပမည့် အထွေထွေရွေးကောက်ပွဲကြီး အောင်မြင်စွာကျင်းပနိုင်ရေးအတွက် မြဝတီခရိုင်နှင့် မြို့နယ်ရွေးကောက်ပွဲဆိုင်ရာ စေ့စပ်ညှိနှိုင်းရေး ကော်မတီနှင့် ရွေးကောက်ပွဲဆိုင်ရာလုံခြုံရေး စီမံခန့်ခွဲမှုကော်မတီတို့၏ ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းများ ညှိနှိုင်းဆွေးနွေးပွဲကို အောက်တိုဘာ ၂၃ ရက် နံနက် ၁၀ နာရီခွဲက ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမတွင် ကျင်းပခဲ့ကြောင်း သိရသည်။

ဆွေးနွေးပွဲတွင် ခရိုင်ရွေးကောက်ပွဲဆိုင်ရာ လုံခြုံရေးစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးလွင်ကိုဦးက မိမိတို့ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များကို သတ်မှတ်ညွှန်ကြားချက်များနှင့်အညီ အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ရန်လိုအပ်ပါကြောင်း၊ အခြားဌာနဆိုင်ရာများမှလည်း အားဖြည့်ကူညီဆောင်ရွက်ရမည် ဖြစ်ပါကြောင်းနှင့် ရွေးကောက်ပွဲနှင့် ပတ်သက်သည့် လုံခြုံရေးဆိုင်ရာ ကိစ္စရပ်များအား ဆွေးနွေးမှာကြားသည်။

ထို့နောက် ခရိုင်ရွေးကောက်ပွဲဆိုင်ရာ လုံခြုံရေးစီမံခန့်ခွဲမှုကော်မတီ အတွင်းရေးမှူး ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးမိုးညိုက အခြားပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးတွင် အမှုဖြစ်ပွားသည့် အခြေအနေများ၊ မဲရုံများနှင့်ဆက်သွယ်မည့် အစီအစဉ်များနှင့် အထူးရဲတပ်ဖွဲ့ဝင်များ ခန့်ထားမှုများအားလည်းကောင်း၊ မြို့နယ်ရွေးကောက်ပွဲဆိုင်ရာလုံခြုံရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးခင်မောင်ဇော်က ရွေးကောက်ပွဲကာလတွင် ဆောင်ရွက်ရမည့်အစီအမံများအား လည်းကောင်း၊ ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးမန်းဘုန်းကြွယ်၊ ခရိုင်ရွေးကောက်ပွဲအရာရှိ ဦးလင်းနိုင်စိုး၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးခင်မောင်ဦးနှင့် တက်ရောက်လာသူများက ရွေးကောက်ပွဲဆိုင်ရာများအသီးသီး ဆွေးနွေးခဲ့ပြီး ခရိုင်ရွေးကောက်ပွဲဆိုင်ရာလုံခြုံရေးစီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးလွင်ကိုဦးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ထိန်လင်းအောင်(ပြန်/ဆက်)**





# မရမ်းကုန်းမြို့နယ်၌ မဲရုံလုပ်ငန်းဆိုင်ရာ သင်တန်းဖွင့်

**ရန်ကုန် အောက်တိုဘာ ၂၅**

ရန်ကုန်(အနောက်ပိုင်းခရိုင်) မရမ်းကုန်းမြို့နယ် အမှတ် (၁) ရပ်ကွက် ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲ မဲရုံအမှတ် (၁၆)တွင် မဲရုံအဖွဲ့ဝင်အဖြစ် တာဝန်ထမ်းဆောင်ကြမည့် မဲရုံမှူးနှင့် ဒုတိယမဲရုံမှူးတို့အား မဲရုံလုပ်ငန်းဆိုင်ရာ သင်တန်းဖွင့်ပွဲကို ယနေ့နံနက် ၈ နာရီက မရမ်းကုန်းမြို့နယ် အမှတ် (၁) ရပ်ကွက် ရန်ကင်းစေတီတော်အတွင်းရှိ သာသနာ့ဗိမာန် ဓမ္မာရုံကြီးတွင် ကျင်းပသည်။

သင်တန်းဖွင့်ပွဲတွင် မရမ်းကုန်းမြို့နယ် အမှတ် (၁) ရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးသန်းဝင်း တက်ရောက်အဖွင့်အမှာစကား ပြောကြားပြီး ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲ အဖွဲ့ဝင်ဥက္ကဋ္ဌ ဦးမင်းသူက ရွေးကောက်ပွဲနှင့် ပတ်သက်သည့်အကြောင်းများကို ရှင်းလင်းတင်ပြသည်။ သင်တန်းတွင် သင်တန်းသား ၂၀၀ ကျော်နှင့် ကျောင်းဆရာ ဆရာမများ၊ ရပ်ကွက် အဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များ၊ ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲကော်မရှင်ဥက္ကဋ္ဌနှင့် ကော်မရှင်အဖွဲ့ဝင်များ၊ ဘုရင့်နောင်နယ်မြေစခန်းမှ အထူးရဲတပ်ဖွဲ့ဝင်များ တက်ရောက်ကြသည်။

"အခုလိုသင်တန်းဖွင့်လှစ်ရတဲ့ အဓိကအချက်ကတော့ ပါတီစုံဒီမိုကရေစီရွေးကောက်ပွဲမှာ အခြေခံကစပြီးတော့ အဆင့်ဆင့်တာဝန်ယူဆောင်ရွက်ရာမှာ ဆောင်ရွက်ရမယ့် ပုဂ္ဂိုလ်တွေအနေနဲ့ မိမိတို့လုပ်ငန်းတာဝန်တွေ ဆောင်ရွက်တဲ့အခါမှာ လိုက်နာရမယ့် ဥပဒေ၊ နည်းဥပဒေ၊ ရှောင်ရှားရမယ့်အချက်တွေကို ပွဲမဝင်ခင် အပြင်ကကျင်းပဆိုသလို တိတိကျကျ သိရှိပြီးတော့ ကိုယ်တာဝန်ယူပြီး ဆောင်ရွက်ရမယ့်အပိုင်းမှာ ကျွမ်းကျွမ်းကျင်ကျင်ဆောင်ရွက်နိုင်ရေးအတွက် ဒီသင်တန်းကို အဆင့်ဆင့်ဖွင့်လှစ်ပေးရခြင်းဖြစ်တယ်"ဟု မြို့နယ်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲ အဖွဲ့ဝင် ဒေါက်တာကျော်သန်းထိုက်က ပြောပြသည်။

**ညီညီ(သမိုင်း)**

# ဖြောက်ကိုရီးယား ကင်းလှည့်ရေယာဉ်ကို တောင်ကိုရီးယားရေတပ် သတိပေးပစ်ခတ်

**ဆိုးလ် အောက်တိုဘာ ၂၅**

ကိုရီးယားနှစ်နိုင်ငံ၏ ပင်လယ်ရေကြောင်းပိုင်နက်နယ်မြေအငြင်းပွားလျက်ရှိရာ ရေပြင်တွင် မြောက်ကိုရီးယား ကင်းလှည့် ရေယာဉ်တစ်စင်းကို တောင်ကိုရီးယားရေတပ်က သတိပေးပစ်ခတ်မှုများ ပြုလုပ်ခဲ့ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက အောက်တိုဘာ ၂၅ ရက်တွင် သတင်းထုတ်ပြန်သည်။



အဆိုပါဖြစ်စဉ်မှာ အောက်တိုဘာ ၂၄ ရက်က ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ ၁၉၅၀-၅၃ ကိုရီးယားစစ်ပွဲအတွင်း ကွဲကွာသွားခဲ့ကြရသော ကိုရီးယားဆွေမျိုးသားချင်းများ ပြန်လည်ဆုံစည်းသည့် အစီအစဉ်တစ်ရပ်ကို ပြုလုပ်နေချိန်မှာပင် ယင်းဖြစ်စဉ် ပေါ်ပေါက်ခဲ့သည်။

မြောက်ကိုရီးယား ကင်းလှည့်ရေယာဉ်သည် နှစ်နိုင်ငံ အငြင်းပွားနေသည့် ရေကြောင်းနယ်နိမိတ်ကို ဖြတ်ကျော်ခဲ့ပြီးနောက် မိမိတို့က သတိပေးပစ်ခတ်မှုများ ပြုလုပ်ခဲ့ရာ ယင်းရေယာဉ်မှာ နောက်ကြောင်း ပြန်လှည့်သွားကြောင်း တောင်ကိုရီးယား ကာကွယ်ရေးတာဝန်ရှိသူတစ်ဦးက မြို့တော်ဆိုးလ်တွင် သတင်းထောက်များအား ပြောကြားသည်။

ကိုရီးယားစစ်ပွဲအပြီးကာလတွင် ရေးဆွဲခဲ့သော မြောက်ပိုင်း နယ်နိမိတ်မျဉ်းကြောင်းဟု အမည်ပေးထားသော ပင်လယ်ရေကြောင်း နယ်နိမိတ်သတ်မှတ်ချက်ကို မြောက်ကိုရီးယားက ပယ်ချခဲ့သည်။

တောင်ကိုရီးယားဘက်မှ သတိပေးပစ်ခတ်မှုများသည် ရန်စလှုံ့ဆော်သည့် လုပ်ရပ်ဖြစ်သဖြင့် နှစ်နိုင်ငံ စစ်ရေးအရ ထိပ်တိုက်တွေ့ဆုံမှုကို ဖြစ်ပေါ်စေနိုင်ကြောင်း မြောက်ကိုရီးယားအစိုးရ၏ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားသည်။

**ရိုက်တာ။**

# သဘာဝပတ်ဝန်းကျင်ညစ်ညမ်းမှုဆိုင်ရာ သတင်းအချက်အလက်လိမ်လည်မှုဖြင့် ကိုကာကိုလာစက်ရုံကို စုံစမ်းစစ်ဆေး

**ရှန်ဟိုင်း အောက်တိုဘာ ၂၅**

သဘာဝပတ်ဝန်းကျင် ညစ်ညမ်းမှုဆိုင်ရာ သတင်းအချက်အလက်များကို လိမ်လည်ဖော်ပြမှုဖြင့် တရုတ်နိုင်ငံ ကျန်စုစီရင်စုရှိ ကိုကာကိုလာစက်ရုံ၏ အကြီးအကဲကို ရဲတပ်ဖွဲ့က စုံစမ်းစစ်ဆေးခဲ့ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက အောက်တိုဘာ ၂၅ ရက်တွင် သတင်းထုတ်ပြန်သည်။

တရုတ်နိုင်ငံ ကျန်စုစီရင်စုရှိ ကိုကာကိုလာ အချိုရည်ပုလင်းသွင်းစက်ရုံသည် ရေဆိုးထုတ်မှုဆိုင်ရာ သတင်းအချက်အလက်များကို မမှန်မကန်ဖော်ပြခဲ့ခြင်းကြောင့် ကုမ္ပဏီ မန်နေဂျာအား ရဲတပ်ဖွဲ့က ခေတ္တထိန်းသိမ်းကာ စုံစမ်းစစ်ဆေးခဲ့ကြောင်း သတင်းတွင် ဖော်ပြသည်။

ယင်းဖြစ်စဉ်နှင့်ပတ်သက်၍ ကိုကာကိုလာ ကုမ္ပဏီက ဝေဖန်ပြောကြားခြင်းမရှိပေ။ ကျန်စုစီရင်စုရှိ ကိုကာကိုလာ စက်ရုံသည် တရုတ်စားသောက်ကုန်ထုတ်လုပ်ရေး စီအိုအက်ဖ်စီအိုကော်ပိုရေးရှင်းနှင့် ကိုကာကိုလာကုမ္ပဏီတို့၏ ဖက်စပ်လုပ်ငန်းတစ်ရပ်ဖြစ်သည်။

တရုတ်နိုင်ငံ၌ အစိုးရက ရေထုညစ်ညမ်းမှုဖြစ်စေသော စက္ကူစက်ရုံများ၊ ရေနံချက်စက်ရုံများ၊ ပိုးသတ်ဆေးထုတ်လုပ်ရေးစက်ရုံများကို ၂၀၁၆ ခုနှစ်ထက် နောက်မကျဘဲ ပိတ်သိမ်းရန်စီစဉ်လျက်ရှိသည်။ မြို့တော်ပေကျင်း၌ ရေထုညစ်ညမ်းမှုဖြစ်စေခဲ့သော မက်ဒေါနားလ်ကော်ပိုရေးရှင်း၏ အာလူးကြော်ထုတ်လုပ်ရေးလုပ်ငန်းကို ယခုနှစ်အစောပိုင်းက ဒဏ်ငွေရိုက်ခဲ့သည်။ **ရိုက်တာ။**

# အင်ဒိုနီးရှားနှင့် တောင်ပစိဖိတ်ဒေသတို့၌ အယ်လ်နီညို အကျိုးသက်ရောက်မှုများ တွေ့ကြုံရ

**ဂျကာတာ အောက်တိုဘာ ၂၅** ။ ။ အင်ဒိုနီးရှားနိုင်ငံနှင့် တောင်ပစိဖိတ် သမုဒ္ဒရာဒေသရှိ ကျွန်းနိုင်ငံငယ်များမှ တောင်သူလယ်သမားများသည် ယခုနှစ်တွင် ဖြစ်ပေါ်လာသည့် အယ်လ်နီညိုရာသီဥတု ထူးခြားဖြစ်စဉ်၏ အကျိုးသက်ရောက်မှုများကို တွေ့ကြုံနေရပြီဖြစ်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက အောက်တိုဘာ ၂၅ ရက်တွင် သတင်းထုတ်ပြန်သည်။ အယ်လ်နီညို ရာသီဥတုထူးခြားဖြစ်စဉ်နှင့်အတူ ပင်လယ်ရေမျက်နှာပြင် အပူချိန်မြင့်တက်လာမှုကြောင့် ကမ္ဘာတစ်ဝန်း၌ မိုးရွာသွန်းမှုနည်းပါးစေကြောင်း၊ အင်ဒိုနီးရှား၊ ပါပူဝါ နယူးဂီနီ၊ တွန်ဂါနှင့် ဆာမိုအာ နိုင်ငံများ၌ အယ်လ်နီညို ရာသီဥတုထူးခြားဖြစ်စဉ်၏ အကျိုးသက်ရောက်မှုများကြောင့် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းအပေါ် ထိခိုက်မှုလျှော့ချနိုင်ရန် အစိုးရအဖွဲ့များက ကြိုးပမ်းလျက်ရှိကြောင်း သတင်းတွင် ဖော်ပြသည်။

အင်ဒိုနီးရှားနိုင်ငံ၌ ဩဂုတ်လကုန် ဝန်းကျင်မှစ၍ စီရင်စု ၈၄ ခု၌ မိုးခေါင်သည့် အခြေအနေကို တွေ့မြင်ရပြီး ဒေသခံပြည်သူ ၂၂ သန်းခန့်အပေါ် အကျိုးသက်ရောက်နိုင်ကြောင်း အင်ဒိုနီးရှားနိုင်ငံ သဘာဝဘေးအန္တရာယ် လျော့ပါးရေး အေဂျင်စီက ထုတ်ပြန်သည့် အစီရင်ခံစာတွင် ဖော်ပြထားသည်။ အင်ဒိုနီးရှားနိုင်ငံသည် ယခုနှစ်ကုန်ထက်နောက်မကျဘဲ ပြည်ပမှ ဆန်တင်သွင်းမှုကို ပြန်လည်စတင်ပြုလုပ်ရလိမ့်မည်ဖြစ်ကြောင်း အစိုးရက မကြာသေးမီက ပြောကြားခဲ့သည်။

အင်ဒိုနီးရှားနိုင်ငံ၌ မိုးခေါင်မှုနှင့် ကြုံတွေ့ရသော စိုက်ပျိုးရေးဒေသများ၌ စပါးစိုက်ပျိုးသူများက ရေလိုအပ်မှု ပိုမိုနည်းပါးသော ဆေးရွက်ကြီး၊ ငရုတ်နှင့် ပြောင်း စသည့် အပင်များကို ပြောင်းလဲစိုက်ပျိုးလာကြရကြောင်း သတင်းတွင် ဖော်ပြသည်။ **ပီတီအိုင်။**

# အီဂျစ်နိုင်ငံ အလက်ဇန်ဒရီးယားမြို့တွင် မိုးသက်လေပြင်းတိုက်ခတ်၊ လူ ခုနစ်ဦးသေဆုံး

**ကိုင်ရို အောက်တိုဘာ ၂၅**

အီဂျစ်နိုင်ငံ၏ ဆိပ်ကမ်းမြို့ အလက်ဇန် ရိုင်ရာတွင် မိုးသက်လေပြင်းတိုက်ခတ်မှုကြောင့် လူခုနစ်ဦးသေဆုံးခဲ့ကြောင်း နိုင်ငံပိုင်မီဒီယာက သတင်းထုတ်ပြန်ခဲ့သည်။

သေဆုံးသူခုနစ်ဦးအနက် ခြောက်ဦးမှာ မိုဟာရမ်ဘတ်ခ် ခရိုင်နယ်မြေရှိ ဓာတ်ရထားအနီး ၎င်းတို့အပေါ် လျှပ်စစ်ဓာတ်ကြိုးပြတ်ကျခဲ့ခြင်းကြောင့် သေဆုံးခဲ့ခြင်းဖြစ်သည်ဟု အစိုးရပိုင် အာဟာရမ်အွန်လိုင်းဝက်ဘ်ဆိုက်က ဖော်ပြထားသည်။ ကျန်တစ်ဦးမှာ ဆီဒီဘီရှာခရိုင်တွင် မိုးကြီးလေထန်မှုများဖြစ်ပွားခဲ့ပြီး ၎င်းပေါ်သို့ ဓာတ်တိုင်လဲကျကာ သေဆုံးခဲ့ခြင်းဖြစ်သည်ဟု ယင်းဝက်ဘ်ဆိုက်တွင် ဖော်ပြထားသည်။

အောက်တိုဘာ ၂၅ ရက် နံနက်ပိုင်းမှစပြီး ဆိုင်းနိုင်းကျွန်းဆွယ်အပါအဝင် ကမ်းရိုးတန်းမြို့များဖြစ်သော အလက်ဇန်ရိုင်ရာနှင့် ဘီဟိုင်းရာမြို့တို့တွင် မိုးသက်လေပြင်းများကျရောက်ခဲ့သည်။ အီဂျစ်နိုင်ငံမြို့တော် ကိုင်ရိုနှင့် အခြားမြို့များတွင် အပူချိန်ရုတ်တရက်ကျဆင်းပြီး မိုးရွာသွန်းမှုများနှင့် လေပြင်းတိုက်ခတ်မှုများရှိလာခဲ့သည်။

နိုင်ငံတစ်ဝန်း မိုးသက်လေပြင်းတိုက်ခတ်မှုသည် အောက်တိုဘာ ၂၇ ရက်ထိတိုင် ဖြစ်ပေါ်နိုင်ဖွယ်ရှိသည်ဟု အီဂျစ်မိုးလေဝသနှင့် ဇလဗေဒကျွမ်းကျင်သူများက ခန့်မှန်းထားသည်။ **ဆင်ဟွာ။**





# အင်ဒိုနီးရှားနိုင်ငံ ဆူလာဝါစီကျွန်းရှိ ကာရာအိုကေဆိုင်တွင် မီးလောင်ကျွမ်းမှုဖြစ်ပွား၊ လူ ၁၇ ဦးသေဆုံး

**ဂျကာတာ အောက်တိုဘာ ၂၅**

အင်ဒိုနီးရှားနိုင်ငံ ဆူလာဝါစီကျွန်းရှိ လူစည်ကားသော ကာရာအိုကေဆိုင်တစ်ခုတွင် မီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့ရာ လူ၁၇ ဦးသေဆုံးခဲ့ပြီး အနည်းဆုံး ၇၁ ဦးထိခိုက်ဒဏ်ရာရရှိခဲ့သည်။

ဒေသစံတော်ချိန် နံနက် ၁ နာရီခန့်က သုံးထပ်အဆောက်အအုံတစ်ခုဖြစ်သည့် အဆိုပါဆိုင်၏ ဒုတိယထပ်မှ မီးစတင်လောင်ကျွမ်းခဲ့ခြင်းဖြစ်ကြောင်း မျက်မြင်တွေ့ရှိသူများက အာဏာပိုင်များကို ပြောသည်။

မီးလောင်မှုဖြစ်ပွားခဲ့သည့်အချိန်တွင် အင်နူးဗိစ်တာ ကာရာအိုကေကလပ်တွင် သီချင်းဆိုနေသည့်ဧည့်သည်ရာပေါင်းများစွာရှိနေခဲ့သည်။ မီးစတင်လောင်ကျွမ်းစဉ်တွင် ဆိုင်ရှိအလုပ်သမားများက မီးသတ်ဆေးဘူးများဖြင့် မီးငြိမ်းသတ်ကြသော်လည်း မီးငြိမ်းမှုမရှိခဲ့ပေ။ မီးစတင်လောင်ကျွမ်းပြီး တစ်နာရီအကြာတွင် မီးသတ်သမားများ ရောက်ရှိလာခဲ့ပြီး မီးကိုငြိမ်းသတ်နိုင်ခဲ့သည်။

မီးစတင်လောင်ကျွမ်းမှုကို စုံစမ်းစစ်ဆေးနေကြောင်း ရဲမှူးကြီး မစ္စတာ ပါနာမာက ဆိုသည်။ သို့သော် ဝါယာကြိုးပေါက်ပြီး မီးစတင်လောင်ကျွမ်းခဲ့သည်ဟု အချို့က ထင်ကြေးပေးကြသည်။

မီးလောင်ကျွမ်းစဉ်တွင် မီးခိုးလုံးများဆိုင်အတွင်း ပြည့်နှက်နေပြီး ဆိုင်တွင် ဝင်ပေါက်တစ်ခုသာရှိသောကြောင့် ဆိုင်အတွင်းရှိ အချို့လူများက အလွန်အမင်း ထိတ်လန့်ကာ ပြတင်းတံခါးပေါက်များမှ လမ်းမပေါ်သို့ ခုန်ချခဲ့ကြသည်။

သေဆုံးခဲ့သော ၁၇ ဦးမှာ အင်ဒိုနီးရှားနိုင်ငံသားများဖြစ်ကြပြီး အများစုမှာ မီးခိုးငွေ့များမွန်းကျပ်ပြီး သေဆုံးခဲ့ကြခြင်းဖြစ်သည်။

**ဆင်ဟွာ။**

ပြည်တွင်းရေးရာ

# ညောင်ဦးမြို့တွင် ပြည်တွင်း၊ ပြည်ပ ဘုရားဖူးဧည့်သည်များ လာရောက်ချိန် (ဗူးဘုရား အနီး) စက်လှေများ အလုပ်တွင်ကျယ်လာ

**ညောင်ဦး အောက်တိုဘာ ၂၅**

ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များစွာ ပေါကြွယ်ဝသည့် ပုဂံ၊ ညောင်ဦးမြို့သို့ ခရီးသွားရာသီအချိန်များတွင် ပြည်တွင်း၊ပြည်ပဘုရားဖူးဧည့်သည်များ နှစ်စဉ်ဝင်ရောက်လည်ပတ်လျက်ရှိပြီး ထိုသို့လည်ပတ်ရာတွင် ပြည်တွင်းဘုရားဖူးဧည့်သည်များသည် ပုဂံ၊ညောင်ဦးမြို့ရှိအထင်ကရ သမိုင်းဝင်တန်ခိုးကြီးဘုရားများဖြစ်သော စွယ်တော်လေးဆူအား အဓိဋ္ဌာန်ဖြင့် ဖူးမြော်ကြည်ညိုကြလေ့ရှိရာ ယခုလို ပြည်တွင်း၊ ပြည်ပဘုရားဖူးဧည့်သည်များ လာရောက်ချိန်တွင် (ဗူးဘုရားအနီး) စက်လှေဆိပ်ရှိ လုပ်ငန်းရှင်များ တန့်ကြည့်တောင်ဘုရားသို့ သွားရောက်ဖူးမြော်မည့် ပြည်တွင်းဘုရားဖူးဧည့်သည်များနှင့် ပြည်ပ(အလည်အပတ်)ခရီးသွားဧည့်သည်များကို စက်လှေများဖြင့် နေ့စဉ်ပြေးဆွဲပေးနေရခြင်းကြောင့် လုပ်ငန်းများအဆင်ပြေနေကြောင်း ဗူးဘုရားအနီးရှိ စက်လှေလုပ်ငန်းရှင်များထံမှ သိရသည်။

ထိုသို့ ပြည်တွင်းမှ ဘုရားဖူးဧည့်သည်များ အဓိဋ္ဌာန်ဖြင့် ဖူးမြော်သည့် စွယ်တော်လေးဆူအနက် တစ်ဆူအပါအဝင် ဖြစ်သည့် တန့်ကြည့်တောင်စွယ်တော်မြတ်စေတီတော်သို့ သွားရောက်ပါက ညောင်ဦး(ပုဂံမြို့) ဗူးဘုရားအနီးရှိ စက်လှေဆိပ်မှ သွားရောက်ရပြီး စက်လှေလုပ်ငန်းရှင်များက (အသွား၊ အပြန်) စက်လှေငှားရမ်းခငွေကျပ် ၁၅၀၀၀၊၂၀၀၀၀ ခန့်ဖြင့် ပို့ဆောင်ပေးလျက်ရှိကြောင်း၊ ထို့အပြင် စက်လှေလုပ်ငန်းရှင်များသည် ညနေဆည်းဆာအချိန်များတွင် ပုဂံ၊ညောင်ဦးမြို့၏ နေဝင်ချိန်ဆည်းဆာ(Sunsets)ကြည့်ရှုခင်းအလှများကို ခံစားလိုသည့် ပြည်ပခရီးသွားများကိုလည်း ပို့ဆောင်ပေးနေရခြင်းကြောင့် ခရီးသွားရာသီဖြစ်သည့် ယခုလိုအချိန်များတွင် နေ့စဉ်ဝင်ငွေရရှိနေသဖြင့် စီးပွားရေးအဆင်ပြေနေကြကြောင်း (ဗူးဘုရား)အနီး စက်လှေဆိပ်မှ လုပ်ငန်းရှင်တစ်ဦး၏ပြောပြချက်အရ သိရသည်။



"ကျွန်တော်တို့ စက်လှေလုပ်ငန်းရှင်တွေလည်း ခရီးသွားရာသီအချိန်တွေမှာ ပုဂံ၊ ညောင်ဦးကို အခုလို မျိုးလာရောက်တဲ့ ပြည်တွင်း၊ ပြည်ပ ဘုရားဖူးဧည့်သည်တွေကိုပဲ မျှော်နေရတာပါ။ တခြားအချိန်တွေမှာဆိုရင် စက်လှေလုပ်ငန်းက အလုပ်သိပ်မဖြစ်ပါဘူး။ ဒါကြောင့် ခရီးသွားရာသီချိန်မှာ ပြည်တွင်း၊ ပြည်ပ ဘုရားဖူးဧည့်သည်တွေ များများလာလေ ကျွန်တော်တို့အတွက် အဆင်ပြေတာပါပဲ"ဟု ဗူးဘုရားအနီး စက်လှေဆိပ်မှ စက်လှေမောင်းပို့သူတစ်ဦးက ပြောပြသည်။

**ရဲဝင်းနိုင်(IPRD)**



**ရန်ကုန်မြို့၏ ဝါလကင်းလွတ် သီတင်းကျွတ်ပွဲတော်များတွင် ရာစုနှစ်ဝက်ကျော်တိုင် အထင်ကရ စည်ကားသိုက်မြိုက်စွာ ကျင်းပလေ့ရှိသည့် ပုဇွန်တောင် ရေကျော် သီတင်းကျွတ်ပွဲတော်ကို အောက်တိုဘာ ၂၅ ရက် ညပိုင်းက စတင်ကျင်းပစဉ်။**

(ခင်မောင်ထွေး)

# မိတ္ထီလာနယ်တွင် စပျစ်သီးများ နည်းပညာ၊ ဆေးအကူအညီဖြင့် တစ်နှစ်ပတ်လုံး စိုက်ပျိုးရောင်းချလျက်ရှိ

**မိတ္ထီလာ အောက်တိုဘာ ၂၅**

တိုးတက်ပြောင်းလဲလာသော ခေတ်နှင့်အညီ စိုက်ပျိုးထုတ်လုပ်လျက်ရှိသော တောင်သူများ၏ အမြင်ကျယ်လာမှုတို့ကြောင့် သီးနှံများကို တစ်သီးစားစနစ်မှ နှစ်သီး၊ သုံးသီးစား စနစ်သို့ တိုးမြှင့်ထုတ်လုပ်လျက်ရှိရာ မိတ္ထီလာနယ်ထွက် နာမည်ကြီး စပျစ်သီးများကိုလည်း နည်းပညာနှင့် ဆေးအကူအညီများကြောင့် သုံးသီးအထိ တိုးမြှင့်စိုက်ပျိုးထုတ်လုပ်နိုင်သဖြင့် တစ်နှစ်ပတ်လုံး စိုက်ပျိုးရောင်းချလျက်ရှိကြောင်း စပျစ်သီး လက်လီအရောင်းဆိုင်များထံမှ သိရသည်။

မိတ္ထီလာနယ်တွင် စပျစ်သီးကို ကျေးရွာအများအပြားတွင် စိုက်ပျိုးကြပြီး ပြည်သာယာ၊ မကျီးဉ၊ ရွှေလံ၊ ညောင်အိုင်၊ မြို့သစ်နှင့် တောမတို့ရှိ တောင်သူများက အဓိက စိုက်ပျိုးကြသည်။ မိတ္ထီလာနယ်မှ စပျစ်သီး ငါးမျိုးခန့်ထွက်ရှိပြီး မြစိမ်းရောင်အသီးမှာ နာမည်ကြီးပြီး အစိမ်းသီး၊ အဝိုင်းသီးနှင့် အချွန်သီးတို့ ထွက်ရှိကာ ထိုင်ဝမ်သီးကိုလည်း စမ်းသပ်စိုက်ပျိုးသူများလည်း ရှိလာကြောင်း သိရသည်။

တောင်သူများသည် စပျစ်သီးကို ယခင်က တစ်နှစ်ပတ်လုံးမှ တစ်သီးသာ စိုက်ပျိုးကြပြီး ယခုနောက်ပိုင်းတွင် ဆေးအကူအညီနှင့် နည်းပညာပေါင်းစပ်ကာ တစ်သီးပြီးပါက အပင်အသစ်အမြန်ထွက်စေရန်အတွက် ခုတ်ပြီး ပြန်လည်မွေးမြူကာ စိုက်ပျိုးသောကြောင့် သုံးသီးအထိ တိုးချဲ့စိုက်ပျိုးနိုင်၍ တစ်နှစ်ပတ်လုံး စပျစ်သီးများရောင်းချလျက်ရှိကြောင်း သိရသည်။

"အခု တောင်သူတွေအမြင်ကျယ်လာတဲ့အတွက် တစ်နှစ်ပတ်လုံး ပေါ်နေပြီ။ အခုချိန်အသီးက ရာသီအသီး မဟုတ်တော့ အချဉ်ဓာတ်ပါတယ်။ တော်ရုံ မိတ္ထီလာမြို့ခံတွေက သိပ်မဝယ်ဖြစ်ဘူး။ ခရီးသွားတွေကို အားကိုးရောင်းရတာ။ စပျစ်သီးကလည်း တောင်သူတွေ ရှုံးတဲ့နှစ်တွေရှိတယ်။ အသီးရာသီနဲ့ အသီးရှားတဲ့အချိန် အစောပေါ်တဲ့သူတွေကတော့ မြတ်တယ်။ တစ်ဧကကို သိန်း ၇၀ လောက်အထိ ရတဲ့သူတွေရှိတယ်"ဟု မိတ္ထီလာမြို့အထွက်တွင် စပျစ်သီးရောင်းချနေသူ အမျိုးသမီးတစ်ဦးက ပြောသည်။

စပျစ်သီး စိုက်ပျိုးသူတောင်သူများအနေဖြင့် စတင်စိုက်ပျိုးပါက တစ်ဧကကို သိန်း ၅၀ ဝန်းကျင်အထိ ကုန်ကျပြီး နောက်နှစ်များတွင် ဆေးဖိုးနှင့် အလုပ်သမားခများသာ ကုန်ကျကာ အကုန်အကျနည်းလာသည်။ စပျစ်သီးချိန်ဖြစ်သည့် တပေါင်း၊ တန်ခူးတွင်ပေါ်သည့် အသီးသည် အရသာနှင့် ပြည့်စုံစေပြီး စပျစ်ပင်သည် မိုးလိုအပ်သည် ထက်များပါက သေဆုံးတတ်ပြီး အသီးလည်း အချဉ်ဓာတ်ဝင်ကြောင်း သိရသည်။

**ထွန်းထွန်းနိုင်(ကျောက်ဆည်)**



# မြန်မာကာတွန်းနှစ်တစ်ရာပြည့် အထိမ်းအမှတ် ကာတွန်းပြိုင်ပွဲ ပြိုင်ပွဲဝင်များဖိတ်ခေါ်

**ရန်ကုန် အောက်တိုဘာ ၂၅**

နိုဝင်ဘာ ၂၄ ရက်မှ ၂၇ ရက်အထိ ရန်ကုန်တိုင်းဒေသကြီး လမ်းမတော်မြို့နယ် (၁၃)လမ်း(အောက်လမ်း) ကာတွန်း ဦးဘဂျမ်းလမ်းတွင် (၇၂)ကြိမ်မြောက် ကာတွန်းပြပွဲနှင့် တန်ဆောင်တိုင် ဆွမ်းဆန်စိမ်းလောင်းလှူပွဲတွင် ကာတွန်းပြိုင်ပွဲကို ထည့်သွင်းကျင်းပမည်ဖြစ်သည်။

ပြိုင်ပွဲတွင် ရွေးချယ်ခံရပါက ပထမဆုကျပ်သုံးသိန်း၊ ဒုတိယကျပ်နှစ်သိန်း၊ တတိယဆု ကျပ်တစ်သိန်း ချီးမြှင့်မည်ဖြစ်သည်။

ကာတွန်းပြိုင်ပွဲအတွက် အသက် (၁၅)နှစ်အထက် မည်သူမဆို ပေးပို့ယှဉ်ပြိုင်နိုင်သည်။ ရေးဆွဲရမည့်စက္ကူအရွယ်အစားမှာ (၁၀"×၁၅")ဖြစ်ပြီး ကြိုက်သည့် Median (ရေဆေး၊ ဆီဆေး)စသည်ဖြင့် ရေးဆွဲနိုင်သည်။

ပြိုင်ပွဲဝင်ကာတွန်းများကို နိုဝင်ဘာ ၁၈ ရက် (ဗုဒ္ဓဟူးနေ့)နောက်ဆုံးထား၍ ဦးသန်းဝင်း အမှတ် (၂၂) ပထမထပ် (၁၃)လမ်း (အောက်လမ်း) အမှတ် (၆)ရပ်ကွက် လမ်းမတော်မြို့နယ် ရန်ကုန်တိုင်းဒေသကြီးသို့ ပေးပို့ရမည်ဖြစ်ကြောင်းနှင့် ရွေးချယ်ခံရသူများကို ကြော်ငြာ၍ ဆုချီးမြှင့်ပွဲကျင်းပမည်ဖြစ်ကြောင်းနှင့် မြန်မာကာတွန်းသမိုင်း နှစ်တစ်ရာပြည့်ကို အထူးဂုဏ်ပြု၍ ကာတွန်းမီးထွန်းပွဲတွင် ကြိုက်နှစ်သက်သည့် အထူးဆု ငါးပုံကိုလည်း တစ်သိန်းစီ ဆုချီးမြှင့်မည်ဖြစ်ကြောင်း သိရသည်။

**(ကြေးမုံ)**

# ၂၀၁၅ – ၂၀၁၆ ခုနှစ်အယ်လ်နီညိုရဲ့ ကျယ်လောင်လာတဲ့စိန်ခေါ်သံ

မောင်ထွန်းလွင်(မိုးလေ၀သ)


**ဂေါ်ဇီလာအယ်လ်နီညို**


ရာစုနှစ်ရဲ့ အပြင်းထန်ဆုံးသောအယ်လ်နီညိုဖြစ်စဉ်ဟာ ပစိဖိတ်သမုဒ္ဒရာအတွင်းတွင် အရှိန်ယူအစပျိုးနေပြီဖြစ်ပါတယ်။ သေဆုံးသူပေါင်း ၂၁၀၀ ကျော်နဲ့ အထွေထွေ အရပ်ရပ်ပျက်စီးမှုတန်ဖိုး အမေရိကန်ဒေါ်လာ(၃၃)ဘီလီယံကျော်တဲ့အထိ ထိခိုက်ပျက်စီးသေဆုံးမှုမြင့်မားခဲ့သော ၁၉၉၇-၉၈ အယ်လ်နီညိုဖြစ်ပွားခဲ့ပြီးနောက် ယခု ၂၀၁၅ ခုနှစ်တွင် ဖြစ်ပေါ်လာမည့် ဂေါ်ဇီလာအယ်လ်နီညို (Godzilla El Nino) ကို လူအများက စိုးရိမ်ပူပန်လျက်ရှိနေကြပါတယ်။

**ရေသတ္တ၀ါများနဲ့အပင်များအပေါ် ထိခိုက်မှုတွေ**

အယ်လ်နီညိုဖြစ်စဉ်များဟာ အမေရိကကမ်းရိုးတန်းတစ်လျှောက်ရှိ ရေအေးစီးကြောင်းများကို ရေအောက် အတော်နက်တဲ့အထိ နိမ့်ဆင်းကျသွားစေပါတယ်။ တကယ်တော့ ရေအေးစီးကြောင်းထဲမှာ အာဟာရဓာတ်ပစ္စည်းများဖြစ်ကြတဲ့ plankton နဲ့ ငါးမျိုးစိတ်များအတွက် အထောက်အကူပစ္စည်းများဖြစ်ကြပါတယ်။ များစွာပါ၀င်နေပါတယ်။ ဒါတွေဟာ သစ်တောတွေ၊ နို့တိုက်ငါးသတ္တ၀ါတွေ(ဥပမာ- ရိုးရိုးဖျံနဲ့ ပင်လယ်ဖျံကြီးများ)အတွက် အထောက်အကူပစ္စည်းများဖြစ်ကြပါတယ်။ ပစိဖိတ်သမုဒ္ဒရာအတွင်း အရှေ့မြောက်နဲ့ အရှေ့တောင်ကုန်သည်လေများ အားလျော့ကျလာသည်နှင့် သမုဒ္ဒရာအတွင်း ရေနွေးရေပြင်များ ကျယ်ပြန့်လာလျက်ရှိနေပါတယ်။ ကယ်လီဖိုးနီးယားကမ်းခြေတစ်လျှောက်တွင် ငါးတွေဟာ ရေအေးကို ရှာဖွေတဲ့အနေနဲ့ မိမိတို့ကျက်စားရာ မူလရေပြင်များမှ အပြင်ဘက်ကို ပြောင်းရွှေ့သွားကြပြီဖြစ်ပါတယ်။ အကျိုးဆက်အနေနဲ့ ငါးသတ္တ၀ါများကို စားသောက်လေ့ရှိကြတဲ့ ပင်လယ်ဖျံကြီးများဟာ အစာအာဟာရအတွက် မိမိတို့သားပေါက်ငယ်များကို ထားရစ်ကာ အစာရှာထွက်ကုန်ကြသဖြင့် ပင်လယ်ဖျံသားပေါက်လေးများဟာ အစာရေစာပြတ်လပ်မှုနဲ့ ကြုံတွေ့နေကြရပါတယ်။ ပြီးခဲ့တဲ့ ဩဂုတ်လအတွင်းကပင် Sausalito မြို့တွင် အခြေစိုက်တဲ့ The Marine Mammal Centre က ပင်လယ်ဖျံသားပေါက် ၁၂၀၀ ကို ကယ်ဆယ်ပေးခဲ့ရပါတယ်။

ကယ်လီဖိုးနီးယားမိုးခေါင်မှုအတွက် မိုးရနိုင်ပါတယ်။ သို့သော် ပိုမိုပူနွေးတဲ့ ပင်လယ်ရေများကြောင့် အမေရိကန်ပြည်ထောင်စု ကယ်လီဖိုးနီးယားကမ်းခြေတစ်လျှောက်တွင် မုန်တိုင်းများပိုမိုဖြစ်လာနိုင်သဖြင့် မိုးခေါင်မှုဒဏ်ခံစားနေရသော ကယ်လီဖိုးနီးယားပြည်နယ်အတွက် မုန်တိုင်းမိုးများရရှိနိုင်မည်ဖြစ်သဖြင့် ၀မ်းသာဖွယ်ရာဖြစ်သော်လည်း အယ်လ်နီညိုနှစ်တွင်ဖြစ်သော မုန်တိုင်းများမှာ အားအလွန်ပြင်းထန်တတ်သဖြင့် မုန်တိုင်းဒဏ်ခံကြရမည့်အရေးကလည်း ရတက်မအေးစရာဖြစ်နေပါတယ်။ မျိုးသုဉ်းတော့မယ့် အန္တရာယ်နဲ့ကြုံတွေ့နေရတဲ့ ရေသတ္တ၀ါတွေ ၁၉၈၂-၈၃ အယ်လ်နီညိုဖြစ်စဉ်ဖြစ်ခဲ့စဉ်က Galapagos ကျွန်းတွင် ပင်လယ်ရေများ မြင့်တက်လာမှုကြောင့် အစိမ်းရောင်နဲ့အနီရောင်ရှိကြတဲ့ ပင်လယ်ရေမှော်တွေဟာ ပင်လယ်ရေတိုက်စားမှုကြောင့် လွင့်မျောပျက်စီးသွားခဲ့တယ်။ ဒီရေမှော်တွေဟာ ပင်လယ်ဖွတ်ကြီးများရဲ့ အာဟာရဖြစ်တဲ့အတွက် ပင်လယ်ဖွတ်ကြီးများဟာလည်း အစာအာဟာရပြတ်လပ်ကာ သေဆုံးကုန်ကြလို့ ပင်လယ်ဖွတ်ကြီးများ အရေအတွက်ဟာ များစွာလျော့ကျသွားခဲ့ရပါတယ်။ အယ်လ်နီညိုဖြစ်စဉ်တစ်ခုဟာ ပျက်စီးဆုံးရှုံးမှုခံရလွယ်သော မျိုးစိတ်မျိုးကွဲများကို လုံး၀ကွယ်ပျောက်သွားတဲ့အထိ ထိခိုက်စေနိုင်ပါတယ်။




**အယ်လ်နီညိုဖြစ်စဉ်နဲ့ရာသီဥတုပြောင်းလဲခြင်း**

ရာသီဥတုပြောင်းလဲမှုဟာ အယ်လ်နီညိုဖြစ်စဉ်များကို ပို၍အကြိမ်များစွာဖြစ်စေရုံမက အင်အားလည်း ပို၍ပြင်းထန်လာစေတတ်သဖြင့် ဂေဟစနစ်များ၊ အပင်များ၊ သတ္တ၀ါများအနေဖြင့် ပြန်လည်ပျိုးထောင်ရန် အချိန်လုံလုံလောက်လောက် မရနိုင်ခြင်းဟာ ပြဿနာတစ်ရပ်ဖြစ်နေစေပါတယ်။ လေ့လာမှုများအရ အယ်လ်နီညိုဖြစ်စဉ်များဟာ ပို၍ပို၍ ပြင်းထန်လာနေသဖြင့် ရာသီဥတုပြောင်းလဲမှုကို ထိန်းချုပ်ရေးလုပ်ငန်းများ အထူးသဖြင့် ဓာတ်ငွေ့ထုတ်လွှတ်မှုလျှော့ချရေးလုပ်ငန်းများကို အပူတပြင်းဆောင်ရွက်ရန် အထူးလိုအပ်နေပြီဖြစ်ပါတယ်။

**အယ်လ်နီညိုဟာ ရာသီဥတုပြောင်းလဲမှုရဲ့ဖြစ်စဉ်တစ်ခုလား**

အရေးကြီးသောအချက်တစ်ခုမှာ အယ်လ်နီညိုဟာ ရာသီဥတုပြောင်းလဲမှုကြောင့်ဖြစ်ပေါ်လာသော ဖြစ်စဉ်တစ်ရပ်မဟုတ်ပါ။အယ်လ်နီညိုဟာ သဘာ၀အတွင်း ၇ နှစ်မှ ၁၀ နှစ်အတွင်း ဖြစ်ပေါ်လေ့ရှိတဲ့ သဘာ၀ပတ်လည်ဖြစ်စဉ်တစ်ရပ်သာဖြစ်ပါတယ်။ အမှန်အတိုင်းပြောရလျှင် အယ်လ်နီညိုဖြစ်စဉ်ကို လူသားများက ၁၅ ရာစုနှစ်ကတည်းကတွေ့ရှိမှတ်သားထားခဲ့တာဖြစ်ပြီး ရာသီဥတုပြောင်းလဲခြင်းကတော့ ၁၉၈၀ ခုနှစ်ခန့်ကမှ စတင်ဖြစ်ပေါ်လာတာဖြစ်ပါတယ်။ တကယ်တော့ အယ်လ်နီညိုဟာ ကမ္ဘာ့ဂေဟစနစ်ကို မပျက်စီးစေတဲ့အပြင် အားပေးမှုပင်ပြုနေတယ်လို့ ဆိုနိုင်ပါတယ်။ ဒါပေမယ့် အခက်အခဲတစ်ခုကတော့ ကမ္ဘာ့ရာသီဥတုပြောင်းလဲမှုကြောင့် အယ်လ်နီညို ဖြစ်စဉ်များဟာ နှစ်နှစ်မှ သုံးနှစ်တစ်ခါဆိုသလို အဖြစ်များလာတဲ့အပြင် ပိုပြီးလည်း ပြင်းထန်လာကြခြင်းပဲဖြစ်ပါတယ်။

၁၉၉၇-၉၈ အယ်လ်နီညိုကြောင့် ထိခိုက်ပျက်စီးမှုတွေ လက်ရှိအချိန်ကာလအထိ ၁၉၉၇-၉၈ ခုနှစ်က ဖြစ်ပေါ်ခဲ့သော အယ်လ်နီညိုဟာ အားအကောင်းဆုံး ဖြစ်ပါတယ်။ အဲဒီတုန်းက အယ်လ်နီညိုရဲ့ ထိခိုက်မှုကြောင့် အထွေထွေအရပ်ရပ် ပျက်စီးဆုံးရှုံးမှုတန်ဖိုးအမေရိကန်ဒေါ်လာ(၃၄)ဘီလီယံ၊ သေဆုံးသူပေါင်း(၂၄၀၀၀)၊ ဒဏ်ရာရရှိသူပေါင်း (၅၃၃၀၀၀)၊ ရွှေ့ပြောင်းသူပေါင်း (၆)သန်း၊ ထိခိုက်သူပေါင်း(၁၁၁)သန်း၊ ထိခိုက်သော မြေဧကပေါင်း (၅၆)သန်းဖြစ်ပါတယ်။

**မြန်မာနိုင်ငံနှင့် အယ်လ်နီညို**

မြန်မာနိုင်ငံအနေဖြင့် ၁၉၉၇-၉၈ ခုနှစ်အယ်လ်နီညိုကြောင့် မြို့ကြီး(၁၈) မြို့တို့တွင် အပူချိန်အမြင့်ဆုံးစံချိန်သစ်များ တင်ခဲ့ပါတယ်။ မြို့ကြီး(၁၅)မြို့တို့တွင် မိုးရေချိန်အနည်းဆုံးစံချိန်သစ်များတင်ခဲ့ပါတယ်။ ဒ့ါအပြင် စခန်းပေါင်းမြောက်မြားစွာတို့တွင် ဒုတိယမြင့်ဆုံးအပူချိန်စံချိန်သစ်များနဲ့ ဒုတိယအနည်းဆုံးမိုးရေချိန် စံချိန်သစ်များတင်ခဲ့ကြပါတယ်။ ငွေကျပ်ဘီလီယံပေါင်းများစွာ ထိခိုက်ဆုံးရှုံးခဲ့ရပါတယ်။



**အယ်လ်နီညိုနဲ့ မုတ်သုံရာသီ**

မုတ်သုံရာသီဥတုမှာလည်း ထိခိုက်ခဲ့ရပါတယ်။ ၁၉၉၇-၉၈ အယ်လ်နီညိုရာသီကာလဟာ ၁၂ လခန့်ကြာမြင့်ခဲ့ပြီး ၁၉၉၇ ခုနှစ် ဇွန်လမှ ၁၉၉၈ ခုနှစ် မေလအထိ ကြာမြင့်ခဲ့ပါတယ်။

**မုတ်သုံရာသီဥတုအနေနဲ့**

(၁) ၁၉၉၇ နဲ့ ၁၉၉၈ (၂)နှစ်လုံး အပူချိန်တွေဟာ ဖြစ်မြဲထက်ပိုခဲ့တယ်။
(၂) ၁၉၉၇ နဲ့ ၁၉၉၈ (၂)နှစ်လုံး မိုးရေချိန်တွေဟာ ရှာသွန်းမြဲအောက်လျော့ခဲ့တယ်။
(၃) ၁၉၉၇ နဲ့ ၁၉၉၈ (၂)နှစ်လုံး မိုးခေါင်မှုဒဏ်ခံခဲ့ရတယ်။
(၄) ၁၉၉၇ ခုနှစ်တွင် မုန်တိုင်းဖြစ်ပေါ်မှုသိသိသာသာလျော့နည်းခဲ့တယ်။
(၅) ၁၉၉၇ နဲ့ ၁၉၉၈ (၂)နှစ်လုံး မုတ်သုံအ၀င်နောက်ကျခဲ့ပါတယ်။
(၆) ၁၉၉၇ နဲ့ ၁၉၉၈ (၂)နှစ်လုံး မုတ်သုံအထွက်စောခဲ့ပါတယ်။
(၇) ၁၉၉၇ နဲ့ ၁၉၉၈ (၂)နှစ်လုံး မိုးရာသီတိုတောင်းခဲ့ပါတယ်။ အယ်လ်နီညိုဟာ မြန်မာနိုင်ငံအတွက် အလွန်အရေးကြီးတယ်။

မြန်မာနိုင်ငံဟာ ဒီနှစ်မှာ ဆိုးရွားတဲ့ ရေကြီးမှုဒဏ်ကို ခံထားရတယ်။ ရေကြီးတဲ့နေရာမှာလည်း အစဉ်အလာမဟုတ်တဲ့ နောက်ကျိရေတွေ၊ ရွှံ့ညွန်နဲ့ အမှိုက်တွေ ရောနှောပါနေတဲ့ မသန့်တဲ့ရေတွေ ဖုံးလွှမ်းခံခဲ့ရတယ်။ ဒ့ါအပြင် ရေပြန်ကျသွားတော့လည်း နုန်းတွေ၊ သဲတွေ၊ အမှိုက်တွေဟာ လူခါးတစောင်းကနေ တစ်ရပ်ခန့်အထိ တင်ကျန်ရစ်ခဲ့တယ်။ ဒီတော့ သုံးရေ၊ သောက်ရေ ရေသယံဇာတတွေ ပျက်စီးခဲ့ရတယ်။ စိုက်ပျိုးပင်တွေ ပျက်စီးခံရလို့ အချိန်မီပြန်စိုက်ဖို့ ကြိုးပမ်းနေကြရတယ်။ ဒီတော့ ရေလိုအပ်မှု (Demand)ဟာ အမြင့်ဆုံး ဖြစ်နေတယ်။ ဒါပေမယ့် မြန်မာနိုင်ငံမှာ နှစ်စဉ်ရေရှားပါးမှုကြုံတွေ့နေရတာ ဆယ်စုနှစ်တမျှကြာခဲ့ပြီ။ လက်ရှိ ၂၀၁၅ ခုနှစ်မှာ မုတ်သုံကလည်းဆုတ်ခွာခဲ့ပြီ။ နို၀င်ဘာလကုန်အထိကြာမယ့် မိုးလွန်ကာလမှာလည်း မိုးရနိုင်မှုဟာ ရှာသွန်းမြဲအောက်လျော့မယ်လို့ခန့်မှန်းထားခဲ့ပြီးပြီ။ ဒီဇင်ဘာလ(၁) ရက်မှ ဖေဖော်၀ါရီလကုန်အထိကြာမယ့် အေးပြီးခြောက်သွေ့ကာလ၊ မတ်လ(၁)ရက်မှ ဧပြီလကုန်အထိကြာမယ့် ပူပြီးခြောက်သွေ့ကာလတွေကြောင့် ခြောက်သွေ့ကာလဟာ (၅)လခန့် ကြာဦးမှာဖြစ်ပါတယ်။

ရာသီဥတုပြောင်းလဲမှုကြောင့် မိုးနည်းနေပြီး အပူချိန်မြင့်တက်မှုကြုံတွေ့နေရတဲ့ လက်ရှိကမ္ဘာဟာ အယ်လ်နီညိုဖြစ်စဉ်ကြောင့် ပို၍ပူပြီးခြောက်သွေ့တဲ့ ရာသီဥတုကို ကြုံတွေ့ကြရဦးမယ်ဆိုရင်ဖြင့် မိုးနည်းမှုဒုက္ခ၊ ရေရှားပါးမှု ဒုက္ခ၊ အပူချိန်မြင့်တက်မှု ဒုက္ခတွေဟာ ၂၀၁၅ လက်ရှိအချိန်မှစတင်ပြီး ၂၀၁၆ မိုးဦးရာသီအထိ ရင်ဆိုင်ကြုံတွေ့ကြရမယ့် အယ်လ်နီညိုစိန်ခေါ်သံများဖြစ်နေပါတယ်ဆိုတာကို ကြိုတင်အသိပေးလိုက်ရကြောင်းပါ။ ။

## ပြည်တွင်းရေးရာ

**❍ ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲမှ**

လှစ်လှစ်လေး (အောင်မြန်မာ) ပွဲစဉ်တွင် နှစ်ဦးလုံး အလဲအကွဲမရှိခြေလက်၊ ဒူး၊ တံတောင်ဘက်စုံသုံး၍ သတ်လုံးသတ်ပေါက် စုံစုံလင်လင်ဖြင့် ယှဉ်ပြိုင်ထိုးသတ်ပြီး နောက်ဆုံးအချီထိ ယှဉ်ပြိုင်သော်လည်း ပူးတွဲသရေဖြစ်ခဲ့သည်။

မိုက်ရိုင်း(ရွှေဖူး)နှင့် စောသဲဦး (STL) တို့ပွဲစဉ် ပထမအချီမှာပင် မိုက်ရိုင်း၏ ညာခြေကန်ချက်နှင့် ဘယ်ဝိုက်လက်သီးကြောင့် စောသဲဦး အနားတောင်းပြီး ပြန်ထပြန်ထိုး ပြန်လဲကျနေသဖြင့် ပထမအချီမှာပင် အမှတ်စဉ်ရေတွက်ခံရပြီး ပြန်မထနိုင်သဖြင့် မိုက်ရိုင်းအနိုင်ရခဲ့သည်။ ဝမ်းစတား(ရွှေဖူး)နှင့် စောဝီလျှံ (နဂါးနီ) တို့ပွဲတွင် ပထမအချီနှင့် ဒုတိယအချီမှာပင် ဝမ်းစတား၏ ခြေကန်ရိုက်ဖြုတ် ကန်ချက်ကြောင့် စောဝီလျှံညာခြေသလုံးဒဏ်ရာရရှိပြီး ပြန်မရပ်တည်နိုင်သဖြင့် ဝမ်းစတား (ရွှေဖူး)ဒိုင်ပွဲရပ်ဖြင့် အနိုင်ရရှိခဲ့သည်။

ဖိုးလပြည့်(ရွှေဖူး)နှင့် ထက်အောင်ဦး(တောင်ကလေး)တို့ ပထမပွဲစဉ်စချင်းပင် နှစ်ဦးစလုံး မတွန့်တမ်းဆိုင်ထိုးနေကြသဖြင့် မျက်နှာသွေးချင်းချင်းနီနေသဖြင့် ပရိသတ်အားပေးသံညံလာသည်။ စတုတ္ထအချီ ဖိုးလပြည့်ဘယ်ဝိုက် လက်သီး ထက်အောင်ဦး အရှိုက်ထိုးမိသဖြင့် အနား တောင်းလိုက်ရသည်။ နောက်ဆုံးအချီထိ ဖိုးလပြည့် လက်ရည်အသာဖြင့် ထိုးသတ်နိုင်ခဲ့သော်လည်း အနိုင်အရှုံး မပေါ်ဘဲ ပူးတွဲသရေဖြစ်ခဲ့သည်။

ပရိသတ်စိတ်အဝင်စားဆုံးပွဲစဉ်ဖြစ်သည့် စိုးလင်းဦး(ဒို့ရိုးရာ)နှင့် သပြေညို(ဘိလပ်မြေစက်ရုံ)တို့ပွဲစဉ် ပထမအချီ စစချင်းတွင် အတွေ့အကြုံရင့် စိုးလင်းဦးတိုက်စစ်ကို သပြေညို လိမ္မာပါးနပ်စွာနှင့် ရင်ဆိုင်နေရသည်။ ဒုတိယအချီ သပြေညို၏ မထင်မှတ်သော ထောက်လက်သီး စိုးလင်းဦး မျက်နှာထိ၍ အနားတောင်းလိုက်ရသည်။ စိုးလင်းဦးထက် သမ္မာပညာနုသည့် သပြေညိုထိုးလုံးထိုးကွက် ပိရိသေသပ်သည်။ မလိုအပ်လျှင် ပါဝါမသုံး၊ သက်လုံကောင်းသလို မာဂုဏ်ရှိသည်။ စိုးလင်းဦးက အားကုန်သုံးသည်။ နှစ်ဦးလုံး မျက်နှာများ သွေးအလိမ်းလိမ်းဖြင့် ရဲနေသည်။ နောက်ဆုံးအချီထိ အကွဲကွဲအပြဲပြဲဖြင့် သွေးချင်းချင်းနီအောင် ယှဉ်ပြိုင်ထိုးသတ်ခဲ့သည်။ ပွဲစဉ်တစ်လျှောက်လုံးတွင် သပြေညို အသာစီးထိုးသတ်နိုင်ခဲ့သည်ကို တွေ့ရသည်။ အမှတ်ဖြင့်ဆုံးဖြတ်လျှင် သပြေညိုနိုင်လောက်သည်။ သို့သော် ပူးတွဲသရေဖြင့်သာ သပြေညို ကျေနပ်ခဲ့ရသော်လည်း ပရိသတ်အကြိုက်ဆုံး ပွဲကောင်းတစ်ပွဲဖြစ်ခဲ့သည်။

နောက်ဆုံးအချီဖြစ်သည့် စောငမန်း (ရွှေဖူး)နှင့် စောဂေါ်မူဒို(သတ္တိ)တို့ ပွဲစဉ်တွင်လည်း ပူးတွဲသရေကျခဲ့သည်။ ယနေ့ကျင်းပသည့် ပွဲစဉ်များအတွင်း ပွဲစဉ်လေးတွင် တစ်ခေတ်တစ်ခါက လက်ဝှေ့လောကတွင် အသန့်ရှင်းဆုံးနှင့် ပြိုင်ဘက်များကို အလဲထိုးအနိုင်ရခဲ့သော သမ္မာရင့် လက်ဝှေ့အကျော်အမော် ရွှေဝါထွန်း (ရွှေသောင်းရင်း)နှင့် နောင်လုံဖျံ (ငြိမ်းချမ်းရေး)တို့ကလည်း အသက်အရွယ်ကြီးရင့်သော်လည်း ပညာ သမ္မာနှင့် ပါဝါရှိသေးကြောင်း လက်တွေ့သရုပ်ပြ ထိုးသတ်ခဲ့သဖြင့် လက်ဝှေ့ပရိသတ်၏ အားပေးမှုနှင့်အတူ မျိုးဆက်သစ်များအတွက်လည်း အတုယူစရာ၊ အားတက်စရာဖြစ်ခဲ့ရသည်။ ထို့ပြင် ဖိုက်တာနှင့် အောင်နေဦး ပူးတွဲသရေ၊ မင်းထက်အောင်နှင့် စောသူရိန်တို့ပွဲတွင် မင်းထက်အောင် အနိုင်ရခဲ့ပြီး လွမ်းချိုင်းနှင့် ဆင်ရိုင်းလေး ပူးတွဲသရေကျခဲ့သည်။



ရန်ကုန်အတွက်ချေပဂိုးကို သန်းပိုင်သွင်းယူနေစဉ်။

**● ကျော်ဖုံးမှ**

ရန်ကုန်အသင်းမှာ ချေပဂိုးရရှိရန် လူအပြောင်းအလဲလုပ်ကာ ကစားအားမြှင့်ခဲ့ပြီး ၇၁ မိနစ်တွင် လူစားဝင်တိုက်စစ်မှူးသန်းပိုင်က ချေပဂိုးပြန်သွင်းခဲ့သည်။

ဒုတိယနေ့ အခြားပွဲစဉ်တွင် မနောမြေအသင်းက ဧရာဝတီအသင်းကို သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိကာ အဆင့် ၁၀ နေရာအထိ တက်လှမ်းလာနိုင်ခဲ့သည်။

ပွဲစဉ် (၂၁) အပြီးတွင် ရန်ကုန်အသင်းက ၅၁ မှတ်၊ ရတနာပုံအသင်းက ၄၃ မှတ်၊ မကွေးအသင်းက ၃၈ မှတ်၊ ကမ္ဘောဇအသင်းက ၃၅ မှတ်၊ ဧရာဝတီအသင်းက ၃၄ မှတ်၊ ဇွဲကပင်အသင်းက ၂၄ မှတ်၊ ချင်းယူနိုက်တက်အသင်းက ၂၃ မှတ်၊ ဇေယျာရွှေမြေအသင်းက ၂၂ မှတ်၊ ဟံသာဝတီအသင်းက ၂၀ မှတ်၊ မနောမြေအသင်းက ၁၉မှတ်၊ ရခိုင်ယူနိုက်တက်အသင်းက ၁၈ မှတ်၊ နေပြည်တော်အသင်းက ၁၇ မှတ်တို့ရရှိခဲ့သည်။ မကွေးနှင့် ဧရာဝတီအသင်းတို့က ၂၀ ပွဲစီသာ ကစားရသေးပြီး ကျန်အသင်းများမှာ ၂၁ ပွဲစီ ကစားပြီးဖြစ်သည်။

# တောင်ကြီးမြို့တွင် ပေါက်ကွဲမှုဖြစ်ပွား

**တောင်ကြီး အောက်တိုဘာ ၂၅**

ရှမ်းပြည်နယ် တောင်ကြီးမြို့၌ ယနေ့ ည ၈ နာရီ မိနစ် ၂၀ ခန့်တွင် ဗိုလ်ချုပ်အောင်ဆန်းလမ်း လမ်းမတော်ရပ်ကွက် အမှတ်(၁) ရဲစခန်းနှင့် ကမ္ဘောဇဘဏ်ကြားတွင် ရပ်ထားသည့် ကားတစ်စီးဗုံးပေါက်ကွဲ မီးလောင်မှုဖြစ်ပွားခဲ့ရာ အနီးရှိ အခြားမော်တော်ယာဉ်တစ်စီး အနည်းငယ်ထိခိုက် ပျက်စီးခဲ့သည့်အပြင် ပြည်သူ ငါးဦး ထိခိုက်ဒဏ်ရာရရှိခဲ့သဖြင့် စဝ်စံထွန်းဆေးရုံကြီးသို့ ပို့ဆောင်ခဲ့ရကြောင်းနှင့် အသက်အန္တရာယ်စိုးရိမ်ဖွယ်မရှိကြောင်း သိရသည်။

ထိခိုက်ဒဏ်ရာရရှိသူများမှာ အိုက်ဆေး အသက်(၃၀)နှစ် ယာဘက်မျက်ခုံး ပေါက်ပြဲ၊ ဦးညာဏ်ထွန်းလင်း (၄၈)နှစ် ဘုရားဖူးဧည့်သည် ရန်ကုန်မြို့ ခြေသလုံးဘယ်ညာထိခိုက်ဒဏ်ရာရ၊ ဇင်မောင်(၂၁)နှစ် ခြေသလုံးထိခိုက်ဒဏ်ရာရ၊ ကိုငယ်(၂၁)နှစ် မိတ္ထီလာမြို့ ခြေဖမိုးထိခိုက်ဒဏ်ရာရ၊ ချစ်ဖွဲ့(၁၅)နှစ် ညောင်ရွှေမြို့ ဘယ်ခြေဖမိုး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

အဆိုပါဖြစ်စဉ် ဖြစ်လျှင်ဖြစ်ချင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့၊ ကြက်ခြေနီတပ်ဖွဲ့များ ရောက်ရှိပြီး မီးငြိမ်းသတ်ခြင်း၊ လူနာများအားဆေးရုံသို့ ပို့ဆောင်ခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထို့နောက် ရှမ်းပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများ၊ ရှမ်းပြည်နယ်ရဲတပ်ဖွဲ့မှူးနှင့် သက်ဆိုင်ရာဌာနဆိုင်ရာများ ရောက်ရှိပြီး ဖြစ်စဉ်များကို အသေးစိတ်စိစစ်ကာ ပြည်သူများ အသက်အန္တရာယ် လုံခြုံရေးနှင့်ပတ်သက်၍ အသေးစိတ်စီမံဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ရှမ်းပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးချုပ်အောင်အောင်က ပြောကြားရာတွင် လက်ပစ်ဗုံးဖြစ်ပြီး သက်သေခံသံကြိုးသံစများရရှိထားကြောင်း၊ လက်ပစ်ဗုံးသည် ထောင်စရာမလိုဘဲ ပစ်ချခဲ့၍ လေးစက္ကန့်အတွင်း ပေါက်ကွဲနိုင်ကြောင်း၊ ထောင်မိုင်းမဟုတ်ကြောင်းနှင့် လက်ပစ်ဗုံးပေါက်ကွဲပါက ကားဓာတ်ဆီတိုင်ကီကို တိုက်ရိုက်ထိခိုက်ပြီး မီးလောင်ပေါက်ကွဲမှုတစ်ခုဖြစ်ပွားအောင် ရည်ရွယ်၍ ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။

**ပြည်နယ် (ပြန်/ဆက်)**



ပေါက်ကွဲမှုကြောင့် ပျက်စီးသွားသော မော်တော်ယာဉ်ကို တွေ့ရစဉ်။

**■ သရဲနီမှ**

စမောလင်း၊ ရိုဂျို၊ ဖီးဂျုံးစ်တို့ကို ပွဲထွက်ကစားစေခဲ့ပြီး ဧည့်သည်အဖြစ် လာရောက်ကစားခဲ့ရသည့် မန်စီးတီးအသင်းသည်လည်း ဘိုနီ၊ ယာယာတိုရေး၊ ဖာနန်ဒင်ဟို၊ ဒီဘရူနီ၊ အော့တမန်ဒီ၊ ကိုလာရော့ဗ်၊ ကွန်ပနီ၊ ဆက်ဂ်နာတို့ကို ပွဲထွက်ကစားစေခဲ့သည်။

ယင်းပွဲစဉ်တွင် နှစ်သင်းစလုံးသည် တစ်ဖက်နှင့်တစ်ဖက် အမှားခံ၍မရသည့် ပွဲစဉ်ဖြစ်သည်နှင့်အညီ ၄-၂-၃-၁ ကစားကွက်ကို ကိုယ်စီပုံဖော်လာခဲ့သည်။ ထို့ကြောင့် ပွဲပြီးချိန်တွင် ဂိုးမရှိသရေရလဒ်သာထွက်ပေါ်ခဲ့သည်။ မန်ချက်စတာဒါဘီတွေ့ဆုံမှု နောက်ဆုံး ၁၀ ပွဲတွင် သရေပွဲတစ်ပွဲမျှ မရှိခဲ့ဘဲ ယခုပွဲစဉ်သည် မန်ယူအသင်းနှင့် မန်စီးတီးအသင်းတို့အတွက် နောက်ဆုံးတွေ့ဆုံမှု ၁၁ ပွဲအပြီးတွင် ပထမဆုံးသရေပွဲဟုပင် ဆိုရမည်ဖြစ်သည်။

မန်ယူအသင်းနှင့် မန်စီးတီးအသင်းတို့သည် ၎င်းတို့၏ သမိုင်းကြောင်းတစ်လျှောက် ထိပ်တိုက်တွေ့ဆုံမှု ၁၆၉ ကြိမ်ထိ ရှိထားခဲ့သည့်အသင်းများဖြစ်သည်။ အဆိုပါ ထိပ်တိုက်တွေ့ဆုံမှုများအနက် မန်ယူအသင်းသည် ပွဲပေါင်း ၇၀ အထိနိုင်ပွဲရရှိထားခဲ့ပြီး မန်စီးတီးအသင်းက ၄၉ ပွဲအထိ နိုင်ပွဲရရှိထားကာ ပွဲပေါင်း ၅၀ မှာ သရေရလဒ်သာ ထွက်ပေါ်ထားခဲ့သည်။

ယင်းနှစ်သင်း၏ ပထမဆုံးအကြိမ် ထိပ်တိုက်တွေ့ဆုံမှုမှာ ၁၈၈၁ ခုနှစ် နိုဝင်ဘာ ၁၂ ရက်ကဖြစ်ပြီး ထိပ်တိုက်တွေ့ဆုံမှုများတွင် ဂိုးပြတ်နိုင်ပွဲများများ ထွက်ပေါ်ထားခဲ့ခြင်းမရှိခဲ့ဘဲ တစ်ဖက်တည်း သွင်းဂိုးငါးဂိုးနှင့်အထက် သွင်းယူနိုင်ခဲ့သည့် ပွဲစဉ်မှာ လေးပွဲသာ ရှိခဲ့သည်။ ယင်းပွဲစဉ်များမှာ ၁၉၂၆ ခုနှစ်၊ ၁၉၅၅ ခုနှစ်၊ ၁၉၈၄ ခုနှစ်နှင့် ၂၀၁၁ ခုနှစ်တို့တွင် တွေ့ဆုံခဲ့သည့် ပွဲစဉ်များဖြစ်ပြီး အဆိုပါလေးပွဲစလုံးတွင် မန်စီးတီးအသင်းကသာ ငါးဂိုးပြတ် သို့မဟုတ် ခြောက်ဂိုးပြတ် စသည်ဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

မန်ယူအသင်းနှင့် မန်စီးတီးအသင်းတို့၏ နောက်ဆုံးထိပ်တိုက်တွေ့ဆုံမှု ၁၀ ကြိမ်တွင်လည်း မန်စီးတီးအသင်းကသာ အသာစီးရယူနိုင်ခဲ့ပြီး ယင်းတွေ့ဆုံမှု ၁၀ ကြိမ်တွင် မန်စီးတီးအသင်းက ခြောက်ကြိမ်အထိ နိုင်ပွဲရရှိထားခဲ့ကာ လေးကြိမ်မှာ မန်ယူအသင်းက အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

ယနေ့ ယှဉ်ပြိုင်ကစားခဲ့သည့် ပွဲစဉ်တွင်မူ တိုက်စစ်ပိုင်းအားနည်းမှုများရှိခဲ့ပြီး တစ်ဖက်နှင့်တစ်ဖက် ဂိုးသွင်းယူနိုင်ခဲ့ခြင်းမရှိခဲ့ခြင်းကြောင့် မန်စီးတီးအသင်းသည် သရေတစ်မှတ်ခွဲယူနိုင်ခဲ့ကာ အမှတ်ပေးဇယား၏ထိပ်ဆုံးတွင် ဆက်လက်ရပ်တည်နိုင်ခဲ့ပြီး မန်ယူအသင်းမှာမူ ပရီမီယာလိဂ် အမှတ်ပေးဇယား၏ အဆင့်(၄)နေရာဖြင့်ပင် ကျေနပ်ခဲ့ရသည်။

**(ငွေကြယ်)**

## ရေဘေးသင့်ဒေသများမှ ရေကြီးနစ်မြုပ်ခဲ့သည့် လယ်ယာမြေများ ဆောင်းသီးနှံ အချိန်မီစိုက်ပျိုးနိုင်ရေး ထွန်စက်ကြီးများဖြင့် အမြန်ကူညီထွန်ယက်ပေးလျက်ရှိ

**မုံရွာ အောက်တိုဘာ ၂၅**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ကလေးခရိုင်ဒေသနှင့် တမူးခရိုင်ဒေသတို့တွင် စိုက်ပျိုးလယ်ယာမြေများ ရေနစ်မြုပ်ပျက်စီးမှုများဖြစ်ပေါ်ခဲ့ရာ ယခုအခါ ပြန်လည်ထူထောင်ရေးကာလတွင် နိုင်ငံတော်နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့တို့၏ ပံ့ပိုးကူညီမှုဖြင့် ဆောင်းသီးနှံများ ပြန်လည်အစားထိုး စိုက်ပျိုးနိုင်ရေးအတွက် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စက်မှုလယ်ယာဦးစီးဌာနမှ ထွန်စက်ကြီးများဖြင့် ရေဘေးသင့်ဒေသများတွင် ရာသီချိန်မီ ထွန်ယက်ရေးလုပ်ငန်းများ ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ရေဘေးသင့် ဒေသများတွင် ထွန်ယက်ပေးမှုအခြေအနေနှင့် ပတ်သက်ပြီး စက်မှုလယ်ယာဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးကလည်း "ကျွန်တော်တို့ ရေဘေးသင့်ဒေသတွေမှာ မိုးသီးနှံအတွက် ထွန်ယက်ပြီးပါပြီ။ အခု ဆောင်းသီးနှံ အချိန်မီစိုက်ပျိုးနိုင်ရေး ထွန်စက်အဖွဲ့တွေနဲ့ ကလေးဒေသမှာ ထွန်စက် အစီး ၁၁၀၊ တမူးဒေသမှာ ထွန်စက် ၁၃ စီးနဲ့ ထပ်မံပြီး ကူညီထွန်ယက်ပေးနေပါတယ်။ ရေကြီးနစ်မြုပ်ခဲ့တဲ့ လယ်ယာမြေတွေမှာ ပြန်လည်စိုက်ပျိုးဖို့အတွက် ရေမျောသစ်တုံးတွေ ဖယ်ရှားပေးရတယ်။ ထွန်စက်တွေနဲ့ လယ်ယာမြေတွေကို ပြန်ပြီးမြေညှိပေးရတယ်။ နောက်ဆုံးအဆင့်ကျမှ သီးနှံများ စိုက်ပျိုးနိုင်ရေးထွန်ယက်ပေးရပါတယ်။ ဟိုတလောက မိုးနောက်တစ်ကြိမ် ထပ်မံရွာတဲ့အတွက် တချို့ လယ်ယာမြေတွေမှာ ရေဝင်နေတဲ့အတွက် ထွန်စက်တွေ မဝင်နိုင်သေးလို့ ရေအကျစောင့်ပြီး ထွန်ပေးရတာတွေရှိပါတယ်။ လတ်တလောဆောင်းသီးနှံစိုက်ပျိုးဖို့ ထွန်ယက်ပေးနေတာ အခုဆိုရင် ပြီးစီးမှုဧက (၂၅) ရာခိုင်နှုန်းလောက် ပြီးနေပါပြီ။ ကျွန်တော်တို့အနေနဲ့လည်း ရေဘေးသင့် တောင်သူတွေကို ကူညီထွန်ယက်ပေးရတဲ့ အလွန်ဝမ်းသာပါတယ်။ ရေဘေးသင့် တောင်သူဦးကြီးတွေ အချိန်မီ စိုက်ပျိုးနိုင်ရေး ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှနဲ့ အစွမ်းကုန် ကူညီဆောင်ရွက်သွားမယ်" ဟု ပြောကြားသည်။

**(ဖိုးချမ်း-မုံရွာ)**

**❐ ဝန်မှ**

အခက်အခဲပေါင်းစုံ ကြုံခဲ့ဖူးပြီ။ ထို့ကြောင့် တာအိတယ်၊ တာပေါက်တယ်၊ တာရေကျော်တယ်၊ တာအက်တယ် သတင်းများဆိုလျှင် တောင်သူလယ်သမား၊ ကျေးလက်တောနေလူတန်းစားအပြင် မြို့ပေါ်နေပြည်သူအများ၊ ကျောင်းသားလေးများပါမကျန် အထိတ်တလန့်ဖြစ်ကြရသည်။ ကျောင်းတွေပိတ်ရတာလည်း အခါခါ။ တုန်လှုပ်ချောက်ချားစွာ ကျောင်းတက်ရသည်။ ထိုသတင်းများကလည်း ဝန်တာမြစ်ရေကြီးသောကာလတွင် မကြာခဏပေါ်တတ်သဖြင့် နားတစွင့်စွင့် လည်တဆန့်ဆန့်ဖြင့် နေကြရသည်။

လယ်သမားတစ်ဦးဖြစ်သော မိမိနေထိုင်ရာ ကြို့ကုန်းရွာသည်လည်း ဝန်ရေကာတာကြီး မကြာခဏပေါက်သည်၊ ကျိုးသည်ဟု သတင်းထွက်တတ်သော ဗောဓိကုန်းတာသစ်အပိုင်းနှင့် အဖြောင့်တိုင်းလျှင် နှစ်မိုင်ကျော်သာဝေးသည်။ ဝန်မြစ်ရေကြီးသည့်ရက် ရေပြင်ကြီးနှင့် ဝန်တာကြီးမှာ ကျွန်တော်တို့ရွာအထက် ပေ ၂၀ အမြင့်လောက်တွင် ရှိနေသည်။ ထိုနေရာမှ ဝုန်းခနဲကျိုးလို့ကတော့ အိမ်၊ လူ၊ ပစ္စည်းများ ကျွမ်းထိုးမှောက်ခုံဖြစ်ဖို့များသည်။ ထို့ကြောင့် မိုးစွေ၍ရွာနေသည့် နေ့တစ်နေ့ ထိုဝန်တာအပိုင်းသို့သွားရောက် အခြေအနေကြည့်ရှုမိသည်။

သို့ဖြင့် ဩဂုတ်လဆန်းပိုင်းတွင် မိုးဆက်လက်သည်းထန်စွာရွာသွန်းခြင်း၊ ရေကြီးခြင်းနှင့်အတူ ဧရာဝတီမြစ်ရိုးတစ်လျှောက် မြို့ရွာများရေကြီးနစ်မြုပ်သည့် ဒဏ်ခံကြရသည်။ ဧရာဝတီမြစ်၊ ဟင်္သာတမြို့ ရေကာတာတွေ စိမ့်ပေါက်တွေဖြစ်ခြင်း၊ သဲအိတ်ဆင့်ရခြင်း၊ ဇလွန်တာတမံရေတိုက်စားသည့် သတင်းများကြားနေရသည်။ ထို့အတူ ဝန်မြစ်ရေ စိုးရိမ်ရေမှတ်အထက် လေးပေကျော်ကာ ၃၁ ပေအထိ တက်လာသည်။ ဒေသအတွင်း ရေကာတာကျိုးပေါက်ခြင်း သတင်း၊ တာပိခြင်းသတင်းက ပို၍ကျယ်လောင်ပါသည်။ အော်ဟစ်ပြေးလွှားမှုများရှိသည်အထိဖြစ်လာသည်။ ထိုကဲ့သို့ဖြစ်စဉ်များ ဖြစ်နေသဖြင့် ကျွန်တော်တို့သတင်းသမားများသည် ဩဂုတ် ၈ ရက်တွင် တာအက်ကြောင်းဖြစ်သည်ဆိုသော ငါးသိုင်းချောင်းမြို့အောက်ဘက် မကျီးလဟာ၊ ပန်းဇံကွင်းရွာများဘက်သို့ လက်တွေ့သတင်းသွားယူကြသည်။

"ကျွန်တော်တို့ရွာ နတ်စင်အနီး အခုမြင်ရတဲ့ ရေပေါက်ကြီးဟာ မနည်းကြီးပါတယ်။ တာမျက်နှာပြင်ကို ကပ်ပြီးနားထောင်ရင် တာအတွင်းလှိုက်ပြီး ရေတွေစီးကျနေတဲ့အသံကြားရပါတယ်။ အထဲမှာခြအိမ်တွေ ခြခေါင်းတွေ၊ သစ်ဆွေးတွေဂလိုင်ဖြစ်ပြီး ရေတွေဝင်နေပါတယ်။ ကြာတော့ တာနူးလာပြီး တာအိတာတို့၊ တာပေါက်တာတို့ ဖြစ်လာပါတယ်။ ကျွန်တော်တို့၊ ကညင်ငူနားတာပန်းထိပ်မှာ ခြအိမ်၊ ခြခေါင်းတွေလို့ထင်ရတဲ့နေရာက တာပေါက်သွားတာဗျ။ မြင်ရတဲ့အတိုင်း ကြောက်စရာကောင်းလောက်အောင်ပါပဲ။ တာဝန်ရှိ တာဝန်သိပြည်သူတွေကောင်းလို့ နိုင်လို့ပါဗျာ"ဟု ကညင်ငူရွာသားတစ်ဦးက သူ့အတွေ့အကြုံကို ရှင်းပြသည်။

ကညင်ငူတာဇရပ်အတွင်းမှ ကြုံသလိုနေကြရသည့် ရေဘေးသင့်ရွာသားအချို့ကလည်း ခေါင်းတညိတ်ညိတ်။ တကယ်လည်း ကညင်ငူရွာတာပန်း နတ်စင်ထိပ်မှ ကညင်ငူရွာဘက်သို့ ပေါက်နေသောတာပေါက်ကို ဆည်မြောင်းဌာနမှ ဆောင်ရွက်ထားသော ရေခွေခေါ် တုတ်ရိုက်၊ ထရံကာ၊ တမံဖို့ ရေတွင်းသဏ္ဌာန်၊ ရေခွေကြီးကို ရေတသွင်သွင်ဖြင့် တွေ့နေရသည်။ သို့ဖြင့် ပန်းဇံကွင်း၊ တာနားစု အနီး ရောက်လာသည်။

"ဟာ. . . တာကြီးက နှုတ်ခမ်းသားလေးနဲ့ ရေကာထားတာပါလား။ ကျွန်တော်တို့ သွားနေတဲ့ တာအလယ်ဘက်က နိမ့်နေတာကိုး။ ဒီနေရာ တာလုံးကပြည့်ပြည့်ဝဝ မရှိတော့ဘူး။ နွေအခါ လှည်းတွေကျော်တဲ့ နေရာဆို ပိုဆိုးသေး၊ ရေပြင်ကြီးကလည်း အနောက်ရိုးမတောင်ခြေရောက်နေသလား တောင်ထင်ရတယ်။ သတ္တဝါနဲ့ လက်နက် မမျှသလို ဖြစ်နေပါပြီဗျာ" ကိုမင်းဇော်ဦး (ရေကြည်)၏ တအံ့တသြစကားသံ။ သို့ဖြင့် ကျွန်တော်တို့သည် ပန်းဇံကွင်းမှ မကျီးလဟာအုပ်စုသို့ ဝန်တာရိုးပေါ်မှ ခရီးဆက်ခဲ့သည်။

"ကျွန်တော်တို့က နွားရေတိုက်အုပ်စုကလာပြီး မြေဖို့သဲသယ်၊ ရေကင်းစောင့်လုပ်အားပေးနေတာပါ။ ရေကင်းတော့ ရွာကထမင်းထုပ်ယူပြီး အလှည့်ကျစောင့်ပေးနေပါတယ်။ ကျွန်တော်တို့ ကျေးရွာအုပ်စုတွေကတော့ ရေနှစ်ဖက်ညှပ်ကြီးတာ ခံရပါတယ်။ ဒီမှာက ဝန်တာကြီးကာထားတဲ့ရေ၊ ဒီတာတမံနဲ့နှိုင်းယှဉ်ကြည့်ရင် မနိုင်ဝန်ထမ်းနေသလိုပေါ့။ အရှေ့ဘက် တာခြေနားလာကပ်နေတဲ့ ရေဖွေးဖွေးက အတွင်းရေလို့ခေါ်တဲ့ ဝန်တာတမံအဆုံးနားက မပိတ်နိုင်သေးတဲ့ တာပေါက်ကြီးတွေက ပြန်လည်ဝင်လာတာပါ။ တကယ်လည်း ကျွန်တော်တို့ရောက်ရှိနေတဲ့ ပန်းဇံကွင်း၊ တားနားစု၊ တင်ကုတ်ကြီး၊ ရန်ကုန်ကျောင်းတို့မှာ အနောက်ဘက်က ဝန်ရေက ခြိမ်းခြောက်နေသလို၊ အရှေ့ဘက်ကွင်းတွင် ယခင်နှစ်ပေါင်းများစွာက ဝန်တာတမံအဆုံး ထန်းဖူးဝမရောက်မီ အကြိမ်ကြိမ်ကျိုးပေါက်ခဲ့တဲ့ သာပေါင်းမြို့နယ်ထဲမှ ဝန်တာအပေါက်ကြီးကြောင့် ရေတွေပြန်လှည့်ဝင်နေခြင်းဖြစ်ပါတယ်။



"အရင်ဝန်မြစ်ရေက ဝန်တာတမံအဆုံး ထန်းဖူးဝရောက်မှ မြစ်ရေက ရေပြန်တက်တာပါ။ အခုတော့ ခါးလယ်က ဖြတ်ဝင်လာလို့ ငါးသိုင်းချောင်းရေကြီးတာနဲ့ ကျွန်တော်တို့ အသုတ်ကွင်းရေရောက်လာပြီဗျ။ သာပေါင်းမြို့နယ်က အဲဒီတာကျိုးပေါက်ကြီးတွေ ပြန်ဖို့ဖို့လိုတာကြာပါပြီဗျာ"ဟု အသုတ်နယ်သားတစ်ဦး၏ စကားသံနားထဲရောက်လာသည်။

အမှန်တကယ်ပင် ဝန်တာရေကာတာသည် ယခင်က ဟင်္သာတမြို့နယ်ထဲမှ ဝန်နှင့် ဧရာဝတီဆုံရာမှ ဟင်္သာတ၊ လေးမျက်နှာ၊ ရေကြည်မြို့နယ်၊ ငါးသိုင်းချောင်းမှသည် သာပေါင်းမြို့နယ်အထိ ၇၅ မိုင် ရှည်လျားသည်။ ဝန်ရေကာတာကြီးသက်တမ်းမှာ နှစ် ၁၀၀ ကျော်ပြီဖြစ်သည်။ ထိုရေကာတာကြီးမှာ ၁၉၂၃ ခုနှစ်တွင် တစ်ကြိမ်၊ ၁၉၉၁ ခုနှစ်တစ်ကြိမ် ငါးသိုင်းချောင်းနယ်နှင့် လေးမျက်နှာများမှ ကျိုးပေါက်ခဲ့ဖူးသည်။ ထို့အတူ ၁၉၇၀ ဝန်းကျင်ခန့်တွင် ယခင်အရေးမကြီးဟု ယူဆထားသော သာပေါင်းမြို့နယ် ဝန်ရေကာအဆုံး၏ အထက်ဘက် ၃ မိုင်ခန့်အကွာမှာ ကျိုးပေါက်ခဲ့သည်။ ယင်းတာပိုင်းကို ယခင်အစိုးရလက်ထက်က အဖြောင့်အတိုင်း လမ်းပြောင်းတာဖို့ခဲ့ဖူးသည်။ သို့သော် ယင်းတာသစ်မှာ ခိုင်ခံ့မှုအားနည်းသောကြောင့် ကျိုးပေါက်ခဲ့ပြန်သည်။ ထိုကဲ့သို့ ကျိုးပေါက်ခဲ့သည့်နေရာတွင် နွေအခါပင် ရေမခန်းသည့် အင်းအိုင်ကြီးဖြစ်သွားသည်။ ၎င်းနေရာသည် ထန်းဖူးအဝထက် ရေလဲကြီး ကျုံတုံးရွာများအနီးတွင် ရှိနေဆဲဖြစ်ပြီး တာပေါက်ကြီး ယခုတိုင်ရှိနေသည်။ ယခုအခါ ရှည်လျားစွာရှိနေသော တာပေါက်ကြီးမှ ရေများအထက်သို့ ပြန်လှည့်စီးဝင်ပြီး ဒေသအခေါ်အတွင်းရေများ၊ မြစ်ရေကြီးခြင်းနှင့်အတူ ရေများလှည့်ဝင်ပြီး တာအတွင်းဘက်အထိ ရေကြီးလာခြင်းဖြစ်သည်။ ထိုနေရာမျိုးတွင် ဝန်ရေကာတာမှာ ပင်လယ်ထဲမှာပေါ်နေသော ကန်သင်းရိုးကလေးပမာဖြစ်နေတော့၏။

"ဒီတဲတွေ၊ တိရစ္ဆာန်တွေ တာပေါ်ရှိနေတော့ တာကြံ့ခိုင်မှုထိခိုက်တာပေါ့ဗျာ။ နောက်ပြီး မကျီးလဟာ အထကကျောင်းရှေ့နေရာဟာ ဒီထက် ခြောက်လက်မလောက်တက်ရင် တာပေါ်ရေကျော်ပြီး တာလုံးကသေး၊ တာပန်းမရှိ အခုလိုမြင်ရမှုကြောက်စရာပါ။ တောင်သူလယ်သမားတွေအတွက် ရတက်မအေးစရာပါဗျာ"ဟု ကျွန်တော် ညည်းမိသည်။ "ကျွန်တော်တို့ ဆည်မြောင်းဌာနက သဲအိတ်တွေ ထပ်ဆင့်နေပါပြီ။ ရေက သုံးရက်အတွင်း ကျနိုင်ခြေရှိသွားပါပြီ။ အခု မကျီးလဟာ တာပန်းထဲကိုလည်း ရေကွာဟမှုမရှိအောင် ဆိုင်ဖွန်နည်းနဲ့ ရေညှိသွင်းထားပါတယ်။ ဝန်တာဝန်းကျင် ကျေးရွာတွေက ရေကင်းတွေချပြီး စောင့်ရှောက်နေပါတယ်။ နိမ့်တဲ့နေရာမှာ ရွှံ့အိတ်တွေ၊ သဲအိတ်တွေ ကြိုတင်ချနေပါတယ်"ဟု ဆည်မြောင်းမှ တာဝန်ရှိသူတစ်ဦး၏ ပြောစကားကို ကြားရသည်။

"ကျွန်တော်တို့ ကိုယ့်ဒေသလည်းဖြစ်တဲ့အတွက် ကြီးကြပ်ကူညီအကြံပေးမှုနဲ့အတူ ဆောင်ရွက်ပေးနေပါတယ်။ ဒီလေးမျက်နှာမြို့နယ်အပိုင်းကတော့ မစိုးရိမ်ရပါဘူး"ဟု ရေကြီးရေလျှံဖြစ်နေသည့်ကာလ လေးမျက်နှာမြို့တွင် တွေ့ရသော ဧရာဝတီတိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ဦးကျော်ဝင်းနိုင်က ပြောပြသည်။

"လွန်ခဲ့တဲ့ ၂၄ နှစ်ကာလက ဒီနေရာကနေ ဒီလောက်ရေမများဘဲ လူတချို့ပေါ့လျော့မှုကြောင့် ဒီတာကျိုးခဲ့တာ။ တို့လယ်တွေရော နစ်မြုပ်ပျက်စီးပြီး ဒုက္ခရောက်ခဲ့ရတယ်။ အခု သတင်းသမားဖြစ်မှ ဒီကို ဆိုက်ဆိုက်မြိုက်မြိုက်ရောက်ခဲ့တယ်။ အခုတော့လည်း သူမဟုတ်သလိုပါပဲလား" ကျွန်တော်က မိမိတွေ့ကြုံခံစားရသည်ကို သတင်းထောက် မင်းဇော်ဦး(ရေကြည်)အား ပြောပြမိသည်။

"ဟုတ်တယ်။ ဝန်တာဟောင်းကြီးကတော့ ကျွန်တော့်အမြင် သူရဲကောင်းကြီးလို့ မြင်တယ်။ သူ့မှာ နှစ်ပေါင်းများစွာ တာဝန်ထမ်းဆောင်ခဲ့တဲ့အတွက် သူရဲကောင်းတွေ ဒဏ်ရာရသလို ကျိုးပျက်၊ ထိခိုက်ပျက်စီး၊ ပြိုကျတဲ့အပိုင်းတွေဟာ အမိမြေကို ကာကွယ်တဲ့သူရဲကောင်းတွေ ဒဏ်ရာဒဏ်ချက်ရသလို ပြည့်နေပါပြီ။ သူရှိသမျှအင်အားနဲ့ ဒီရေပြင်ကျယ်ကြီးကို ကြံ့ကြံ့ခံတားဆီးနေရတာ၊ အန်တုနေရတာ။ တကယ်လည်း ထိန်ငူတာအထက်ပိုင်း ဟင်္သာတမြို့နယ်အတွင်း တာပေါက်တွေ၊ သဲအိတ်ချထားတာတွေ၊ ရေကင်းတွေ အဆက်မပြတ်တွေ့ရပြန်တယ်"။

"ဟိုနေ့က တာအိတယ်၊ တာပေါက်တယ်၊ တာကျိုးတယ်၊ ကောလာဟလထွက်ပြီး အခုလည်း လူအင်အားနဲ့ ခရိုင်၊ မြို့နယ်တာဝန်ရှိသူတွေ ဆည်မြေဌာနတာဝန်ရှိသူတွေ ပြည်သူတွေ ဝိုင်းပြီး ဆောင်ရွက်ခဲ့တဲ့နေရာက ဟင်္သာတ မြို့ထဲမှာပါ" ထိန်ငူတာရိုးကို ဝန်မြစ်ရေခေါင်း နှင့်တိုးပြီး ကျော်လုနီးနီးနေရာမှ တွေ့ရသော ရွာခံတစ်ဦးက ပြောပြသည်။ ထိုနေရာတွင် ဆည်မြောင်းတာဝန်ရှိသူများအပြင် လေးမျက်နှာ ဒုမြို့နယ်အုပ်ချုပ်ရေးမှူးနှင့် တပ်မတော်သားများပါ စောင့်ကြပ်ဆောင်ရွက်နေသည်ကို တွေ့ရသည်။

"ဒီနေရာတွေမှာ ဒီလောက်ရေကြီးမှန်းသိရက်နဲ့ မြစ်ရေဝင်တဲ့နေရာမှာ ဘာဖြစ်လို့နေကြတာလဲဗျာ"ဟု ဆိုင်ကယ် ကြုံလိုက်လာသူ ရန်ကုန်မြို့မှ ရေဘေးကယ်ဆယ်ရေးလာလှူသည့် လူငယ်တစ်ဦးက ပြောသည်။

"အဘတို့က ဒီနေရာမှာပဲနေပြီး ဒီနေရာက အလုပ်ပဲ မိရိုးဖလာလုပ်ကိုင်စားသောက်တတ်ကြတာလေ။ မြို့ပေါ်၊ ရွာပေါ်ရောက်ရင်ဘာမှ မလုပ်တတ်ဘဲဖြစ်မှာပေါ့"ဟု အသက်(၇၀) လူကြီးတစ်ယောက်၏ ပြန်ပြောသံစကားသည် ကျွန်တော်တို့လယ်သမားများဘဝ နှစ်စဉ်နီးနီး မြစ်ရေဝင်ပြီး ဒုက္ခရောက်တတ်သည့် ဘဝများကို သရုပ်ဖော်ပြလိုက်သလိုပင်။

မြို့ပြကျေးလက်လူနေမှုဘဝများကို အတင်းပေါင်းစပ်လို့ မရသေးပေ။ ထို့ကြောင့် ကျေးလက်နေပြည်သူများလည်း မိမိတို့မွေးရပ်ဇာတိရပ်ရွာ မစွန့်ခွာနိုင်ဘဲ ထိုဒေသမှာပင် မှီတင်းနေထိုင် ရှာဖွေစားသောက်နေကြရသည်။ ထိုအခါ သည်မြေသည် ရေပုံမှန်မဟုတ်ဘဲ ယခုကဲ့သို့ ရေကြီးနစ်မြုပ်မှုဖြစ်လာသောအခါ ယခုလို ကျောင်းကန်ဘုရား၊ တာတမံပေါ်က ဇရပ်၊ ကြုံရာတဲထိုး၊ သစ်ပင်အောက်ရောက်ကြရသည်။ ရေကျလျှင် နေရပ်ပြန်။ ပြန်လည်ထူထောင်ရေးက ဒုနဲ့ဒေး၊ လမ်းပျက်၊ တံတားပျက်၊ အိုးပျက်၊ အိမ်ပျက်၊ ယာခင်းပျက်၊ ပုံမှန်ရှာဖွေစားသောက်သည့် အလုပ်အကိုင် ပျက်ကြရသည်။ မြစ်ရေအရောင်တောင် ပုံမှန်ရွှံ့နှစ်ရောင်မဟုတ် သံချေးရောင်ထပြီး ပျစ်ချွဲနေသည်။ ပုံမှန်ရွှံ့ရောင်ရွှံ့နှစ်ရောင်မြစ်ရေလိုအိုးထဲတွင် တစ်ညသိပ်၊ ကျောက်ချဉ်ထည့်ရုံနှင့် သောက်ရေမဖြစ်တော့။ ရေကြည်ကုန်းပွဲဆိပ်တွင် တွေ့ရသူ ထိုရွာသားကြီး၏စကားသံအပေါ် ဆက်စပ်စဉ်းစားနေမိသည်။

"အင်း ဒီတာကြီးသာ ကျိုးပေါက်သွားရင် ပိုဆိုးတော့မှာ။ ကျုပ်တို့ တာပြင်ဘက်က ရေကျသွားပေမယ့် ဆန်အိုး၊ ထမင်းအိုးကွဲတဲ့ကိန်းဆိုက်ပြီ။ လူတွေဘယ်လောက်ဒုက္ခရောက်မလဲဗျာ။သူကြံ့ကြံ့ခံနေလို့သာတော်တော့တယ်"။

သို့ဖြင့် စက်တင်ဘာ ၂၃ ရက် ရေကြည်ခန်းမတွင် အများပြည်သူနှင့် တွေ့ဆုံဆွေးနွေးသော ပွဲတစ်ခုတွင် ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသိန်းအောင်က ဝန်တာကြီးနှင့် ရေကာတာများကို နိုင်ငံတော်မှ အဆင့်မြှင့်တင်ပြုပြင်မည့်အကြောင်း ပြောကြားသွားသလို ကျွန်တော်က သတင်းသမားအနေဖြင့် ဩဂုတ် ၈ ရက်၊ ၉ ရက်က မိမိတို့ လက်တွေ့မြင်ခဲ့သော ဝန်တာအခြေအနေ၊ တောင်သူလယ်သမားတို့ခံစားမှုအနေအထားနှင့် ဝန်တာမြစ်ရေဒဏ်ခံရသူများ၏ အခြေအနေကို တင်ပြခဲ့သည်။

ကြားရသူအပေါင်း ဝန်တာပေါင်ကြီး ကောင်းပါစေ၊ ခိုင်မာစေ၊ တောင့်တင်းပါစေ ဆုတောင်းနေကြပြီ။ သို့ဖြင့် အောက်တိုဘာ ၁ ရက် ရောက်လာသောအခါ လူအများစုမျှော်လင့်နေသည့် မင်္ဂလာသတင်းစကားကြားရတော့၏။ ထိုသတင်းကား နိုင်ငံတော်သမ္မတကြီး ဦးသိန်းစိန်၏ လေးမျက်နှာ၊ ငါးသိုင်းချောင်း၊ ရေကြည်ခရီးစဉ်တွင် ယခု ၂၀၁၅-၂၀၁၆ ခုနှစ် ပွင့်လင်းရာသီတွင် ဝန်တာတမံကို မူလတာထိပ်မှ ငါးပေအထိ မြှင့်တင်ဆောင်ရွက်ရန် လေးမျက်နှာမြို့နယ် ကညင်သာအုပ်စု ရွှေဘိုစု ရေကာတာသို့ ရောက်ရှိ လာရာ ပုသိမ်ခရိုင် ရေကြည်မြို့နယ် ငါးသိုင်းချောင်းမြို့ သို့ရောက်ရှိစဉ် ဝန်တာတမံကို ငါးပေအထိ မြှင့်တင်ဆောင်ရွက်ရန်နှင့် ရေကြည်မြို့နယ်အတွင်း မိုးရာသီ ရေကြီးနစ်မြုပ်မှု လျော့နည်းစေရေးအတွက် ချောင်းကော၊ မြောင်းကော တူးဖော်ခြင်း လုပ်ငန်းပါ ထည့်သွင်းဆောင်ရွက်မည့် သတင်းစကားကို ကြားလိုက်ရသလို ၂-၁၀-၂၀၁၅ ရက် မြန်မာ့အလင်း၊ ကြေးမုံတို့တွင် ဖတ်ရှုလိုက်ရသည်။ ဝမ်းသာလိုက်သည့် ဖြစ်ခြင်း၊ တချို့လယ်သမားများ လက်ခမောင်းခတ်သည်အထိပင်။ ဝန်တာဟောင်းသည် ကြွက်ခို၊ တာပြို၊ တာပေါက်၊ တာအိ၊ မိုးတွင်းကာလရေကြီးသည့်အခါ မြို့ရွာ၊ ကျေးလက်နေပြည်သူများအပြင် တောင်သူလယ်သမားများ အထိတ်တလန့် နားစွင့်၊ အိပ်မပျော်သောညများ ဘဝမှလွတ်ကြရတော့မည်။ တာကြီးကို မြှင့်တင်ရုံတင်မဟုတ်။ မကောင်းသည့်အပိုင်းတွေပါ ပြင်ရတော့မည်။ အနာဆွေးတွေဖယ်၊ အသားအသစ်အစားထိုးရတော့မည်။ ထိုအခါ ဝန်တာဟောင်းလည်း တာကောင်းဖြစ်ပြီး အားအင်ကောင်းကောင်းဖြင့် ကြံ့ခိုင်မှုအပြည့်ရှိကာ ဝန်မြစ်ရေကို နေ့နေ့ညညကာကွယ်နိုင်တော့မည်။ အများပြည်သူများ၏ရှေ့တွင် ကြီးမားကြံ့ခိုင်မှုဖြင့် ရပ်တည်နေနိုင်တော့မည်။ တောင့်တင်းခိုင်မာတော့မည်။ ထို့ကြောင့် အများပြည်သူ တောင်သူလယ်သမား၊ ကျောင်းသား ကျောင်းသူများအပေါ် အန္တရာယ်ကျရောက်နိုင်သည့် ဆိုးကျိုးများစွာကို ကာကွယ်နိုင်တော့မည့် သူရဲကောင်းပမာဖြစ်လာတော့မည်ကို ပုံပေါ်လာတော့၏။ ထိုသူရဲကောင်းသည် နှစ်ပေါင်းများစွာကပင် ကိုယ်လက်အင်္ဂါ အစိတ်အပိုင်းတွေ အနာတရတည်းဟူသော ရေတိုက်စား၊ တာရေလျှံ တာပေါက်တည်းဟူသော အနာတရဒဏ်ရာတွေ ရရှိခဲ့ဖူးပြီ။ အားအင်ချည့်နဲ့ကုန်ခန်းနေခဲ့ဖူးပြီ။ ယခုအခါ ၂၀၁၅-၂၀၁၆ ပွင့်လင်းရာသီမှစတင်၍ နိုင်ငံတော်က ပြုပြင်မွမ်းမံပြင်ဆင်ခြင်း၊ မြေဖို့ခြင်း၊ ကြံ့ခိုင်မှုရှိစေရန် လိုအပ်သည်များ ဖြည့်ဆည်းခြင်းကြောင့် ဒဏ်ရာအနာတရများ၊ ဒဏ်ရာဆွေးများ ပပျောက်ပြီး ထပ်ပေါင်းအားသစ်တွေနှင့် တွေ့ရတော့မည်။ ထို့ကြောင့် ခွန်အားပြည့်ဖြိုးအားသစ်တိုးကာ ကျွန်တော်တို့နှင့်ဘဝတူ အများပြည်သူများအတွက် အားကိုးထိုက်သော သူရဲကောင်းကြီးပမာ ရှိလာတော့မည် အမှန်ဖြစ်ပြီဟုလည်း ယုံကြည်အားကိုးကာ မော်ကွန်းကမ္ပည်း ရင်ထဲကတင်လိုက်မိပါတော့သတည်း။ "ဝန်တာဟောင်း ထပ်ပေါင်းအားသစ် အသင် သူရဲကောင်းအမှန်ဖြစ်ပြီ" ဟူ၍ ကြွေးကြော်လိုက်မိပါတော့၏။ ။

# အင်းကန်အသစ်နှင့် ပနံသင့်စွာတွေ့မြင်ရတော့မည့် မိုးကုတ်မြို့

တိုးတက်ပြောင်းလဲလာသော ခေတ်စနစ်နှင့်အညီ မြို့ပြများသည်လည်း ဖွံ့ဖြိုးတိုးတက်လာခဲ့သည်။ ထိုကဲ့သို့ ဖွံ့ဖြိုးတိုးတက်လာသောမြို့ပြများတွင် မိုးကုတ်မြို့လည်း အပါအဝင်ဖြစ်သည်။ မိုးကုတ်မြို့သည်မြန်မာနိုင်ငံတွင် နာမည်ကြီးသောမြို့တစ်မြို့ဖြစ်သည်။ အကြောင်းမှာ အဖိုးတန်ပတ္တမြားကျောက်မျက်ရတနာ ထွက်သောကြောင့်ဖြစ်သည်။

တောင်ပတ်လည်ရစ်ခွေလျက်ရှိသည့်အလယ်တွင် မိုးကုတ်မြို့ကို သာယာလှပစွာတွေ့မြင်ရသည်။ မြို့တည်နေပုံမှာ သာယာလှပသလို အဖိုးတန်ပတ္တမြားထွက်ရှိသော မြို့ဖြစ်သောကြောင့် မြန်မာနိုင်ငံတွင် ထင်ပေါ်ကျော်ကြားသောမြို့တစ်မြို့အဖြစ်လူသိများသော မြို့ဖြစ်လေတော့သည်။ မိုးကုတ်မြို့သည် မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင်၌ တည်ရှိပြီး မြို့လယ်တွင် အင်းကြီးရှိသည်။

အဆိုပါအင်းသည် ကိုလိုနီခေတ်က ကျောက်လုံးကြီးကွင်းအဖြစ်တူးဖော်ခဲ့ပြီး ၁၉၂၅ ခုနှစ်မှစ၍ ဆက်လက်မတူးဖော်သောအခါ စိမ့်ရေထွက်မှုကြောင့်ဖြစ်ပေါ်လာသောကန်ကြီးတစ်ကန်ပင်ဖြစ်သည်။ ယခုအခါ မိုးကုတ်မြို့လယ်အင်း(မုံကွင်း)ဟူ၍ခေါ်ဆိုကြသည်။ ထိုမိုးကုတ်အင်းသည် ၁၉၇၃-၁၉၇၄ ခုနှစ်တွင် မိုးရွာသွန်းမှုများပြားပြီး ရေနီမြောင်းတာပေါင်များ ကျိုးပေါက်၍ ကန်အတွင်းရေများစီးဝင်ကာ သဲနုန်းများ ပို့ချမှုဖြစ်ပေါ်ခဲ့သည်။ ကန်ဖြစ်ပေါ်မှု နှစ်ကာလကြာမြင့်ခဲ့ပြီဖြစ်၍ ကန်အတွင်းသဲနုန်းပို့ချခြင်းတို့ကြောင့် တဖြည်းဖြည်း တိမ်ကောလာကာ ရေသိုလှောင်နိုင်မှုပမာဏလျော့နည်းလာခဲ့သည်။

ယခုအခါ အဆိုပါမိုးကုတ်အင်း(မုံကွင်း)အား ပြန်လည်တူးဖော်ခြင်းလုပ်ငန်းကို မန္တလေးတိုင်းဒေသကြီး ဆည်မြောင်းဦးစီးဌာနက ကြီးကြပ်၍ စနစ်တကျတိုင်းတာခြင်း၊နယ်မြေအခြေအနေလေ့လာခြင်းများ ဆောင်ရွက်ခဲ့သည်။ ထိုသို့လေ့လာတိုင်းတာမှုများအရ အင်းအတွင်းရေအနက်ဆုံးနေရာတွင် ပေ ၃၀ ခန့်ရှိပြီး ရေအတိမ်ဆုံးနေရာတွင် ၁၂ ပေခန့်ရှိသည်ကိုတွေ့ရသည်။ ကန်အတွင်းနုန်းတင်ဧရိယာကို မြေစာရင်းမြေပုံများ၊ google map မှ ရရှိသောမြေပုံများကိုအခြေခံ၍ တူးဖော်ရမည့် မြေကြီးပမာဏကိုတွက်ချက်ခဲ့သည်။ ထို့အပြင် ကန်တူးဖော်ရာမှ ထွက်ရှိသည့် မြေစာများဖြင့် ကန်ပေါင်အားဖြည့်ခြင်း၊ မြို့အင်္ဂါရပ်နှင့်ညီညွတ်ပြီး သပ်ရပ်လှပစေရန် ဆောင်ရွက်ခြင်းလုပ်ငန်းများအတွက် ပုံစံရေးဆွဲခြင်း၊လုပ်ငန်းပမာဏနှင့် ခန့်မှန်းကုန်ကျငွေတွက်ချက်ခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုအပြင် မိုးရွာသွန်းမှုများပြားသောအချိန်များတွင် ရေဝေရေလဲဧရိယာမှ စီးဝင်သောရေများကြောင့် ရပ်ကွက်အတွင်း ရေကြီးမှုမဖြစ်ပေါ်စေရန် ကန်အတွင်း ရေထည့်သွင်းနိုင်မည့် ရေသွင်းအဆောက်အအုံများ တည်ဆောက်ခြင်း၊ လိုအပ်သလို သိုလှောင်ထားနိုင်ရန်ပြုပြင်ခြင်း၊ ရေနီမြောင်းအတွင်း ရေကြီးမှုများဖြစ်ပေါ်လာသောအခါ လိုအပ်သလိုထိန်းညှိပေးနိုင်ရန် ရေထိန်းညှိအဆောက်အအုံတည်ဆောက်ခြင်း စသောလုပ်ငန်းများဆောက်ရန် ပုံစံရေးဆွဲခြင်း၊ လုပ်ငန်းပမာဏနှင့် ခန့်မှန်းကုန်ကျငွေတွက်ချက်ခြင်းများ ဆောင်ရွက်ခဲ့သည်။



အဖိုးတန်ပတ္တမြားကျောက်မျက်ရတနာများ ထွက်ရှိရာ မိုးကုတ်မြို့။ (ဓာတ်ပုံ-ဆည်မြောင်း)

မိုးကုတ်အင်း ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းတွင် အဓိကလုပ်ငန်းဖြစ်သော ကန်အတွင်း သဲနုန်းတူးဖော်ခြင်း လုပ်ငန်းပမာဏမှာ မြေကျင်း ၁၁၀၀၀၀ ခန့်ဖြစ်ပြီး ရေပိုလွှဲပြန်လည်ပြုပြင်ခြင်း၊ ကန်ပေါင်ပြန်လည်ပြုပြင်ခြင်း၊ ကန်ပေါင်ပြန်လည်အားဖြည့်ခြင်း၊ ရေလှိုင်းကာကျောက်ရိုးစီခြင်း၊ တမံထိပ်တိုင်များစိုက်ထူခြင်း၊ ရေထိပ်ကွန်ကရစ်လမ်းခင်းခြင်း၊ တမံပေါ်တွင် မီးတိုင်များစိုက်ထူခြင်း၊ ကန်ပေါင်အပြင်ဘက်ပိုင်း မြက်စိုက်ခြင်း၊ ပြုပြင်ပြီးစီးသည့်အခါ ကန်ရေသန့်ရှင်းမှုရှိစေရန်အတွက် chain link ကာရံခြင်းလုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်သည်။

မိုးကုတ်အင်း သဲနုန်းတူးဖော်ခြင်း၊ ကန်ပေါင်အားဖြည့်ပြီး ခေတ်မီလှပသပ်ရပ်အောင်ဆောင်ရွက်ခြင်းဖြင့် ရေသိုလှောင်နိုင်မှု ၂၀၃ ဧကပေမှ ဧကပေ ၆၀၀ အထိ ရေပိုမိုသိုလှောင်နိုင်ပြီး ရေကြီးမှုကိုလည်း ထိန်းညှိပေးနိုင်ခြင်း၊ မြို့နေလူထုအတွက်လိုအပ်သော သုံးရေပေးဝေနိုင်ခြင်း၊ ကမ္ဘာ့အလယ်တွင် ပတ္တမြားမြေ(Ruby Land)ဟု တင်စားသောမိုးကုတ်မြို့၏ ကျက်သရေဆောင်ကန်အဖြစ် တည်ရှိစေမည်ဖြစ်သည်။ ပြင်ဆင်မွမ်းမံပြီးစီးပါက မြို့ခံများ ကန်ပတ်လည်တွင် ကိုယ်ကာယလှုပ်ရှားအားကစားပြုလုပ်နိုင်ခြင်း၊အပန်းဖြေအနားယူနိုင်မည့် အကျိုးကျေးဇူးများရရှိနိုင်မည်ဖြစ်သည်။

မိုးကုတ်အင်းအား သဲနုန်းတူးဖော်ခြင်းလုပ်ငန်းများ အားလုံးပြီးစီးဆောင်ရွက်၍ ခေတ်မီသပ်ရပ်အောင်ပြုလုပ်ပေးခြင်းဖြင့် လက်ရှိရေသိုလှောင်နိုင်မှုပမာဏ ၂၀၃ ဧကပေမှ ဧကပေ ၆၀၀ အထိ ပိုမိုသိုလှောင်နိုင်မည်ဖြစ်၍ ပတ်ဝန်းကျင်စိမ်းလန်းသာယာပြီး မြို့သုံးရေရရှိစေမှာဖြစ်သည်။ ထို့အပြင် မိုးရွာသွန်းမှုများပါက ကန်အနီးအနားတစ်ဝိုက်ရှိ ရပ်ကွက်များ ရေကြီးရေလျှံခြင်းမှ ကာကွယ်ပေးနိုင်ရန်ရည်ရွယ်၍ ဆောင်ရွက်ခြင်းဖြစ်သည်။ သို့ဖြစ်၍ လုပ်ငန်းများ ဆောင်ရွက်ပြီးစီးပါက ပတ္တမြားမြေမိုးကုတ်မြို့သည် ကန်အသစ်နှင့် ပနံသင့်စွာ တွေ့မြင်ရတော့မည် ဖြစ်ပေတော့သည်။ **သန်းဦး(လေးမျက်နှာ)**

## ရေကြောင်းသတိပေးချက်ထုတ်ပြန်

၁။ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ရေနံရှာဖွေတူးဖော်ရေးလုပ်ငန်းများတွင် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော PC Myanmar (Hong Kong) Limited သည် တနင်္သာရီကမ်းလွန်လုပ်ကွက်အမှတ်၊ M-12, M-13 နှင့် M-14 တို့တွင် ဖွံ့ဖြိုးရေးတွင်းများတူးဖော်ခြင်းလုပ်ငန်းများကို Semi-Submersible Tender Assisted Drilling Unit "WEST VENCEDOR" ဖြင့် ၂၀၁၅ ခုနှစ် နိုဝင်ဘာ ၁ ရက်မှ ၂၀၁၆ ခုနှစ် ဇူလိုင် ၃၀ ရက်အထိ ဆောင်ရွက်သွားမည်ဖြစ်သည်။

၂။ တနင်္သာရီကမ်းလွန်လုပ်ကွက်အမှတ်၊ M-12, M-13 နှင့် M-14 တို့တွင် ဖွံ့ဖြိုးရေးတွင်းများတူးဖော်မည့် တွင်းတည်နေရာမှာ Yetagun A Platform မြောက်လတ္တီတွဒ် ၁၃ ဒီဂရီ ၀၂ မိနစ် ၅၇ ဒသမ ၅၆၃ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၅၂ မိနစ် ၀၇ ဒသမ ၇၃၆ စက္ကန့်တွင်ဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ တနင်္သာရီကမ်းလွန်လုပ်ကွက်အမှတ်၊ M-12, M-13 နှင့် M-14 တို့တွင် ဖွံ့ဖြိုးရေးတွင်းများ တူးဖော်ခြင်းလုပ်ငန်းများကို Semi-Submersible Tender Assisted Drilling Unit "WEST VENCEDOR" ဖြင့် ဆောင်ရွက်နေစဉ်ကာလအတွင်း လုပ်ငန်းများနှောင့်နှေးကြန့်ကြာမှုမဖြစ်ပေါ်စေရေးအတွက် ဖော်ပြပါလုပ်ငန်းခွင်တွင်းတည်နေရာမှ ၄ ကီလိုမီတာ ပတ်လည်အတွင်းအား ရေကြောင်းသတိပေးချက် (Notice to Mariners) ထုတ်ပြန်ကြေညာထားပါ၍ သင်္ဘောကြီးငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗန်များ ဖြတ်သန်းသွားလာခြင်း၊ ကျောက်ချရပ်နားထားခြင်း၊ ငါးဖမ်းဆီးခြင်း၊ ငါးဖမ်းကိရိယာများ ချထားခြင်း မပြုလုပ်ကြရန် အသိပေးကြေညာအပ်ပါသည်။

**(ငါးလုပ်ငန်းဦးစီးဌာန)**



## တာမွေမြို့နယ် ဒဂုံသီရိလမ်းပြုပြင်ဆောင်ရွက်

**တာမွေ အောက်တိုဘာ ၂၅**

ရန်ကုန်(တောင်ပိုင်းခရိုင်) စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးဇော်ဝင်း၏ စီစဉ်မှုဖြင့် တာမွေမြို့နယ်အတွင်း ပျက်စီးနေသည့်လမ်းပိုင်းများ ပြုပြင်ပေးလျက်ရှိရာ အောက်တိုဘာ၂၃ ရက်က ကျောက်မြောင်းကြီးရပ်ကွက် ဒဂုံသီရိလမ်းတွင် အဆင့်မြင့် ACကွန်ကရစ်ကတ္တရာများအသုံးပြု၍ လမ်းပေါက်များဖာထေးပြုပြင်ဆောင်ရွက်ပေးခဲ့ကြသည်။**(အပေါ်ပုံ)**

လမ်းပြုပြင်သည့်လုပ်ငန်းများကို ပွင့်လင်းရာသီရောက်လာသည်နှင့် တစ်ပြိုင်တည်း နေ့စဉ်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ မြို့နယ်စည်ပင်မှ လက်ထောက်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်လွင်နှင့် ရပ်ကွက်ဖွံ့ဖြိုးရေးအထောက်အကူပြုအဖွဲ့ဝင်များ၊ လမ်းသာယာရေးအဖွဲ့များနှင့် ညှိနှိုင်းပေါင်းစပ်ပြီး ပြုပြင်ရန်လိုအပ်သည့် နေရာများကို ဦးစားပေးဆောင်ရွက်ပေးလျက်ရှိကြောင်းသိရသည်။ **(၅၉၇)**

## အိန္ဒိယနိုင်ငံသို့ ထွက်ခွာ

**ရန်ကုန် အောက်တိုဘာ ၂၅**

အိန္ဒိယနိုင်ငံတွင် အာဆီယံ-အိန္ဒိယအစီအစဉ်ဖြင့် အောက်တိုဘာ ၂၅ ရက်မှ နိုဝင်ဘာ ၃ ရက်အထိ ကျင်းပမည့် The Student Exchange Program သို့ တက်ရောက်ရန်အတွက် မြန်မာအမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်များအသင်းမှ အသင်းဝင် မမေဦးချိုချိုကျော်၊ မသက်မွန်အေးနှင့် မထက်ရွှေရည်တို့သည် ယမန်နေ့ ညနေပိုင်းက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ လေကြောင်းခရီးဖြင့် ထွက်ခွာသွားကြသည်။

**(စွမ်းဆောင်ရှင်များအသင်း)**

## အရန်မီးသတ်တပ်ဖွဲ့လေ့ကျင့်ရေးမွမ်းမံသင်တန်းဆင်း

**ညောင်တုန်း အောက်တိုဘာ ၂၅**

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့တွင် အရန်မီးသတ်တပ်ဖွဲ့လေ့ကျင့်ရေးမွမ်းမံသင်တန်းဆင်းပွဲကို အောက်တိုဘာ ၂၃ရက် နံနက်ပိုင်းက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနခန်းမ၌ ကျင်းပရာ မြို့နယ်စီမံခန့်ခွဲရေး ကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန့်ဇော်ဦး၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဦးဝင်းကြည်၊ မအူပင်ခရိုင် မီးသတ်ဦးစီးအရာရှိ ဦးသန့်ဇင်ဝင်းတို့က အမှာစကားပြောကြားကြသည်။

သင်တန်းဆင်း လက်မှတ်များကို ဒုတိယမြို့နယ်မှူး ဒု-ရဲအုပ်ခိုင်ကျော်လွင်က အရန်မီးသတ်တပ်ဖွဲ့ ဒု-တပ်ရင်းမှူး ကျော်မောင်သို့ပေးအပ်သည်။

အဆိုပါသင်တန်းသို့ ညောင်တုန်းမြို့ပေါ် ၁၀ ရပ်ကွက်နှင့် ကျေးရွာအုပ်စု ၄၄ အုပ်စုမှ သင်တန်းသား ၁၀၀ တက်ရောက်ကြပြီး သင်တန်းကာလမှာ စက်တင်ဘာ ၂၈ ရက်မှ အောက်တိုဘာ ၂၃ ရက်အထိ ကြာမြင့်ခဲ့ကြောင်း သိရသည်။ **(၀၇၆)**

# ကားတန်းများအကြားအုပ်စုလိုက်ငွေတောင်းရမ်းခြင်းကြောင့် ယာဉ်အန္တရာယ်စိုးရိမ်ရ

**ရန်ကုန် အောက်တိုဘာ ၂၅**

အောက်တိုဘာ ၂၄ ရက် မွန်းလွဲ ၂ နာရီဝန်းကျင်က သမိုင်းဘူတာရုံအနီးရထားလမ်းခုံးကျော်ကားလမ်း၏ အနောက်မှ အရှေ့သွားယာဉ်တန်းများအကြား ငွေတောင်းရမ်းနေသော ကလေးအုပ်စုကို မြင်တွေ့ခဲ့ရသည်ဟု မြောက်ဥက္ကလာသွား ဒိုင်နာယာဉ်စီးခရီးသည် ဦးမြသန်းက ပြောသည်။

အလားတူ တုတ်ကိုင်အဘွားအိုတစ်ဦးကိုလည်း ယင်းနေရာနှင့်မလှမ်းမကမ်းတွင် ထပ်မံမြင်တွေ့ရသည်။ အုပ်စုလိုက် ငွေတောင်းရမ်းနေသော ကလေးအုပ်စုကို ယင်းခုံးကျော်ကားလမ်းပေါ်တွင် မကြာခဏ မြင်တွေ့နေရသည်ဟု ဘုရင့်နောင်ပွဲရုံကို အလုပ်လာရောက်လုပ်ကိုင်သူ မြောက်ဥက္ကလာပမြို့နယ်နေသူတစ်ဦးက ပြောသည်။

ရန်ကုန်မြို့တွင်း ကားလမ်းမများပေါ်တွင်သာ ယာဉ်တိုက်မှုများ မကြာခဏဖြစ်ပွားပြီး လမ်းဖြတ်ကူးသူအချို့ သေဆုံးမှုများရှိတတ်သည်။ ယင်းကဲ့သို့ ကားလမ်းမပေါ်ယာဉ်တန်းများအကြား လှည့်လည်တောင်းရမ်းနေသည့် ကလေးသူငယ်အုပ်စုအနေဖြင့် ယာဉ်အန္တရာယ်စိုးရိမ်ရသကဲ့သို့ ကားလမ်းများပေါ်မောင်းနှင်နေသော ယာဉ်မောင်းများအနေဖြင့်လည်း အထူးသတိထားမောင်းနှင်ရသည်။ အလားတူ ရန်ကုန်မြို့တွင်း ဘုန်းကြီးလမ်း စံပြရုပ်ရှင်ရုံအနီးတစ်ဝိုက်တွင် ညနေပိုင်းအုပ်စုလိုက်ငွေတောင်းရမ်းနေသော ကလေးသူငယ်များ ကားလမ်းပေါ်သို့ လက်လွတ်စပယ် ဖြတ်သန်းနေခြင်းကို မကြာခဏမြင်တွေ့နေရသည်ဟု တက္ကစီယာဉ်မောင်းတစ်ဦးက ပြောသည်။

ယင်းကဲ့သို့ ကားလမ်းမပေါ် တက်ရောက်ငွေလှည့်လည်တောင်းခံသည့်မြင်ကွင်းသည် ယာဉ်အန္တရာယ်အတွက် စိုးရိမ်ရရုံသာမက နှစ်စဉ်တိုးတက်များပြားလာသော ပြည်ပခရီးသွားအများအပြားဝင်ရောက်လာသည့် ယခုကာလတွင် တိုင်းပြည်အတွက် မကောင်းသောပုံရိပ်များအဖြစ် မှတ်တမ်းတင်သွားမည်ကိုပါ စိုးရိမ်ရသည်။ သို့ဖြစ်ပါ၍ ယင်းကဲ့သို့ ကားလမ်းမပေါ် တက်ရောက်ပြီး တောင်းရမ်းနေသော ကလေးသူငယ်အုပ်စုများနှင့် သက်ကြီးရွယ်အိုများကို တားဆီးပေးသင့်သည်ဟု မငယ်က ပြောသည်။

**(မောင်စေအောင်)**



# မြေကျင်းအတွင်းမှမီးခိုးနှင့် မီးတောက်ငယ်များထွက်နေသော နှစ်လက်မစိန်ပြောင်းမီးခိုးပုံးအပိုင်းအစများကို အန္တရာယ်ကင်းစွာဖယ်ရှားရှင်းလင်းနိုင်

**မုံရွာ အောက်တိုဘာ ၂၅**

မုံရွာမြို့ လယ်တီရပ်ကွက်နယ်မြေ(၃) အမှတ်(၂)လမ်းရှိ နေအိမ်တစ်အိမ်တွင် အောက်တိုဘာ ၂၂ ရက် နံနက်၁၀နာရီခန့်က အုတ်တံတိုင်းခတ်ရန် မြေကျင်းတူးစဉ်မီးခိုးနှင့်မီးတောက်ငယ်များကို မြေကျင်းတူးသူများက စတင်သိရှိခဲ့ရာသက်ဆိုင်ရာအာဏာပိုင် အဖွဲ့အဆင့်ဆင့်၏ လမ်းညွှန်မှုဖြင့်၂၂ရက် ညနေပိုင်းနှင့်၂၃ရက် နံနက်ပိုင်းတို့တွင် သတိကြီးစွာဖြင့်ဖယ်ရှားရှင်းလင်းခဲ့ကြရာ၂၂ရက် ညနေပိုင်းကဗုံးဟု ယူဆရသောထိပ်ဖူးငယ်တစ်ခုကိုတွေ့ရှိခဲ့ရပြီး ၂၃ရက်နံနက် ၁၀ နာရီခန့်တွင် နှစ်လက်မ စိန်ပြောင်းမီးခိုးပုံးအပိုင်းအစငယ်များကိုတွေ့ရှိအတည်ပြုကာ အပြီးသတ်ရှင်းလင်းခဲ့ကြောင်းသိရသည်။

ထိုသို့ရှင်းလင်းရာတွင် အမှတ်(၇၄၇)စစ်လက်နက်ပစ္စည်းတပ်နှင့်(၉၀၉)စစ်မြေပြင် အင်ဂျင်နီယာတပ်တို့မှ တာဝန်ရှိသူများနှင့် မုံရွာခရိုင် မုံရွာမြို့နယ် ရဲတပ်ဖွဲ့ဝင်များပူးပေါင်းရှာဖွေကြရာအောက်တိုဘာ ၂၃ ရက်နံနက် ၁၀နာရီတွင် အပြီးရှင်းနိုင်ခဲ့ပြီးနှစ်လက်မစိန်ပြောင်းမီးခိုးပုံးဖြစ်ကြောင်း တာဝန်ရှိဗိုလ်ကြီးတစ်ဦးကအတည်ပြုပြောကြားသည်။

"အုတ်တံတိုင်းမြေကျင်းတူးနေတုန်းမီးတောက်နဲ့မီးခိုးငွေ့တွေထွက်လာတာမြေတူးတဲ့သူတွေ ဆက်မတူးရဲတော့ဘဲ ကျင်းထဲကတက်ပြေးကြရတဲ့အထိလန့်ခဲ့ရတာပါ။ မနေ့ကဖြစ်တယ်ကြားတော့ တိုင်းဒေသကြီး၊ ခရိုင်နဲ့မြို့နယ် အဆင့်တာဝန်ရှိသူတွေ ရောက်လာသလိုမုံရွာတက္ကသိုလ်ကဘူမိနဲ့ဓာတုဗေဒပညာရှင်တွေလာရောက်ပြီး တွေ့တဲ့အပိုင်းအစကို ဓာတ်ခွဲတာဘာဖြစ်သင့်တယ်ဆိုတာတွေ အကြံဉာဏ်ပေးတာတွေလုပ်ခဲ့ပါတယ်။ ဒီနေ့နံနက် ၈နာရီမှာစစ်လက်နက်ပစ္စည်းတပ်နဲ့စစ်မြေပြင် အင်ဂျင်နီယာတပ်ကပညာရှင်တွေလာပြီး ရှင်းလင်းဆောင်ရွက်လိုက်တော့အဖြေက နှစ်လက်မစိန်ပြောင်းမီးခိုးပုံးလက်ကျန်အဟောင်း အပိုင်းအစလို့သိရပြီးရှင်းလင်းစရာရှိတာရှင်းပြီးဖြစ်တဲ့အတွက်ကြောက်နေကြတဲ့ကျွန်တော်နဲ့ရပ်ကွက်ထဲက လူတွေအတွက်စိတ်အေးရပြီပေါ့ဗျာ"ဟု အိမ်ပိုင်ရှင်ဦးနီက ပြောပြသည်။

**မျိုးဝင်းထွန်း(မုံရွာ)**

# စစ်တွေမြို့ ကုန်းတန်းရပ်ကွက်တွင် မီးလောင်မှုဖြစ်ပွား

**စစ်တွေ အောက်တိုဘာ ၂၅**

ရခိုင်ပြည်နယ် စစ်တွေမြို့ ကုန်းတန်းရပ်ကွက် ကုန်သည်လမ်းသွယ်ရှိ အိမ်အမှတ် (ကသ/၃၄၄)နေ ဦးသိန်းလှိုင် (ပုလင်းခွံ၊ ကော်ဘူးခွံ ရောင်းဝယ်ရေး)၏ နေအိမ်၌ ယနေ့နံနက် ၁၀နာရီ မိနစ်၅၀ တွင် မီးလောင်မှုဖြစ်ပွားရာ နံနက် ၁၁နာရီ ၁၀ မိနစ်တွင် မီးငြိမ်းသွားခဲ့ကြောင်း သိရသည်။

မီးလောင်မှုဖြစ်ပွားသည့် နေအိမ်ရှေ့ခန်းအတွင်းရှိ အသုံးပြုလျက်ရှိသော ပန်ကာမှ အပူလွန်ကဲ၍ မီးကူးစက်လောင်ကျွမ်းခဲ့ခြင်း ဖြစ်ကြောင်း မြို့နယ်မီးသတ်အဖွဲ့၏ အတည်ပြုချက်အရ သိရသည်။ ထိုသို့မီးလောင်မှုဖြစ်ပွားစဉ် တီဗွီကြည့်နေကြသော အိမ်ရှင်၏တူမ မခိုင်သက်ရွှေ (၅) နှစ်မှာ အဆိုပါအခန်းအတွင်း မီးလောင်သေဆုံးလျက် တွေ့ရှိရသဖြင့် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးအောင်သာဝင်း ဦးစီးအဖွဲ့တို့က သေဆုံးသူ ကလေးငယ်အား ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

မီးလောင်မှုဖြစ်စဉ်နှင့် ပတ်သက်၍ အန္တရာယ်ရှိသော လျှပ်စစ်ပစ္စည်းများအား ပေါ့လျော့စွာအသုံးပြု၍ နေအိမ် မီးလောင်ကျွမ်းမှု၊ လူ့အသက်ဆုံးရှုံးမှု ဖြစ်ပွားခဲ့သဖြင့် အိမ်ရှင်ဖြစ်သူအား အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**



# မြန်မာနိုင်ငံအနှံ့အပြားတွင် နေရာကွက်ကျား မိုးဆက်လက်ထစ်ချုန်းရွာမည်

နေပြည်တော် အောက်တိုဘာ ၂၅

**ယနေ့နံနက် ၉ နာရီခွဲအချိန်အထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်**

လွန်ခဲ့သော ၂၄ နာရီအတွင်းက တနင်္သာရီတိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့တွင် နေရာစိပ်စိပ်၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့သည်။ မှတ်သားဖွယ်ရာမိုးရေချိန်များမှာ လွိုင်ကော်မြို့တွင် သုည ဒသမ ၈၇ လက်မ၊ ထားဝယ်မြို့တွင် သုည ဒသမ ၆၃ လက်မ၊ သာယာဝတီမြို့နှင့် လောင်းလုံးမြို့တို့တွင် သုည ဒသမ ၅၁ လက်မစီ၊ နန့်စန်မြို့တွင် သုည ဒသမ ၄၃ လက်မနှင့် ကော့သောင်းမြို့တွင် သုည ဒသမ ၃၉ လက်မတို့ဖြစ်ကြသည်။

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်တောင်ပိုင်းတွင် လေဖိအားနည်းရပ်ဝန်းတစ်ခုဖြစ်ပေါ်နေသည်။ အဆိုပါလေဖိအားနည်းရပ်ဝန်းသည် နောက် ၄၈ နာရီအတွင်း ပိုမိုအားကောင်းလာနိုင်မည်ဟု ခန့်မှန်းရသည်။ ဘင်္ဂလားပင်လယ်အော်အနောက်တောင်ပိုင်းတွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

**မြန်မာ့ပင်လယ်ပြင်အခြေအနေ**

လှိုင်းအသင့်အတင့်ရှိမည်။

**နောက်နှစ်ရက်အတွက်ခန့်မှန်းချက်**

ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ကယားပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးဆက်လက်ထစ်ချုန်းရွာမည်။

# တပ်ကုန်းတွင် စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**တပ်ကုန်း အောက်တိုဘာ ၂၅**

နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ်တွင်မူးယစ်ဆေးဝါး ရောင်းဝယ်မှုသုံးစွဲမှုများ လူငယ်ထုအတွင်းတစ်နေ့တခြားစိမ့်ဝင်လျက်ရှိရာအောက်တိုဘာ ၂၄ရက် မွန်းလွဲပိုင်းက နေပြည်တော် မူးယစ်အဖွဲ့နှင့် နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ်မြင့်ကံနှင့် အဖွဲ့သည်သတင်းအရ မြဝတီရပ်ကွက် နယ်မြေ(၁၁)နေ နိုင်ဝင်းသိန်း(ခ)ဂျပန်ကြီး-ခင်မို့မို့ဝင်းတို့၏ နေအိမ်သို့ ဝင်ရောက်ရှာဖွေရာ နေအိမ်အပေါ်ထပ် အိပ်ခန်းအတွင်း မွေ့ရာအောက်မှပလတ်စတစ်ဘူးဖြင့် ထည့်ထားသော ပန်းရောင်စိတ်ကြွဆေးပြား၃၈ ပြား၊ ရူဘီဆေးလိပ်ဘူးအတွင်းမှ ပန်းရောင်စိတ်ကြွဆေးပြား၁၀ ပြား စုစုပေါင်း စိတ်ကြွဆေးပြား၄၈ပြားနှင့် မူးယစ်ဆေးဝါး ရောင်းရငွေ ကျပ်ငါးသောင်းနှင့် စိတ်ကြွဆေးပြားသုံးစွဲရာတွင် အသုံးပြုသည့်ခဲစက္ကူလိပ်၊အအေးစုပ်ပိုက်တပ်ထားသော အချိုရည်ဘူးခွံတို့ကို သိမ်းဆည်းရမိခဲ့သည်။

ဆက်လက်၍၎င်းတို့နှစ်ဦးအား စစ်ဆေးရာ နိုင်ဝင်းသိန်းက ကျန်ရှိသေးကြောင်း ပြောသဖြင့် ပူးပေါင်းအဖွဲ့သည် ဘုရင့်နောင်ရပ်ကွက်အိမ်အမှတ်(၁၀)နေ ငွေးဝင်းဆွေ၏ အိမ်သို့ ဝင်ရောက်ရှာဖွေရာ နေအိမ်အောက်ထပ်အဖီတဲအတွင်းရှိ စားပွဲပေါ်မှ ကြွပ်ကြွပ်အိတ်ဖြင့်ထည့်ထားသော ပန်းရောင်စိတ်ကြွဆေးပြား ၂၀၀၊ လှေကားအောက်ခြေဘေးရှိ အမှိုက်ခြင်းများအောက်တွင်ဝှက်ထားသော ဝိုင်အိုလက်ပေါင်ဒါဘူးအတွင်းမှ ပန်းရောင် စိတ်ကြွဆေးပြား ၁၃၀ စုစုပေါင်းစိတ်ကြွဆေးပြား ၃၃၀ နှင့် မူးယစ်ဆေးဝါး ရောင်းရငွေကျပ်ခြောက်သိန်းတို့ကို သိမ်းဆည်းရရှိခဲ့ပြီး ငွေးဝင်းဆွေမှာ တိမ်းရှောင်သွားသဖြင့် ဆက်လက်စုံစမ်းလျက်ရှိကာ နိုင်ဝင်းသိန်း(ခ)ဂျပန်ကြီးနှင့် ခင်မို့မို့ဝင်းတို့နှစ်ဦးအား တပ်ကုန်းမြို့မ ရဲစခန်းက မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေတတ်သော ဆေးဝါးများဆိုင်ရာဥပဒေဖြင့် အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(တင်လှ)**

◆



ပြည်တွင်းရေးရာ

# ကလေးဝမြို့နယ် ကျော်ဇင်ကျေးရွာတွင် ကမ်းပါးပြိုကျမှုကြောင့်နေအိမ်အချို့ပြောင်းရွှေ့



**ကလေးဝ အောက်တိုဘာ ၂၅**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးဝမြို့နယ်တွင် ဒုတိယအကြိမ်ရေကြီးရေလျှံမှုဖြစ်ပေါ်ပြီးနောက် မြစ်သာမြစ်ကမ်းဘေးရှိ ကျော်ဇင်ကျေးရွာတွင် ကမ်းပါးပြိုကျမှုများဖြစ်ပေါ်ခဲ့ရာ နေအိမ်အချို့ပြောင်းရွှေ့ခဲ့ရသည်။

ကမ်းပါးပြိုကျမှုများ ဆက်လက်ဖြစ်ပေါ်နေပြီး ယနေ့အထိ နေအိမ် ၁၅ လုံးပြောင်းရွှေ့ခဲ့ရသည်။ "မြေကြီးကပထမဆုံး အက်ကြောင်းတွေဖြစ်လာတာ။ နောက်တဖြည်းဖြည်းအက်ကွဲကြောင်းကကြီးလာပြီး မြေကြီးကနိမ့်ဆင်း ပြိုကျသွားတာပါ။ အက်ကွဲကြောင်းတွေ ဆက်လက်ဖြစ်ပေါ်နေတာကြောင့် မြစ်ကမ်းနဖူးမှာရှိတဲ့နေအိမ်အချို့ ဆက်လက်ရွှေ့ပြောင်းရတော့မှာပါ"ဟု ကျော်ဇင်ကျေးရွာနေ ဦးမျိုးဝင်းကပြောသည်။

ထို့အတူ ကျော်ဇင်ကျေးရွာနှင့် တစ်ဆက်တည်းဖြစ်သော အုန်းပင်စုနှင့် ရှမ်းတပ်ကျေးရွာများတွင်လည်း မြေကြီးအက်ကွဲကြောင်းများဖြစ်ပေါ်နေသဖြင့် နေအိမ်အချို့ပြောင်းရွှေ့ရမည်ဖြစ်သည်။

ကမ်းပါးပြိုကျမှုကြောင့် ပြောင်းရွှေ့နေအိမ်များအတွက် မြေနေရာများ ရှာဖွေဆောင်ရွက်ပေးပြီးဖြစ်သည်။ ထို့အပြင် ရွှေ့ပြောင်းပစ္စည်းသယ်ယူရေး အတွက်ကားများစီစဉ်ဆောင်ရွက်ပေးထားပြီး အိမ်များပြန်လည်ဆောက်လုပ်ရာတွင်လည်း လိုအပ်သည့်အကူအညီများ ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးခင်မောင်လွင်က ပြောကြားခဲ့သည်။

**သီဟ(iprd)**

# ခါးနာမယ်နော် သတိထား



လူကြီး၊ လူရွယ်၊ လူလတ်၊ လူငယ်များအားလုံးတွင် ဖြစ်တတ်သော ရောဂါတစ်ခုမှာ ခါးနာခြင်းဖြစ်သည်။ နေထိုင်သွားလာ လှုပ်ရှားရာ၌ မခံချိမခံသာနာကျင်တတ်သော ဝေဒနာဖြစ်၍ ခါးနာခြင်းကို ကြောက်ရွံ့ကြသည်။ မည်သူမျှ မခံစားလိုကြပေ။

ခါးနာခြင်းသည် အကြောင်းရင်းတစ်ခုခုကြောင့် ဖြစ်ပေါ်လာရသော ဝေဒနာလက္ခဏာတစ်ခုသာဖြစ်သည်။ ခါးနာရောဂါဖြစ်လာလျှင် ဖြစ်ပေါ်လာရသောအကြောင်းရင်းကို ရှာဖွေ၍ ကုသမှုပြုသင့်သည်။

ထိခိုက်ဒဏ်ရာရရှိခြင်း၊ မူမမှန်သော အနေအထား ဖိအားဒဏ်ခံစားရခြင်း၊ ပိုးတွယ်ကပ်၍ ပျက်စီးခြင်း၊ ကင်ဆာရောဂါဖြစ်ပွားခြင်း၊ နာတာရှည်အဆစ်ရောင်ရောဂါခံစားရခြင်း၊ အဆစ်ကျီးပေါင်းတက်ရောဂါဖြစ်ပွားခြင်း၊ အကြောညပ်ဝေဒနာခံစားရခြင်း၊ ကိုယ်တွင်းကလီစာ အစိတ်အပိုင်းများ ရောင်ရမ်းခြင်းနှင့် ရောဂါတစ်ခုခုစွဲကပ်ခြင်းတို့ကြောင့် ခါးနာခြင်းကို ဖြစ်ပေါ်စေသည်။ ကျယ်ပြန့်များပြောင်သော အခြားရောဂါအမျိုးမျိုးတို့ကြောင့်လည်း ခါးနာခြင်းဝေဒနာကို ဖြစ်ပေါ်စေနိုင်သေးသည်။

ခါးဆစ်ရိုးတီဘီရောဂါခံစားရခြင်း၊ အသက်အရွယ်ကြီးရင့်လာခြင်း၊ အထိုင်များသော အလုပ်များကို နေ့စဉ်လုပ်ဆောင်နေရပြီး လေ့ကျင့်ခန်းလုပ်မှုနည်းပါးခြင်းစသည်တို့ကြောင့်လည်း ခါးနာခြင်းကို ခံစားရတတ်သည်။ လေးလံသော အရာဝတ္ထုပစ္စည်းများကို ကုန်းပြီးမလိုက်မိခြင်း၊ ပက်လက်ကုလားထိုင်နှင့် ပုခက်စသည်တို့တွင် အိပ်စက်ခြင်းတို့ကြောင့်လည်း ခါးကိုနာစေတတ်သည်။

ခါးရိုးများရောင်ခြင်းကြောင့် ခါးနာခြင်းကို လူငယ်များတွင် အဖြစ်များကြောင်း တွေ့ရှိရသည်။ အဆစ်ရောင်ခါးနာဟု ခေါ်ကြသည်။ အသက်(၄၀)အောက် လူငယ်လူရွယ်များတွင် အဖြစ်များပြီး မနက်စောစောတွင် ပို၍နာတတ်သည်။ ခါးရိုးရောင်နေသူသည် မတ်တတ်ရပ်ပြီး လက်ဖျားနှင့် ကြမ်းပြင်ကိုထိစေရန် ခန္ဓာကိုယ်ကို ကိုင်းညွတ်ကြည့်ပါက လက်ဖျားနှင့် ကြမ်းပြင်မထိတော့ဘဲ ကျောရိုးကြီးတောင့်နေပါက ခါးဆစ်ရောင်လေးဖက်နာရောဂါ ဖြစ်နိုင်သည်။ ပိုမိုသေချာစေရန် ခါးဆစ်ရိုးကို ဓာတ်မှန်ရိုက်ကြည့်ပါက တင်ပါးချိုင့်ရိုးအဆစ်သည် ရောင်နေတတ်သည်။

ခါးဆစ်များမရောင်ဘဲ ခါးနာခြင်းကို အလေးအပင်မခြင်း၊ နေထိုင်မကောင်း၍ ကြွက်သားများနာသွားခြင်းတို့ကြောင့် ဖြစ်တတ်ကြောင်း တွေ့ရသည်။ နာတာရှည်မခံစားရဘဲ အနေအထိုင်မှန်ကန်အောင်နေခြင်း၊ ကြွက်သားများ ပြန်လည်သန်မာလာအောင် အကြောအဆစ်လေ့ကျင့်ခန်းဌာနတွင် စနစ်တကျလေ့ကျင့်ခန်းလုပ်ခြင်းတို့ဖြင့် ရောဂါကိုသက်သာပျောက်ကင်းစေနိုင်သည်။ လူလတ်ပိုင်းများတွင် ယင်းကဲ့သို့ခါးနာခြင်းဝေဒနာအဖြစ်များကြောင်း တွေ့ရှိရသည်။

ခါးနာမှုကို သက်သာစေနိုင်သော အကောင်းဆုံးအနေအထားမှာ ညီညာသော အိပ်ရာခင်းပေါ်တွင် ပက်လက်အိပ်ကာ ခေါင်းအုံးကို ဒူးအောက်တွင်ထား၍ အိပ်စက်လဲလျောင်းနေခြင်း၊ ခြေထောက်ကို ထိုင်ခုံပေါ်တင်၍ ဒူးနှင့်ပေါင်ကို ကွေးထားကာ အိပ်စက်လဲလျောင်းနားနေခြင်းတို့ကို နှစ်ရက်ခန့်ပြုလုပ်သင့်သည်။ အိပ်ရာပေါ်တွင် စိတ်ရောကိုယ်ပါ အနားယူခြင်းမှာ ခါးနာမှုကို များစွာသက်သာစေနိုင်သည်။

ထို့အတူပင် ကြာရှည်စွာရပ်၍ အလုပ်လုပ်ရမည်ဆိုပါက ခြေတစ်ဖက်ကို ခွေးခြေနိမ့်ပေါ်တွင် တင်ထားခြင်းအားဖြင့် ခါးတွင်ဖိအားတိုက်ရိုက်သက်ရောက်မှုကို လျော့နည်းစေသဖြင့် ခါးနာမှုကို လျော့နည်းစေသည်။ ၁၀ မိနစ်၊ ၁၅ မိနစ်ကြာတိုင်း ခြေထောက်ကို ဘယ်ညာပြောင်း၍ တင်ပေးသင့်သည်။

ဘေးတစောင်းအိပ်မည်ဆိုပါက ဒူးကွေး၍ ဒူးနှစ်လုံးကြားတွင် ဖက်လုံးထားကာ အိပ်စက်သင့်သည်။ ပက်လက်အိပ်ပါက ဒူးအောက်တွင် ခေါင်းအုံးထားပေးရမည်။ ခါးအောက်တွင်လည်း ခေါင်းအုံးအသေးထား၍ အိပ်သင့်သည်။ ပျော့အိသော မွေ့ရာများဖြင့် အိပ်စက်ခြင်း၊ ပက်လက်ကုလားထိုင် ထိုင်ခြင်းတို့ အထူးဂရုပြု၍ ရှောင်ရှားရမည် ဖြစ်သည်။

ထိုင်ခုံပေါ်တွင်ထိုင်ပါက ဒူးကိုပေါင်ထက် အနည်းငယ်မြင့်နေစေရန် ခွေးခြေပေါ်တွင် ခြေထောက်ကိုတင်ထားရန် လိုအပ်သည်။ ခါးတစ်ခုတည်း လှည့်ခြင်းမျိုးမလုပ်ဘဲ ခန္ဓာကိုယ်တစ်ခုလုံးလှည့်၍ အသုံးပြုခြင်းဖြင့် ခါးနာခြင်း မတိုးပွားအောင် ထိန်းထားနိုင်သည်။ ကားမောင်းနေစဉ် ကျောကုန်းနှင့်ခါးကို ဖြောင့်မတ်စွာထား၍ ထိုင်သင့်သည်။ ခါးနောက်တွင် ခေါင်းအုံးအသေး၊ မျက်နှာသုတ်ပဝါလိပ်တို့ကို ခုထားသင့်သည်။ မည်သည့်နေရာ၌မဆို ခါးကိုမတ်မတ်ထား၍ ထိုင်ခြင်းဖြင့် ခါးနာခြင်းကို သက်သာစေသည်။

ခါးနာခြင်းမှ ကင်းဝေးစေရန် အောက်ပါအချက်များကို လိုက်နာရပါမည်။

၁။ ခါးကုန်း၍ ပစ္စည်းမခြင်း မပြုရပါ။ ပစ္စည်းမရန် ဒူးကွေး၍ ဆောင့်ကြောင့်ထိုင်ပါ။ နောက်ကျောကို ဖြောင့်မတ်အောင်ထားပြီး ပစ္စည်းကို မိမိနှင့် နီးကပ်အောင် ကိုင်၍မပါ။ ခါးအားကိုမသုံးဘဲ ဒူးအားကိုသုံး၍ ပြန်ထပါ။ ပစ္စည်းမနေစဉ် ကိုယ်ကို လိမ်စောင်းမသွားအောင်ဂရုစိုက်ပါ။

၂။ ကြာရှည်စွာ ထိုင်သည့်အခါ တင်ပါးနှင့် ကျောကို နောက်မှီနှင့်ကပ်ထားပြီး တည့်တည့်မတ်မတ်ထိုင်ပါ။

၃။ လေးလံသော ပစ္စည်းများကို ရွှေ့သည့်အခါ မဆွဲဘဲ တွန်း၍ရွှေ့ပါ။

၄။ ကြာရှည်စွာကားမောင်းရမည်ဆိုပါက မကြာခဏရပ်၍ အနားယူပါ။

၅။ ဒေါက်မြင့်ဖိနပ်များစီးခြင်းကို ရှောင်ပါ။

၆။ ကိုယ်လက်လှုပ်ရှားမှုနည်းသူများ ခါးပိုနာတတ်သဖြင့် လေ့ကျင့်ခန်းပုံမှန်လုပ်ပေးပါ။

မည်သည့်အကြောင်းကြောင့် ခါးနာသည်ဖြစ်စေ ခါးနာရောဂါသည် အချိန်တိုအတွင်း ပျောက်ကင်းနိုင်သကဲ့သို့ တစ်ခါတစ်ရံ၌ အသက်အန္တရာယ်ကို ဖြစ်ပေါ်စေတတ်သော အခြေအနေမျိုးလည်း ရှိတတ်သည်။ သတိရှိဂရုစိုက်ဖို့ လိုပါသည်။

ခါးနာကျင်မှုသည် အောက်ပိုင်းသို့ ပျံ့နှံ့သွားခြင်း၊ ခြေနှစ်ဖက်စလုံးအားနည်းသွားခြင်း၊ ခြေလက်၊ ပေါင်ခြံနှင့် စအိုတစ်ဝိုက်တွင် ထုံခြင်း၊ ဖျားခြင်း၊ ပျို့အန်ခြင်း၊ ဗိုက်အောင့်ခြင်း၊ ဆီးဝမ်းလုပ်ငန်းများ ပုံမှန်မဆောင်ရွက်နိုင်ခြင်း၊ နာကျင်လွန်းသဖြင့် လုံးဝမလှုပ်နိုင်ခြင်း၊ နှစ်ပတ်၊ သုံးပတ်ကြာသည်အထိ နာကျင်မှုမသက်သာခြင်းတို့ ဖြစ်ပေါ်ခံစားလာရပါက သင်၏ခါးနာရောဂါသည် ပြင်းထန်လာပြီဖြစ်၍ ဆရာဝန်နှင့်ပြသကာ စနစ်တကျ ကုသမှုခံယူရပါမည်။ နှောင့်နှေးကြန့်ကြာနေပါက အသက်အန္တရာယ်ရှိလာနိုင်ပါသည်။

ခါးနာခြင်း၏ကုသမှုစက်ဝန်းမှာ အလွန်ရိုးရှင်းပါသည်။ ရောဂါလက္ခဏာပေါ်မှုတည်၍ ကောင်းမွန်သည့် အနေအထိုင်အလေ့အထကို မွေးမြူခြင်း၊ စနစ်တကျအနားယူခြင်း၊ ဆေးဝါးမှီဝဲခြင်း၊ စနစ်တကျလေ့ကျင့်ခန်းပြုလုပ်ခြင်းတို့ဖြင့် ရောဂါသက်သာပျောက်ကင်းအောင် ကုသနိုင်ပါသည်။

**ခါးနာခြင်းရောဂါဝေဒနာ ကင်းဝေးကြပါစေ။**

**ပန်းတောင်းသန်းကြွယ်**

## တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် လက်မှတ်ရေးထိုးနိုင်ခဲ့သည့်အပေါ် လူထုထောက်ခံပွဲများ ကျင်းပ

**ကော့ကရိတ်**

ကရင်ပြည်နယ် ကော့ကရိတ်မြို့ မြို့နယ်ခန်းမ၌ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် လက်မှတ်ရေးထိုးခြင်းကို ထောက်ခံသည့် အခမ်းအနားအား အောက်တိုဘာ ၂၄ ရက်က ကျင်းပခဲ့သည်။

အခမ်းအနားတွင် နိုင်ငံတော်အစိုးရနှင့်တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများမှ သဘောတူလက်မှတ်ရေးထိုးသည့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)အကြောင်းကို ဒေသခံတိုင်းရင်းသူ ဒေါ်နော်သူးလေထီးက ရှင်းလင်းတင်ပြခဲ့ပြီး ကော့ကရိတ်မြို့နယ် ကရင်စာပေနှင့်ယဉ်ကျေးမှု ဖွံ့ဖြိုးတိုးတက်ရေးဥက္ကဋ္ဌ ဦးစောပန်းစိန်က သဘောတူစာချုပ်လက်မှတ်ရေးထိုးခြင်းအား ထောက်ခံသည့် အဆိုကို တင်ပြခဲ့သည်။

အခမ်းအနားသို့ ခရိုင်နှင့်မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ငြိမ်းချမ်းရေးကိုယ်စားလှယ်များ၊ ကရင်၊မွန်၊ ပအိုဝ်းတိုင်းရင်းသားများ စုစုပေါင်း၁၂၀၀ခန့် တက်ရောက်ခဲ့ပြီး အခမ်းအနားကို ကြွေးကြော်သံများဖြင့် ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

**(ခရိုင်ပြန်/ဆက်)**

**မိုးမိတ်**

ရှမ်းပြည်နယ်(မြောက်ပိုင်း) မိုးမိတ်ခရိုင် မိုးမိတ်မြို့တွင် အောက်တိုဘာ ၂၄ ရက်က တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် လက်မှတ်ရေးထိုးခြင်း ထောက်ခံပွဲကို ကျင်းပခဲ့သည်။

နေပြည်တော်တွင် ချုပ်ဆိုခဲ့သည့် နိုင်ငံတော်အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအကြား တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် လက်မှတ်ရေးထိုးခြင်းကို ထောက်ခံကြိုဆိုသည့် အခမ်းအနားတွင် မိုးမိတ်မြို့နှင့် မဘိမ်းမြို့နယ်များမှ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်ကွက်/ကျေးရွာများမှ ဒေသခံတိုင်းရင်းသားများက ဗီနိုင်းပိုစတာကြီးများနှင့် လက်ကိုင်ပိုစတာများကိုင်ဆောင်၍ ကြွေးကြော်သံများဖြင့် စီတန်းလှည့်လည်ခဲ့ကြသည်။ ဆက်လက်ပြီး သဘာပတိက တက်ရောက်လာကြသူများ၏ သဘောထားကိုတောင်းခံရာ တစ်ခဲနက်ထောက်ခံခဲ့ကြပြီး အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်းသိရသည်။

**(ခရိုင်ပြန်/ဆက်)**

**လှိုင်းဘွဲ့**

လှိုင်းဘွဲ့မြို့နယ်တွင်တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်လက်မှတ်ရေးထိုးခြင်းကို လှိုင်းဘွဲ့မြို့နယ် လူထုမှ ဂုဏ်ပြုထောက်ခံပွဲအခမ်းအနားကို အောက်တိုဘာ ၂၄ ရက်က ကပ္ပလီ ကျေးရွာ၌ ကျင်းပရာ အခမ်းအနားသို့ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ကျေးရွာအုပ်စု ၁၀ အုပ်မှ ကျေးရွာသူ ကျေးရွာသားများ စုစုပေါင်း ၆၅၀ ခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။

**(မြို့နယ်ပြန်/ဆက်)**

**ကျိုင်းတုံမြို့**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)ကျိုင်းတုံမြို့ မြို့မအားကစားကွင်းတွင် အောက်တိုဘာ ၂၄ ရက်က တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်လက်မှတ်ရေးထိုးနိုင်ခဲ့ခြင်းအပေါ်ထောက်ခံသည့် အခမ်းအနားကျင်းပခဲ့ရာ ကျိုင်းတုံမြို့ ရပ်ကွက် ငါးရပ်ကွက်မှ ဒေသခံတိုင်းရင်းသားအင်အား ၅၀၀၀ ခန့်သည် သဘောတူစာချုပ်လက်မှတ်ရေးထိုးခြင်းအား ထောက်ခံသည့် ဗီနိုင်းပိုစတာများ၊ လက်ကိုင် ဆိုင်းဘုတ်များကိုင်ဆောင်ပြီး ကြွေးကြော်သံများဖြင့် မြို့မအားကစားကွင်းသို့ ချီတက်ကြသည်။

ယင်းနောက် မြို့မိမြို့ဖ ဦးခင်မောင်ထွန်းက တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခတ်မှုရပ်စဲရေး သဘောတူစာချုပ် လက်မှတ်ရေးထိုးနိုင်ခဲ့ခြင်းအား ဂုဏ်ပြု ကြိုဆိုထောက်ခံကြောင်း အဆိုတင်သွင်းရာ လားဟူတိုင်းရင်းသူ ဒေါ်နန်းရွှေလေးက ယင်းအဆိုကို ထောက်ခံကြောင်းပြောကြားပြီး အခမ်းအနားကို ကြွေးကြော်သံများဖြင့် ရုပ်သိမ်းခဲ့ကြောင်းသိရသည်။

**(ပြည်နယ်ပြန်/ဆက်)**



# မြန်မာလေယာဉ် ပြန်ပေးဆွဲဖြစ်ရပ်မှန် ဇာတ်လမ်းအား အထူးပွဲပြသ

**ရန်ကုန် အောက်တိုဘာ ၂၅**


နှစ်ပေါင်း ၆၀ ကျော်အတွင်း ကမ္ဘာတွင် မြန်မာနိုင်ငံ၏ ပထမဆုံးသော လေယာဉ်ပျံပြန်ပေးဆွဲမှု ဖြစ်ရပ်မှန်ဇာတ်လမ်းကို ရိုက်ကူးထားသည့် **"ရောင်နီဦး၏ အလင်းရောင်နှင့်အတူ"** ဇာတ်ကားကို ရန်ကုန်မြို့ Junction Squareတွင် ယမန်နေ့နံနက်က စာနယ်ဇင်းများတွင် ပြသခဲ့ကြောင်း သိရသည်။

ဆက်လက်၍ "လေယာဉ်ပျံပြန်ပေးဆွဲတဲ့ ဦးစောကျော်အေးဆိုရင် အခု ၉၂ နှစ် ရှိပြီ။ မိသားစုဘဝကို မတည်ဆောက်ဘဲ ယုံကြည်ချက်နဲ့ လက်နက်ကိုင်စွဲပြီး တိုင်းပြည်အတွက် အသက်စွန့်လုပ်ခဲ့ကြတာကိုတွေ့ရတယ်" ဟု ဒါရိုက်တာအဏ်ထော်ဇာက ပြောသည်။

အမှန်မှာ တစ်ဦးချင်းစီ၏ မိသားစုဘဝတိုးတက်အောင် တည်ဆောက်မှသာ တိုင်းပြည်လည်းသာယာလှပလာမှာဖြစ်ကြောင်း၊ မိမိတိုင်းရင်းသားမျိုးနွယ်စုချင်း ငြိမ်းချမ်းရေးမယူဘဲတိုက်ခိုက်နေကြလျှင် တိုင်းပြည်လည်း တိုးတက်မှုနှေးကွေးမှာဖြစ်ကြောင်း၊ တိုင်းပြည်တိုးတက်ဖွံ့ဖြိုးမှသာ မိမိတို့အနုပညာသမားများအတွက်လည်း အဆင်ပြေမှာဖြစ်ကြောင်း၊ ထို့ကြောင့် တိုင်းပြည်အတွက် လိုအပ်လျက်ရှိသောအချက်ကို အနုပညာသမားပီပီ အနုပညာဖြင့် သရုပ်ဖော်တင်ပြထားခြင်း ဖြစ်ကြောင်းကိုလည်း ၎င်းက ဆက်လက်ပြောကြားသည်။

ယင်းဇာတ်ကားကို ၂၀၁၃ ခုနှစ် မေလ ၁၈ ရက်က စတင်ရိုက်ကူးမည်ဟု အသိပေးကြေညာကာ သရုပ်ဆောင်များနှင့် တတ်သိပညာရှင်များအား ဖိတ်ကြားကာ သင်ကြားပေးခဲ့ကြောင်း၊ ယင်းနှစ်ထဲမှာပင် စတင်ရိုက်ကူးကာ ၂၀၁၄ ခုနှစ်မှာ ပထမအကြိမ်၊ ၂၀၁၅ သင်္ကြန်အပြီးတစ်ကြိမ်၊ နောက် ၂၀၁၅ မှာပင် နောက်ထပ်တစ်ကြိမ် သုံးကြိမ်ဆက်တိုက် ပြုပြင်ပြီးမှ ယခုစာနယ်ဇင်းပွဲတွင် ပြသခြင်းဖြစ်သည်ဟု သိရသည်။ အဆိုပါဇာတ်ကားကို ၂၀၁၆ ခုနှစ် နှစ်ကုန်ပိုင်းတွင် ပြသမည်ဟု သိရသည်။

ထိုင်းနိုင်ငံရှိ မြန်မာအများစုနေထိုင်ရာနှင့် ကရင်အများစုနေထိုင်ရာမြို့များတွင် ရုံတင်ပြသပြီး မြန်မာ့ရုပ်ရှင်အသိုင်းအဝိုင်းမှတစ်ဆင့် ကမ္ဘာသို့ ပြသနိုင်ရန်အတွက် မြန်မာအသံထွက် အင်္ဂလိပ်စာတန်းထိုးပြသမှာဖြစ်ကြောင်း၊ ယင်းဇာတ်ကားရိုက်ကူးရာတွင် ကျပ်သိန်း ၂၀၀၀ ကျော် ကုန်ကျခံရိုက်ကူးခဲ့ကြောင်း ဒါရိုက်တာအဏ်ထော်ဇာက ပြောသည်။




လေယာဉ်ပျံပြန်ပေးဆွဲသူ စော်ကျော်အေးအဖြစ် သရုပ်ဆောင်သည့် စိုင်းလျံက "ကျွန်တော်အကြိုက်ဆုံးအခန်းက လေယာဉ်ပျံပြန်ပေးဆွဲတော့ စနက်တံဖြုတ်ပြီး လက်ပစ်ဗုံးကိုကိုင်ထားတဲ့အခန်းကို ကြိုက်ပါတယ်။ တကယ့်စစ်သားတွေကို သချာလေ့လာပြီး မာထန်နေအောင်လုပ်လို့ရအောင် လေ့ကျင့်ထားပါတယ်"ဟု ပြောသည်။

**အောင်မင်း(ဒလ)**

## ကုတ်အင်္ကျီဝတ်ဆင်ရာမှာ စတိုင်အကျဆုံး ကိတ်မစ်ဒယ်လ်တန်



စကော့တလန်ကိုရောက်ရှိနေတဲ့ ကိန်းဘရစ်မြို့စားကတော် ကိတ်မစ်ဒယ်လ်တန်က အပြာရောင်ကုတ်အင်္ကျီအထူကို ဝတ်ဆင်ပြီး လူထုကိုနှုတ်ဆက်ခဲ့ရာမှာ စတိုင်ကျလှပနေတာကြောင့် သူ့ကို" ကုတ်အင်္ကျီဘုရင်မ"လို့ ဗြိတိန်မီဒီယာများက ဖော်ပြခဲ့ကြသည်။မစ်ဒယ်လ်တန်က မကြာသေးခင်ကာလကပဲ ဒုတိယမြောက်ရင်သွေး မင်းသမီးလေး ချာလော့တီကို မွေးဖွားထားခဲ့ပေမယ့် ခန္ဓာကိုယ်အချိုးအစားပြေပြစ်ဆဲဖြစ်တာကြောင့် အငှားကိုယ်ဝန်နဲ့ မွေးဖွားခဲ့တာ ဖြစ်တယ်လို့တောင် စွပ်စွဲခံရတဲ့အထိ လူထုကြားမှာရေပန်းစားခဲ့သူပါ။ မင်းသားဝီလျံနှင့် မစ်ဒယ်လ်တန်တို့သည် ၂၀၁၁ခုနှစ်တွင်လက်ထပ်ခဲ့ကြပြီး နှစ်နှစ်အရွယ်သားငယ်နှင့် ခြောက်လအရွယ် သမီးငယ်တို့အားရရှိပိုင်ဆိုင်ကြပြီးဖြစ်သော်လည်း မိသားစုဝင်များပြားသည့် အသိုင်းအဝိုင်းမှပေါက်ဖွားလာသူ မစ်ဒယ်လ်တန်က တတိယမြောက် ရင်သွေးတစ်ဦးကို၂၀၁၆ အတွင်း ထပ်မံမွေးဖွားရန် ဆန္ဒရှိနေသည်။

ကိတ်က ပါတီပွဲတွေ၊ ညှော်ခံပွဲတွေတက်ရောက်တိုင်းမှာ လူအများကြားထဲ ထင်းနေအောင် လှပသူဖြစ်ပြီး တော်ဝင်မိသားစုနဲ့လည်း လိုက်လျောညီထွေအောင်နေထိုင်တတ်သူဖြစ်သော်လည်း တချို့ကမူ ကိတ်ကို ဟန်ဆောင်ကောင်းလွန်းသူအဖြစ်ဝေဖန်မှုများလည်းရှိနေသည်။ ကိတ်နှင့် မင်းသားဝီလျံတို့က စိတ်ကျန်းမာရေး အသိပညာပေးရေးအတွက် စကော့တလန်သို့ရောက်ရှိနေပြီး လာမယ့် အောက်တိုဘာ၃၀ရက်တွင်ကျောင်းသားကျောင်းသူများနှင့် သီးခြားတွေ့ဆုံမှုများပြုလုပ်ရန်စီစဉ်ထားသည်။ ပရဟိတလုပ်ငန်းလုပ်ကိုင်ရသည်ကို ဝါသနာပါသည့် မစ်ဒယ်လ်တန်အား ဒိုင်ယာနာလက်သစ်အဖြစ် ဗြိတိန်ပြည်သူများက တင်စားကြသော်လည်း ဒိုင်ယာနာနှင့် ချွေးမဖြစ်သူ မစ်ဒယ်လ်တန်တို့မှာ စရိုက်လက္ခဏာအားဖြင့် အလုံးစုံကွဲပြားမှုရှိသည်ဟု တော်ဝင်မိသားစုနှင့် နီးစပ်သူများက မှတ်ချက်ပြုကြသည်။

**မေလှသင်း**

## လက်ထပ်တော့မယ့် ကင်ဟာနူး



ကိုရီးယားနာမည်ကျော်မင်းသမီးကင်ဟာနူးက ချစ်သူဖြစ်တဲ့ စီးပွားရေးလုပ်ငန်းရှင်တစ်ဦးနဲ့ လာမယ့်နွေဦးရာသီမှာ လက်ထပ်တော့မယ်လို့ မင်းသမီးရဲ့ အေဂျင်စီဖြစ်တဲ့ SMC&C ကအတည်ပြုခဲ့ပါတယ်။ ကင်ဟာနူးရဲ့ ချစ်သူက ဘယ်သူဘယ်ဝါဆိုတာ နာမည်အတိအကျ ထုတ်ဖော်မပြောခဲ့ပေမယ့် မင်းသမီးထက်အသက်တစ်နှစ်ငယ်ရွယ်ပြီး လာမယ့် ၂၀၁၆ မတ် ၁၉ ရက်မှာ လက်ထပ်တော့မှာဖြစ်တယ်လို့ ပရိသတ်ကို အသိပေးခဲ့ပါတယ်။

သူတို့နှစ်ဦးရဲ့ ချစ်သူသက်တမ်းက တစ်နှစ်သာ ရှိသေးပေမယ့် နှစ်ဖက်မိဘတွေနဲ့ မင်္ဂလာကိစ္စရပ် စကားကမ်းလှမ်းခဲ့ကြပြီးနောက်မှာ အခုလို မင်္ဂလာရက်အတိအကျကိုပါ သတ်မှတ်နိုင်ခဲ့တာဖြစ်ပါတယ်။ အေဂျင်စီက မင်းသမီးကင်ဟာနူးက နာမည်ကျော်မင်းသမီးဘဝကို အောင်မြင်စွာလျှောက်လှမ်းနိုင်ခဲ့ပြီးနောက် အခုလိုဘဝတစ်ခုကို အခြေတကျတည်ဆောက်နိုင်တော့မှာဖြစ်တဲ့အတွက် မင်းသမီးအစားများစွာ ဂုဏ်ယူပါကြောင်းလည်းဖော်ပြခဲ့ပါတယ်။

## ရုပ်မြင်သံကြားအစီအစဉ်များ

၂၆ - ၁၀ -၂၀၁၅ (တနင်္လာနေ့)

### မြန်မာ့ရုပ်မြင်သံကြား Entertainment Channel

၆း၀၀ အဖွင့်
- ခြေခြေမြစ်မြစ်
နှစ်နှစ်ကာကာချစ်တဲ့
ကာလပေါ်တေးအရသာ
ဂီတရိပ်သာ
"ပုံရိပ်ထင်ထင်အမိတက္ကသိုလ်
ရင်ခွင်တေးများ"
၆း၂၀ "ဒီမိုကရေစီစိတ်ထား"
(အပိုင်း-၅)
၆း၄၅ ဝတ်စားဆင်ယင်မှုပြပွဲ
၇း၀၀ နိုင်ငံခြားဇာတ်လမ်းတွဲ
"မြစိမ်းရောင်သံစဉ်" (အပိုင်း-၉)
၇း၅၀ နိုင်ငံခြားဇာတ်လမ်းတွဲ
"မင်္ဂလာပါဂင်ချီ"
(အပိုင်း-၂၁)
၈း၄၀ တေးဂီတအစီအစဉ်
၈း၅၀ "ပန်းပျိုးလက်တို့၏သမာဓိနှလုံးသားများ" (ထွန်းထွန်းဝင်း၊ ဇော်ဦး၊ နေအောင်၊ မိုးဒီ၊ ခင်မို့မို့အေး၊ ထက်နဒီ၊ ပန်းသော်တာ၊ သဒ္ဒါ)
(ဒါရိုက်တာ-မိုးဇော်ကို)
၁၀း၀၀ ငယ်မူဟန်ပန်သူ့ဆိုဟန်
(တင်တင်မြ)
၁၀း၂၅ မြန်မာဗီဒီယိုဇာတ်လမ်း
"ပန်းကလေးများ၏ရှိုက်သံ"
(ထိုက်တန်၊ မိုးယုစံ)
(ဒါရိုက်တာ-ဥက္ကာဗို)

**တစ်နေ့ (၆) နာရီစာ (၄) ကြိမ်ပြသပါမည်။**

### MRTV - 4

၅း၀၀ ပဋ္ဌာန်းပါဠိတော်၊ ရတနသုတ်
၉း၄၀ အနုပညာမိုးကောင်းကင်
၁၀း၀၅ ခေတ်သစ်ပျိုမေ
၁၀း၅၅ ရန်ကုန်မြင်ကွင်းကျယ်
၁၁း၀၅ သွားမယ်စားမယ် (i Hot Pot)
၁၁း၃၀ Forever Music Tribute
Hip Hop Show Time
(အပိုင်း-၅) (ပထမပိုင်း)
၁၂း၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ
"သွေးနဲ့ရေးတဲ့သမိုင်းမှတ်တမ်း"
(အပိုင်း-၇၉)
၁၂း၃၀ ထောင်မင်းသားနှင့်တွေ့ဆုံခြင်း
၁၂း၄၀ ရန်ကုန်မြင်ကွင်းကျယ်
၁း၀၀ "ကောင်းကင်ယံက တရားသံ"
တရားတော်
(ရွှေပြည်ဟိန်းဆရာတော်)
၂း၂၀ မြန်မာရုပ်သံဇာတ်လမ်းတွဲ
"Flowers & Butterflies"
၂း၅၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ
"လျှို့ဝှက်ဒဏ္ဍာရီ" (အပိုင်း-၉၄)
၆း၁၀ Health Fix
၆း၁၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ
"လျှို့ဝှက်ဒဏ္ဍာရီ"
(အပိုင်း-၉၅)
၈း၂၀ Drive It
၈း၄၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ
"မျဉ်းပြိုင်ကြားကမေတ္တာများ"
(အပိုင်း-၁၆)
၉း၂၅ MRTV-4ရုပ်သံဇာတ်လမ်းတွဲ
"သွေးနဲ့ရေးတဲ့သမိုင်းမှတ်တမ်း"
(အပိုင်း-၈၀)
၉း၅၅ အနုပညာမိုးကောင်းကင်
၁၀း၁၅ Global Panorama
(ကိုကိုလှိုင်၊ မျိုးမြတ်သူ)
၁၀း၅၅ MRTV-4 Stage
၁၁း၂၀ World of Knowledge
(Banged Up Abroad Mexico
Money Machine cover)
၄း၄၀ မန္တလေးမဟာမြတ်မုနိ
ရုပ်ရှင်တော်မြတ်ကြီး

### မြဝတီ

၆း၀၃ တရားတော်
၆း၁၆ မေတ္တာပို့
၆း၂၀ ဓမ္မပူဇာတေး
၆း၂၅ ကိုယ်လက်လှုပ်ရှားအားကစား
၈း၀၅ VOA အင်္ဂလိပ်စာသင်ခန်းစာ
၈း၁၅ ရွှေးဟောင်းသုတ
၈း၂၀ DVD Hits
၈း၃၅ ဟန်ချက်ညီညီနိုင်ငံတော်သစ်ဆီ
၉း၁၀ သူနှင့်သူ၏သီချင်းများ
၄း၂၀ စိုက်ပျိုးသုတ
၄း၃၀ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄း၃၅ ဇာတ်လမ်းတို
၅း၀၅ မြန်မာသံစဉ်ချိုနားဝင်
၅း၁၅ ရင်ခုန်စရာအမှောင်ကမ္ဘာ
၅း၃၅ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း
- ဂန္ထဝင်မြောက်အမုန်း
(အပိုင်း-၆၆)
၆း၂၀ သံစဉ်လမ်းကလင်းလက်ကြယ်
၇း၀၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း
- ဂျောင်းဒိုဂွန်း (အပိုင်း-၄၁)
- ကြယ်ကလေးတို့ရဲ့
ဂီတမိုးကောင်းကင်
- မေးမြန်းစူးစမ်း
- ယနေ့ညအတွက်မြဝတီ၏
တေးလက်ဆောင်
- ရသစုံလင်ရုပ်မြင်ဇာတ်လမ်း
- ဓနတံတိုင်းရဲ့တစ်ဖက်တစ်ချက်
(အပိုင်း-၂၅)

### mitv

07:03 News
07:26 Tapestry- A Unique Combination of Painting and Craftsmanship
07:45 Ywar Thit's Monhinkhar
08:03 News
08:26 Magnificent Thadingyut Festival
08:32 We'll Leave After 12 Passengers Are on Board ……..
08:47 Shweku Backdrop-One of Myanmar Prestige
08:53 Art Students: Theatrical Art
09:26 The Beauty of Stylish Myanmar Dress
09:39 The Iron Rider
09:52 Sweet Delicacy of Pathein
10:26 Orchidologist Dr. Saw Lwin
10:49 A Star for Great Achievement
07:26 Food Trip (EP-1) Part -1
07:48 A Pretty Custom of Kandayawady Asia Vut A @ Rice Pounding Competition
08:26 Taste of Myanmar (Shan - Flat-Rice-Noodle Soup)
08:41 Porcelain and Glass
08:48 Serene and Happy Rural Life in Myanmar

**အားကစား**

# Myanmar Wave Rider Cup & KTA Race Open 2015 ပြိုင်ပွဲကျင်းပမည်

**နေပြည်တော် အောက်တိုဘာ ၂၅**

မြန်မာနိုင်ငံရွက်လှေအဖွဲ့ချုပ်သည် မြန်မာ့ရွက်လှေအားကစား အဆင့်အတန်း ပိုမိုတိုးတက်မြင့်မားရေးအတွက် အဘက်ဘက်မှ ကြိုးပမ်းဆောင်ရွက်လျက်ရှိရာတွင် မြန်မာ့ခရီးသွားလုပ်ငန်း တိုးတက်မြင့်မားရေးအတွက်ကိုပါ ရည်ရွယ်လျက် အားကစားဝန်ကြီးဌာနနှင့် ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့တို့၏ ခွင့်ပြုချက်ဖြင့် Myanmar Wave Rider Cup & KTA Race Open 2015 ပြိုင်ပွဲကို အောက်တိုဘာ ၂၈ ရက်မှ ၃၁ရက် အထိ ပုသိမ်ခရိုင် ငွေဆောင်ကမ်းခြေ ပင်လယ်ပြင်ရွက်လှေအားကစားလေ့ကျင့်ရေးစခန်း၌ ကျင်းပသွားရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။

ယင်းပြိုင်ပွဲကို ကုမ္ပဏီ/အဖွဲ့အစည်းရှစ်ခု၏ ပံ့ပိုးကူညီမှုဖြင့် လက်ခံကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**






## ဇီဒန်းထက်ပိုကောင်းတဲ့ ဒီမီထရီပယက်

ဝက်စ်ဟမ်းကွင်းလယ်ဖန်တီးရှင် ဒီမီထရီပယက်ဟာ ဒီနှစ်ဘောလုံးရာသီမှာ ခြေစွမ်းပြသနေတဲ့အတွက် ဝက်စ်ဟမ်းပရိသတ်တွေက သူတို့ကစားသမားကို ယခင်ရီးယဲလ်ဂန္ထဝင်ကစားသမားဇီဒန်းထက်တောင် ပိုကောင်းတဲ့ ကစားသမားပါလို့ ဆိုလိုက်ပါပြီ။ပယက်ဦးဆောင်တဲ့ ဝက်စ်ဟမ်းကွင်းလယ်က ပရီမီယာလိဂ်အသင်းကြီးတွေကိုတောင် အနိုင်ကစားနိုင်တဲ့ အစွမ်းအစတွေမြင်တွေ့နေရပြီး ပယက်ကတော့ သူ့ကိုဇီဒန်းလိုကစားသမားနဲ့ နှိုင်းယှဉ်ခံရတာကိုက သူ့အတွက် ကြီးမားတဲ့ဆုလာဘ်တစ်ခုလို ဖြစ်နေပါပြီလို့ ဖွင့်ဟလိုက်ပါတယ်။

ယခုတစ်ပတ်ကစားခဲ့တဲ့ ပွဲစဉ်မှာလည်း ချယ်လ်ဆီးကိုအနိုင်ကစားနိုင်ခဲ့သလို ရာသီအစမှာ အာဆင်နယ်၊လီဗာပူးနဲ့ မန်စီးတီးတို့ အားလုံးကိုအနိုင်ရအောင်ကစားနိုင်ခဲ့တာကြောင့် ဝက်စ်ဟမ်းအသင်းကို ပရိသတ်တွေပိုပြီးသတိထားမိလာကြတာဖြစ်ပါတယ်။ ဒီလိုရလဒ်ကောင်းတွေရဲ့ အဓိကပဲ့ကိုင်ရှင်က ဝက်စ်ဟမ်းနည်းပြ ဘီလစ်ဖြစ်ခဲ့သလို ကွင်းလယ်မောင်းနှင်အား ပယက်ကလည်း အဓိကအခန်းကဏ္ဍက ပါဝင်ခဲ့ပါတယ်။

"ခရစ္စတယ်ပဲလေ့စ်ကို အနိုင်ရတဲ့ပွဲအပြီးမှာ ကျွန်တော့်ရဲ့တွစ်တာစာမျက်နှာပေါ်မှာ ပရိသတ်တွေရဲ့ ချီးကျူးမှုစာသားတွေပြည့်နေတာကို တွေ့ရပါတယ်။ ပြီးတော့ ကျွန်တော့်နာမည်ပါအောင် စပ်ဆိုထားတဲ့သီချင်းကို ဘဝမှာ ပထမဆုံးအကြိမ်ကြားခဲ့ရပါတယ်။အခု ပရိသတ်တွေက ကျွန်တော့်ကို ဇီဒန်းလို ကစားသမားနဲ့ ခိုင်းနှိုင်းခဲ့တဲ့အတွက်လည်း တကယ့်ကို ကျေနပ်မိပါတယ်" လို့ ပယက်က ဆိုခဲ့ပါတယ်။

ပယက်ဟာ အရင်က လီဂူး-၁ ကလပ် လိုင်လီမှာ ဟာဇက်နဲ့ တစ်နှစ်လောက်လက်တွဲကစားဖူးတဲ့အတွေ့အကြုံရှိသူဖြစ်တာကြောင့် ဟာဇက်အနေနဲ့ အခုကျရောက်နေတဲ့ ဖိအားအောက်က အမြန်ဆုံး ပြန်လည်ရုန်းထနိုင်မယ်ဆိုတာ သူ့အနေနဲ့ သံသယမရှိပါဘူးလို့လည်း ယခင်အသင်းဖော်ဟောင်းကို အားပေးစကားပြောကြားခဲ့ပါတယ်။

ရွှိုင်ယန်ဟေဒင်

## အောက်တိုဘာ ၂၆ ရက်နေ့ ယှဉ်ပြိုင်ကစားမည့် ပွဲစဉ်များ

**လာလီဂါ ပွဲစဉ် (၉)**

အက်သလက်တီကို - ဗလင်စီယာ နံနက်-၂း၀၀

**စီးရီးအေ ပွဲစဉ် (၉)**

ချီယေဗို - နာပိုလီ နံနက်-၂း၁၅

**ပြင်သစ်လီဂူး ပွဲစဉ် (၁၀)**

ပီအက်စ်ဂျီ - စိန့်အက်တီယန် နံနက်-၂း၃၀

## အောက်တိုဘာ ၂၅ ရက်နေ့ အနိုင်/အရှုံးရလဒ်များ

**ပရီမီယာလိဂ် ပွဲစဉ် (၁၀)**

| | | | | |
|---|---|---|---|---|
| အာဆင်နယ် | ၂ | - | ၁ | အဲဗာတန် |
| ဆန်းဒါးလန်း | ၃ | - | ၀ | နယူးကာဆယ် |
| မန်ယူ | ၀ | - | ၀ | မန်စီးတီး |
| ဘုန်းမောက် | ၁ | - | ၅ | စပါး |

**လာလီဂါ ပွဲစဉ် (၉)**

| | | | | |
|---|---|---|---|---|
| ဂရန်နာဒါ | ၁ | - | ၁ | ဘက်တစ် |
| ဆီဗီလာ | ၅ | - | ၀ | ဂီတာဖေး |
| မာလာဂါ | ၂ | - | ၀ | ဒီပို့တီဗို |
| လီဗန်တေး | ၀ | - | ၄ | ဆိုစီဒက် |

**စီးရီးအေ ပွဲစဉ် (၉)**

| | | | | |
|---|---|---|---|---|
| ကာပီ | ၁ | - | ၂ | ဘိုလော့နာ |
| ပါလာမို | ၁ | - | ၁ | အင်တာမီလန် |
| ဆမ်ဒိုးရီးယား | ၄ | - | ၁ | ဗီရိုနာ |
| ဂျူဗင်တပ် | ၂ | - | ၀ | အတ္တလန္တာ |
| အေစီမီလန် | ၂ | - | ၁ | ဆာစူအိုလို |
| အူဒီးနီးစ် | ၁ | - | ၀ | ဖရိုစီနီ |

**ဘွန်ဒက်လီဂါ ပွဲစဉ် (၁၀)**

| | | | | |
|---|---|---|---|---|
| အင်ဂေါ့စတက် | ၀ | - | ၁ | ဟာသာဘာလင် |
| ဒေါ့မွန် | ၅ | - | ၁ | အော့စ်ဘတ် |

**ပြင်သစ်လီဂူး ပွဲစဉ် (၁၀)**

| | | | | |
|---|---|---|---|---|
| လိုရီယန့် | ၁ | - | ၁ | ရင်းနစ်စ် |
| အန်ဂါးစ် | ၀ | - | ၀ | ဂူအင်ဂမ့် |
| ဂါဇီလက် | ၃ | - | ၁ | နိုက်စ် |
| မောင့်ပယ်လီယာ | ၂ | - | ၀ | ဘက်စ်တီယာ |
| ရိမ်းစ် | ၀ | - | ၁ | မိုနာကို |

**မောင်မောင်ဇော်**

## မီဒီယာများနှင့် စကားပြောရန်ငြင်းဆိုခဲ့သည့် မော်ရင်ဟို

ချယ်လ်ဆီးနည်းပြ မော်ရင်ဟိုက ချယ်လ်ဆီးက ဝက်စ်ဟမ်းအသင်းအား နှစ်ဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သောပွဲအပြီးတွင် မီဒီယာများ၏ တွေ့ဆုံမေးမြန်းမှုကို ဖြေကြားရန် ငြင်းဆိုခဲ့ကြောင်း သိရသည်။ သူနှင့် ချယ်လ်ဆီးအနာဂတ်ကို မေးခွန်းထုတ်လိုသော မီဒီယာများ၏ မေးမြန်းမှုကိုရှောင်လွှဲလိုသည့် မော်ရင်ဟိုက သူ့အားလှောင်ပြောင်သရော်သည့် အကြောင်းအရာများအား ခေါင်းကြီးသတင်းများအဖြစ်ဖော်ပြလိုသော မီဒီယာများအနေဖြင့် ယခုအချိန်မှစ၍ အဆိုပါအခွင့်အရေးမျိုးရရှိတော့မည်မဟုတ်ဟု သတိပေးစကားပြောကြားခဲ့သည်။

အဆိုပါပွဲစဉ်အပြီး၌ ချယ်လ်ဆီးကစားသမားများထဲတွင် ဂယ်ရီကာဟေးတစ်ယောက်သာ မီဒီယာများ တွေ့ဆုံမေးမြန်းမှုကို ပြန်လည်ဖြေကြားခဲ့ပြီး " ကျွန်တော်တို့အတွက် စိတ်မကောင်းဖြစ်တဲ့ ခံစားချက်မျိုးမခံစားရပါဘူး"ဟု ဖြေကြားခဲ့သည်။

မော်ရင်ဟိုသည် ယခင်က ချယ်လ်ဆီးအနေဖြင့် ရာသီသိမ်းချိန်တွင် ထိပ်ဆုံးလေးသင်းစာရင်းသို့ ဝင်ရောက်ရန်အာမခံခဲ့သော်လည်း တကယ်တမ်းပွဲကစားချိန်တွင် နိုင်ပွဲထက် ရှုံးပွဲများသာ ဆက်နေခဲ့သောကြောင့် ထုတ်ပယ်ခံရရန် အလားအလာများနေခဲ့ပြီဖြစ်သည်။ ကလပ်အသင်းအဝတ်လဲခန်းတွင်လည်း ဘာဘာ၊ အော်စကာ၊ မာတစ်၊ ဖယ်လ်ကာအိုစသည့် ကစားသမားများနှင့် ဆက်ဆံရေးအဆင်မပြေဘဲ ကစားသမားအများစုမှာ ရှုံးပွဲများကြောင့် ၎င်းတို့အပေါ်တွင်သာ ဖိအားပေးနေသည့် နည်းပြမော်ရင်ဟို၏ စီမံခန့်ခွဲမှုများအပေါ် စိတ်ပျက်နေကြသည်။ ယခုဝက်စ်ဟမ်းနှင့်ပွဲတွင်လည်း ချယ်လ်ဆီးကစားသမားများ၏ စိတ်ဓာတ်ပိုင်းဆိုင်ရာ လျော့ရဲမှုကို အထင်းသားမြင်တွေ့ခဲ့ပြီး မော်ရင်ဟိုအနေဖြင့် ချယ်လ်ဆီးဘုတ်အဖွဲ့ဝင်များအား ပေးထားခဲ့သည့် ကတိနှင့်ရလဒ်များမှာ ပြောင်းပြန်အချိုးကျနေမှုကို ယခုထိ မပြင်ဆင်နိုင်သေးသည်ကို ထင်ရှားစွာ မြင်တွေ့ရမည်ဖြစ်သည်။

**မေလှဲ့သင်း**

## တိုက်စစ်မှူး မက်ဆီ ဘာစီလိုနာကနေ ပရီမီယာလိဂ်ကို ဘာကြောင့်ပြောင်းချင်ရသလဲ

စပိန်ကလပ် ဘာစီလိုနာအသင်းမှာ ခြေစွမ်းပြကစားနေတဲ့ တိုက်စစ်မှူးမက်ဆီဟာ ဘာစီလိုနာကနေ သူ့ကိုအလိုရှိနေကြတဲ့ ပရီမီယာလိဂ်ကို ပြောင်းရွှေ့ကစားဖို့ ချိတ်ဆက်မှုတွေရှိခဲ့တယ်လို့ သတင်းတွေထွက်ပေါ်ခဲ့ပါတယ်။

ကမ္ဘာ့အကောင်းဆုံးကစားသမားဆုကို လေးကြိမ်အထိရရှိထားခဲ့တဲ့ တိုက်စစ်မှူးမက်ဆီကို ပရီမီယာလိဂ် အသင်းတွေက ခေါ်ယူစာချုပ်လိုတဲ့အပြင် ကမ္ဘာပေါ်မှာရှိတဲ့ ကလပ်အသင်းတွေအတွက်တော့ မက်ဆီကို စာချုပ်ခေါ်ယူနိုင်မယ့် အခွင့်အရေးဆိုတာက အိပ်မက်တစ်ခုလို့ပင် ဆိုရမလောက်ပင်။



တိုက်စစ်မှူး မက်ဆီကို ပရီမီယာလိဂ်ကလပ်အသင်းတွေဖြစ်တဲ့ မန်စီးတီး၊ ချယ်လ်ဆီးနဲ့ မန်ယူတို့က ခေါ်ယူရန်ဆန္ဒရှိနေခဲ့ပြီး ပြင်သစ်မြေမှာ အချမ်းသာဆုံးအသင်းဖြစ်တဲ့ ပီအက်စ်ဂျီ၊ ဂျာမနီမြေမှာ ထိပ်တန်းအဆင့်မှာ ရပ်တည်နေတဲ့ ဘိုင်ယန်မြူးနစ်စတဲ့အသင်းတွေကလည်း စိတ်ဝင်စားနေကြပါတယ်။

အဲဒီအသင်းတွေထဲက တိုက်စစ်မှူးမက်ဆီကို ဘာစီလိုနာနဲ့ လမ်းခွဲဖို့အထိတောင် လမ်းသစ်ဖော်ပေးနေတဲ့ အသင်းကတော့ မန်စီးတီးအသင်းပါ။ တိုက်စစ်မှူးမက်ဆီ ဒဏ်ရာကြောင့် ဘာစီလိုနာအသင်းနဲ့အတူ မပါဝင်လာနိုင်တဲ့ အချိန်မှာ ဘာစီလိုနာအသင်းဟာ ဘရာဇီးကြယ်ပွင့်နေမာအပေါ် မှီတည်နေရတဲ့အကြောင်း သတင်းတွေ ထွက်ပေါ်လာခဲ့တဲ့အချိန်ကို အခွင့်ကောင်းယူပြီး မန်စီးတီးအသင်းတာဝန်ရှိသူတွေအနေနဲ့ တိုက်စစ်မှူး မက်ဆီကို ခေါ်ယူဖို့ ဆော်ပေါ်လိုမြို့မှာ မက်ဆီရဲ့ ဖခင်ဖြစ်တဲ့ ဂျော့မက်ဆီနဲ့ တွေ့ဆုံဆွေးနွေးမှုတွေပြုလုပ်ခဲ့တယ်လို့လည်း သိရပါတယ်။ မန်စီးတီးအသင်းကလည်း အဲဒီလိုတွေ့ဆုံဆွေးနွေးပြီးတဲ့နောက်မှာ မက်ဆီကို ခေါ်ယူဖို့အတွက် ယုံကြည်မှုတွေရခဲ့တယ်လို့လည်း ဆိုပါတယ်။

ဒါ့အပြင် မန်စီးတီးအသင်းက တိုက်စစ်မှူးမက်ဆီကိုခေါ်ဖို့ နောက်ထပ်စောင့်ဆိုင်းနေဦးမယ်ဆိုတာကြောင့် ဘာစီလိုနာနဲ့ မက်ဆီတို့ လမ်းခွဲဖို့ ဘာစီလိုနာရဲ့အခင်းအကျင်းမှာ ကြီးမားတဲ့စိန်ခေါ်မှုတစ်ရပ်လည်း ဖြစ်လာတယ်လို့ လေ့လာသူတွေက သုံးသပ်ထားကြပါတယ်။

တိုက်စစ်မှူး မက်ဆီအနေနဲ့ ဘာစီလိုနာမှာ အခွန်ပေးဆောင်ရမှုနှင့် ပတ်သက်ပြီး မကြာခဏဆိုသလို ခေါင်းရှုပ်စရာတွေ ရှိခဲ့သလို အခွန်ယူရှိ လေးသန်းမပေးဆောင်ခဲ့ပါက လာမယ့်နှစ်မှာ ရုံးတင်စစ်ဆေးခံရမယ့် အနေအထားတွေရှိနေခြင်းတို့ကြောင့် ဘာစီလိုနာမှာ မပျော်မရွှင်ဖြစ်စေခဲ့တယ်လို့လည်း သုံးသပ်ထားကြပါတယ်။

ပြီးခဲ့တဲ့ အောက်တိုဘာ ၂၃ ရက်က ထွက်ပေါ်လာတဲ့ သတင်းတစ်ရပ်မှာတော့ ဥရောပရဲ့ ကလပ်အသင်းကြီးတွေ အတော်များများက တိုက်စစ်မှူးမက်ဆီကို ခေါ်ယူဖို့စီစဉ်နေတာကြောင့် သူ့ရဲ့ရရှိလာမယ့် အခွင့်အလမ်းတွေအတွက် ဘာဆက်လုပ်ရမယ်ဆိုတာကို တွေဝေနေတယ်လို့ ဆိုထားပါတယ်။ မန်စီးတီးအသင်းရဲ့ မကြာသေးမီက ထုတ်ပြန်ခဲ့တဲ့ နှစ်စဉ်အစီရင်ခံစာများတော့ ဒီကမ္ဘာ့အကောင်းဆုံးကစားသမားကို ခေါ်ယူနိုင်လိမ့်မယ်ဟု ဖော်ပြထားပါတယ်။

**(ရွှေကြယ်)**

# မိတ္ထီလာတွင် နေဗီယာမြက်မျိုးများစိုက်ပျိုးပြီး မျိုးများအခမဲ့ ဖြန့်ဝေ

**မိတ္ထီလာ အောက်တိုဘာ ၂၅**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ် ထမုန်ကန်ကျေးရွာအုပ်စု ညောင်ပင်သာယာကျေးရွာတွင် မွေးမြူရေးလုပ်ငန်း၌ နွားစာအဖြစ်စိုက်ပျိုးသည့် နေဗီယာမြက်မျိုးများ ဧက ၂၀ ကျော်စိုက်ပျိုးအောင်မြင်ပြီး စိုက်ပျိုးသည့်တောင်သူများ လာရောက်တောင်းခံပါက တစ်ပိုင်တစ်နိုင်စိုက်ပျိုးနိုင်ရန် အခမဲ့ဖြန့်ဝေပေးလျက်ရှိကြောင်း သိရသည်။

"အရင်က နေဗီယာမြက်မျိုးတွေ မစိုက်ပျိုးခင် မွေးထားတဲ့နွားအကောင်ရေကလည်း ရာနဲ့ချီရှိတာမို့ ပြောင်းကို ဝယ်ကျွေးရတာ ငွေတော်တော်ကုန်တယ်။ ဒီနေဗီယာမြက်မျိုးတွေ စိုက်ပျိုးပြီးနောက်ပိုင်း နွားစာအတွက် ငွေကုန်ကြေးကျ သိပ်မများတော့ဘူး။ အခုလောလောဆယ် နေဗီယာမြက် ၂၀ ဧကကျော် စိုက်ပျိုးအောင်မြင်လျက်ရှိပါတယ်။ နေဗီယာက စိုက်ပျိုးပြီး ရိတ်လိုက် ကျွေးလိုက်နဲ့ ပြန်ထွက်တယ်။ တစ်ခါစိုက်ထားရင် ၅ နှစ် ၆ နှစ်လောက် ထပ်ပြီးစိုက်စရာမလိုတော့ဘူး။ ရိတ်ပြီးတော့ ရေသွင်းပေး ငုတ်ကနေ မြက်တွေပြန်ထွက်တာပဲ။ မိတ္ထီလာဒေသခံတောင်သူတွေ



အနေနဲ့ တစ်ပိုင်တစ်နိုင် စိုက်ပျိုးချင်လို့ နေဗီယာမြက်မျိုးတွေ လာရောက်တောင်းခံတာ မျိုးတွေ ရှိပါတယ်။ အဲဒါမျိုးဆို အခမဲ့ပေးလိုက်တာပါ။ ရိတ်သိမ်းပေးတဲ့ အလုပ်သမားလေးတွေကိုတော့ လက်ဖက်ရည်ဖိုးပေးရတာမျိုးပဲရှိပါတယ်"ဟု ညောင်ပင်သာကျေးရွာတွင် နေဗီယာမြက်များစိုက်ပျိုး၍ နို့စားနွားမွေးမြူရေးလုပ်ငန်းလုပ်ကိုင်နေသူ ဦးခင်မောင်ဝင်းက ပြောသည်။

မိုးနည်းရပ်ဝန်းဒေသတွင်ပါဝင်သည့် မိတ္ထီလာဒေသရှိ တောင်သူများသည် နွေအခါတွင် နွားစာရှားပါးမှုကို မကြာခဏကြုံတွေ့ရသဖြင့် နေဗီယာမြက်မျိုးများကို စိုက်ပျိုးထား၍ နွားစာရှားပါးမှုကို မကြုံတွေ့နိုင်သဖြင့် ၎င်းမြက်မျိုးကို စိုက်ပျိုးထားရှိသင့်ကြောင်း မြက်စိုက်ပျိုးသူများက အကြံပြုပြောသည်။

**ချမ်းသာ(မိတ္ထီလာ)**

# ကြက်မွေးမြူရေးဇုန်အတွက် ငွေကျပ်သိန်း ၂၀၀ ထုတ်ချေး

**ခင်ဦး အောက်တိုဘာ ၂၅**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ခင်ဦးမြို့နယ် သားငါးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ပုဂ္ဂလိကလုပ်ငန်းရှင်တစ်ဦးက ကြက်မွေးမြူရေးဇုန်ရှိ ကြက်မွေးမြူရေးလုပ်ငန်းရှင် ၁၃ ဦးကို ချေးငွေကျပ်သိန်း ၂၀၀ ပေးအပ်ပွဲအခမ်းအနားကို အောက်တိုဘာ၂၃ ရက် က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်ခဲ့သည်။

အခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးရာဇာအေးက အမှာစကားပြောကြားပြီး မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ဒေါက်တာလှလှပြုံးက ချေးငွေရယူပြီး မွေးမြူရေးကို တိုးချဲ့ဆောင်ရွက်ရေး၊ ကြက်ဥ၊ ကြက်သားတိုးတက်ထုတ်လုပ်နိုင်ရေးတို့ကို ရှင်းလင်းပြောကြားသည်။ ယင်းနောက် ကြက်မွေးမြူရေးလုပ်ငန်းရှင်များကို တာဝန်ရှိသူများက တစ်ဦးချင်းစီ ချေးငွေများထုတ်ပေးခဲ့သည်။

ကြက်မွေးမြူရေးဇုန်ရှိ ကြက်မွေးမြူရေးလုပ်ငန်းရှင် ၁၃ ဦးကို ပုဂ္ဂလိကလုပ်ငန်းရှင်မှ ငွေကျပ်သိန်း ၂၀၀ ကို သက်သာသောအတိုးနှုန်းဖြင့် ချေးပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ခင်ဦးစိုးဝေ**

# စားကျက်တွင် ကြိုးချည်ထားသောနွားအား ခိုးယူသွားသူကို ဖမ်းဆီးရမိ၍ အရေးယူ

**သရက် အောက်တိုဘာ ၂၅**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် သရက်မြို့နယ် စမ်းမကြီးကျေးရွာနေသူ ဦးထွန်းမောင် (၂၅)နှစ်သည် အောက်တိုဘာ ၂၂ ရက် မွန်းတည့် ၁၂ နာရီခန့်တွင် ၎င်းပိုင် အနီကျားရောင် နွားထီးတစ်ကောင် (တန်ဖိုး ၅၅၀၀၀၀ ခန့် )အား ရွာအရှေ့ဘက် ဦးစန်းညွန့်ပိုင်သော ယာခင်း နွားစားကျက်တွင် ကြိုးချည်ထားခဲ့ကာ နေအိမ်သို့ ထမင်းပြန်စားပြီး မွန်းလွဲ ၁ နာရီခွဲခန့်တွင် နွားစာကျက်သို့ပြန်သွားရာ ကြိုးချည်ထားခဲ့သောနွားမှာ ပျောက်ဆုံးနေကြောင်း သတင်းအရ ဘော်နယ်မြေ ရဲစခန်းရှိ ရဲတပ်ဖွဲ့ဝင်များက လိုက်လံစုံစမ်းရှာဖွေခဲ့သည်။

ယင်းသို့လိုက်လံရှာဖွေစဉ် စမ်းမကြီးကျေးရွာနေသူ လွှမ်းမင်းနိုင်မှ ခိုးယူသွားကြောင်း စုံစမ်းသိရှိရသဖြင့် ၎င်းအား စစ်မေးရာ ခိုးယူသွားသောနွားအား စမ်းမကြီးကျေးရွာအနောက်ဘက် နှစ်ဖာလုံခန့်အကွာ တောအတွင်းရှိ ရှားပင်အောက်တွင် ဝှက်ထားခဲ့ကြောင်း ထွက်ဆိုသဖြင့် သွားရောက်သိမ်းဆည်းခဲ့သည်။

နွားခိုးယူသွားသူအား သရက်မြို့နယ် ဘော်နယ်မြေ ရဲစခန်း (ပ)၁၄/၂၀၁၅ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၇၉ (တိရစ္ဆာန်) အရ အမှုဖွင့် အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မောင်ညီညာ(မြေလတ်)**

# ရေဘေးသင့်ဒေသရှိ မူကြိုကျောင်းပြန်လည်ဆောက်လုပ်ရန်လှူဒါန်း

**ညောင်တုန်း အောက်တိုဘာ ၂၅**

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့တွင် ရေဘေးသင့်ဒေသများဖြစ်သော ပါလှဲ့ကျေးရွာရှိ အထက်တန်းကျောင်းခွဲမှ မူကြိုကျောင်းပြန်လည်ထူထောင်ဆောက်လုပ်ရန်အတွက် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် အောက်တိုဘာ ၂၁ရက် နံနက်က သွားရောက်လှူဒါန်းသည်။

ယင်းကျောင်းအား ကွန်ကရစ်အဆောက်အအုံဖြင့် ဆောက်လုပ်မည်ဆိုပါက ကျပ်သိန်း ၆၀ကျော်ကုန်ကျမည်ဖြစ်သည်။ ကျေးလက်ဒေသရှိ ငယ်ရွယ်နုနယ်သော မူကြိုအရွယ်ကလေးငယ်များအား စိတ်ဓာတ်ပိုင်းဆိုင်ရာ၊ အသိပညာပိုင်းဆိုင်ရာ၊ အတတ်ပညာပိုင်းဆိုင်ရာများ ပိုမိုတိုးတက်ကောင်းမွန်အောင် ပြုစုပေးနိုင်ရေးတို့ကို ရည်ရွယ်၍ အလျားပေ ၃၅ပေ၊ အနံ၁၈ပေရှိ တစ်ထပ်ကွန်ကရစ်အဆောက်အအုံဆောက်လုပ်ရန်အတွက် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် (ဗဟို)မှ လှူဒါန်းသော ရေဘေးသင့်ဒေသများဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများတွင် အသုံးပြုရန် ငွေကျပ် ၁၀သိန်းကို မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ချိုဇင်သန့်က ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်မြမြမော်နှင့် ကျောင်းအကျိုးတော်ဆောင်ကော်မတီဥက္ကဋ္ဌ ဦးရွှေကျီးသို့ မတည်လှူဒါန်းခဲ့ကြောင်း သိရသည်။

**ဝင်းမြင့်ကျော်(ညောင်တုန်း)**







### အများသိစေရန်အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ အမှတ်(၇)ရပ်ကွက်၊ အောင်မင်းခေါင်(၁)လမ်း၊ အမှတ်(၁၈၂/က)တွင် ကျွန်ုပ်၏အမှုသည်ဖြစ်သူ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်– E/MDYA–၀၄၂၀၁၉ ကိုင်ဆောင်သူ ဦးကြည်ခိုင်၏ ညွှန်ကြားချက်အရ အများသိစေရန် ကြေညာအပ်ပါသည်။

ကျွန်ုပ်အမှုသည် သည် ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ အမှတ်(၁၆)ရပ်ကွက်၊ ရမည်းသင်းလမ်း၊ အမှတ်(၁၂၉၆/က)ဟုခေါ်တွင်သော မြေအကျယ်(၂၀× ၆၀)ပေမြေကွက်အား အရပ်ကတိစာချုပ်ဖြင့် ပြန်လည်ရောင်းချပိုင်ခွင့် ရှိသူဦးသန်းအောင်ထံမှ (၆–၁၂–၂၀၁၂) နေ့က အသိသက်သေများရှေ့ လက်ရောက်ဝယ်ယူပိုင်ဆိုင်ပြီး ယင်းမြေကွက်နှင့်ပတ်သက်သော ဦးတင်ဝင်းအမည်ပေါက် မြေချပါမစ်မူရင်းတစ်စုံနှင့် ဆက်စပ်စာချုပ်မူရင်းများအား လက်ရောက်ရရှိပိုင်ဆိုင်ထားသူဖြစ်ပါသည်။ ယင်းနောက် အထက်ပါအိမ်ခြံမြေကွက်နှင့် ကျွန်ုပ်အမှုသည်၏ခွင့်ပြုချက်တစ်စုံတစ်ရာမရရှိဘဲအမည်မသိသူများမှ ခြံစည်းရိုးကျူးကျော်ခက်၍ သွပ်များကာရံထားမှုအားတွေ့ရှိရသဖြင့် ထိုကဲ့သို့ခွင့်ပြုချက်မဲ့ ကျူးကျော်ကာရံထားမှုအား ဤကြေညာပါသည်နေ့မှစ၍ (၁၀)ရက်အတွင်း ဖျက်သိမ်းဖယ်ရှားပေးပါရန် လိုက်နာခြင်းမရှိဘဲ ပျက်ကွက်ခဲ့ပါက သက်ဆိုင်ရာဥပဒေအရ ဆောင်ရွက်သွားမည်ဖြစ်ကြောင်းကို ကျွန်ုပ်အမှုသည်ဦးကြည်ခိုင်၏ လွှဲအပ်ညွှန်ကြားချက်အရအများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ –

| | |
|---|---|
| ဦးခင်မောင်တင် (LL.B) | ဒေါ်ခင်လေးဝင်း (LL.B, D.I.L, D.M.L) |
| အထက်တန်းရှေ့နေ(စဉ်–၂၄၈၇၁) | အထက်တန်းရှေ့နေ (စဉ်–၄၄၃၇၉) |

အမှတ်–၁၆၀(ခ)၊ ရွှေဝါထွန်း(၁)လမ်း၊ (၁၂)ရပ်ကွက်၊လှိုင်သာယာမြို့နယ်။








### အများပြည်သူ သိစေရန်ကြေညာချက်

နိုင်လင်းဇော်[၁၂/မရက(နိုင်)၀၇၈၆၉၉] ကိုင်ဆောင်သူသည် Trendy Myanmar Co.,Ltd တွင် အရောင်းတာဝန်ခံအဖြစ် တာဝန်ယူသူဖြစ်ခဲ့ပြီး ကုန်ပစ္စည်းတန်ဖိုးငွေ (27800000Ks) (ကျပ်သိန်းနှစ်ရာခုနစ်ဆယ့်ရှစ်သိန်း)တိတိအား ငွေစာရင်းဌာနသို့ပေး သွင်းခြင်းမရှိဘဲ ၎င်း၏ကိုယ်ကျိုးအတွက် အလွဲသုံးစားပြုလုပ်ထားကြောင်း စုံစမ်းစစ်ဆေးချက်အရ တွေ့ရှိရပါသဖြင့် ကုမ္ပဏီမှထုတ်ပယ်ပြီးဖြစ်၍ ၎င်းနှင့်ပတ်သက်သော ငွေကြေးကိစ္စများကို ကုမ္ပဏီမှတာဝန်ယူ ဖြေရှင်းပေးမည်မဟုတ်ကြောင်း၊ ၎င်းအား Trendy Myanmar Co.,Ltd မှ ဥပဒေအရ တရားစွဲဆိုအရေးယူသွားမည်ဖြစ်ကြောင်း အများပြည်သူသိရှိစေရန် အသိပေးကြေညာအပ်ပါသည်။

**U SOE WIN**
**Managing Director**
**TRENDY MYANMAR CO.,LTD**

ဖတ်စရာ

# လက်တွေ့ပြုလုပ်မိသော သီတင်းကျွတ်ရဲ့ ခေတ်သစ်သင်္ကေတ

**a** သရက်တန်းစိုးရွှေ(မြစ်ငယ်)

သီတင်းကျွတ်လကို မြန်မာလူမျိုးတို့ အလေးထားတတ်ကြပေသည်။ ဆီမီးပူဇော်ပွဲနဲ့ပျော်သလို လူကြီးမိဘများကို ကန်တော့သည့်အလေ့အထတို့ပြုသည့် ပွဲပင်ဖြစ်သည်။ အလုပ်တာဝန်များနှင့် နယ်ဝေးရောက်သည့်တိုင်အောင် သီတင်းကျွတ်မှာ ရွာပြန်ခြင်း၊ နေရပ်ကိုပြန်ခြင်းများ ပြုလုပ်တတ်ကြသည်။ သီတင်းကျွတ်တွင် လူကြီးများကိုကန်တော့ရင်း ကြည်နူးပီတိဖြစ်ရသောပွဲကလေးပင်ဖြစ်သည်။

လူကြီးကိုကန်တော့သည့်အခါ လူကြီးမှ ကျန်းမာပါစေ၊ ချမ်းသာပါစေဆိုတဲ့ ဆုလေးတွေပေးသည်ကို ပီတိဖြစ်ရမြဲပင်ဖြစ်သည်။ ကျွန်တော့်ရဲ့ သီတင်းကျွတ်သင်္ကေတကတော့ လူကြီးကိုကန်တော့ခြင်းသာမက လူငယ်များပါ အသိပေးခြင်း၊ ချစ်ခင်စွာနေထိုင်ခြင်း၊ စည်းလုံးညီညွတ်စွာ နေထိုင်တတ်အောင် သင်ကြားခြင်းများပါ တွဲဖက်ပြုလုပ်မိလိုက်သည်။ သီတင်းကျွတ်အချိန်မှာ မိသားစုအားလုံးကို ဆုံစေလိုက်သည်။ လူပျို၊ အပျို၊ အိမ်ထောင်သည်ကလေးများပါမကျန် စုဆုံလိုက်ပေသည်။

မိသားစု ပျော်ရွှင်စွာစားသောက်နိုင်အောင် မုန့်ဟင်းခါးလေးချက်လိုက်သည်။ အားလုံးစုံသည်နှင့် မိဘကို ကန်တော့လိုက်ကြသည်။ မိဘမှဆုပေးပြီးသည်နှင့် အကြီးဆုံးလူမှ အငယ်များအားလုံးကို မုန့်ဖိုးပေးရင်း ဆုံးမစကားဆိုသည့် ပွဲကလေး၊ သတိပေးသည့်ပွဲကလေးကို သိသိရရပြုလုပ်လိုက်ပေသည်။ ပထမဦးစွာ အငယ်ဆုံးကလေးများမှစတင်ခေါ်ကာ ဆုပေးသည့်ပုံသဏ္ဌာန်အတိုင်း မုန့်ဖိုးပေးကာကလေးနှင့်လိုက်ဖက်သည့် ဆုံးမစကားလေးပြောလိုက်သည်။ စာကြိုးစားပါ၊ လိမ္မာပါ၊ မိဘစကားနားထောင်ပါဆိုပြီး မုန့်ဖိုးကို သိသိရရလေးစားစွာ လက်နှစ်ဖက်နှင့်ဆုပေးသလို ပြုလုပ်လိုက်သည်။ ကလေးငယ်မှလည်း ဟုတ်ကဲ့ဟုဆိုသွားပေသည်။

တစ်ယောက်ပြီးတစ်ယောက် လေးစားစွာပေးကာ ဆုံးမစကားပြောသည်ကို ကျန်သည့်သူများကလည်း နာခံနားထောင်ရင်း ထိုင်ပေးနေရပေသည်။ မိဘနှစ်ပါးမှာ ကန်တော့ခံနေရာမှနေကာ သားသမီးများကို မုန့်ဖိုးပေးရင်း ဆုံးမသည်ကို ကြည်နူးစွာကြည့်နေကြပေသည်။ ဒေါသမရှိ၊ လောဘမရှိ၊ မာနမရှိ၊ အမုန်းမရှိ အပြုံးအတိဖြင့် မိသားစုစစ်မှန်သောပျော်ရွှင်မှုကို ရကြရစမြဲပင်ဖြစ်သည်။ကန်တော့ပြီးသည်နှင့် မိသားစုပျော်ရွှင်စွာ မုန့်ဟင်းခါးစားသုံးကာ စကားဖောင်ဖွဲ့ပြောမိကြပေသည်။ ထိုသည်ပင် သီတင်းကျွတ်၏ ခေတ်သစ်သင်္ကေတဟု ညွှန်းဆိုချင်လှပေသည်။

သီတင်းကျွတ်ရဲ့ ခေတ်သစ်သင်္ကေတကို ရဲရင့်စွာပြုလုပ်ကြည့်လိုက်ပါ။ ချက်ချင်းစိတ်ချမ်းသာမှု၊ စည်းလုံးမှုတို့ ရရှိသွားမည်ဖြစ်ပေသည်။ လူကြီးများအား ကန်တော့ရင်း လူငယ်များပါ ချစ်ခင်သွားနိုင်သည်။ မေတ္တာတွေမျှဝေသွားနိုင်ပေသည်။ သံယောဇဉ်တွေ ပိုလာနိုင်ပေသည်။ လေးစားမှုများ ပိုမိုရရှိလာနိုင်ပေမည်။ သို့အတွက် သီတင်းကျွတ်ရဲ့ ခေတ်သစ်သင်္ကေတလေးများကို လက်တွေ့ပြုလုပ်ရင်း ငြိမ်းချမ်းခြင်းကို ရရှိနိုင်မည်ဖြစ်ပေသည်။

# ရောင်စုံမီးထွန်းမီးပုံးငယ်များနှင့် ကလေးရုပ်စုံမီထွန်းမီးပုံးများ ယခင်နှစ်ထက် အရောင်းသွက်

**မိတ္ထီလာ အောက်တိုဘာ ၂၅**

သီတင်းကျွတ်ကာလရောက်ရှိပြီဖြစ်၍ မိတ္ထီလာတွင် မြန်မာ့ရိုးရာသီတင်းကျွတ်မီးထွန်းမီးပုံးငယ်များနှင့် ကလေးရုပ်စုံမီးထွန်းမီးပုံးငယ်များအား ယခင်နှစ်များထက် ရောင်းချရပြီး အရောင်းအဝယ်သွက်လျက်ရှိကြောင်း မိတ္ထီလာဗဟိုဈေးကြီးအတွင်း မီးထွန်းမီးပုံးများရောင်းချသူ အမျိုးသမီးတစ်ဦးက ပြောသည်။

"သီတင်းကျွတ်လပြည့်နေ့မတိုင်မီ ဒီရက်ပိုင်းလေးအတွင်းမှာ မြန်မာ့ရိုးရာ သီတင်းကျွတ် မီးထွန်းမီးပုံးငယ်တွေနဲ့ ကလေးရုပ်စုံမီးထွန်းမီးပုံးငယ်တွေ အရောင်းအဝယ်သွက်နေပါတယ်။ တရုတ်မီးပုံးတွေလည်း ဆိုင်မှာရောင်းချပေမယ့် ဈေးနှုန်းချိုတဲ့ မြန်မာ့ရိုးရာမီးပုံးတွေကိုပဲ လာရောက်ဝယ်ယူသူများတယ်။ ကျေးရွာတွေဘက်က လာရောက်ဝယ်ယူမှုများပေမယ့် မြို့ပေါ်ရပ်ကွက်တွေကလည်း လာရောက်ဝယ်ယူကြပါတယ်။ မိတ္ထီလာမှာရောင်းချတဲ့ မြန်မာ့ရိုးရာမီးပုံးရုပ်တွေကို မြင်းခြံဘက်က မှာယူရောင်းချတာဖြစ်ပါတယ်။ မနှစ်ကထက်စာရင် ဒီနှစ်က ပိုပြီးတော့ရောင်းချရတယ်။ ဒါကြောင့် မနှစ်ကပစ္စည်းကို ငါးသိန်းဖိုးလောက်မှာပေမယ့် ဒီနှစ်တော့ ဆယ်သိန်းဖိုးလောက်မှာထားတယ်။ မီးပုံးအကြီးတွေလိုချင်ရင်လည်း လှမ်းပြီးမှာပေးလို့ရတယ်။ နှစ်ရက်သုံးရက်အတွင်း ရောက်ပါတယ်" ဟု မီးပုံးရောင်းချသူ အမျိုးသမီးကပြောသည်။

ရောင်စုံမီးထွန်းမီးပုံးများကို သီတင်းကျွတ်လပြည့်နေ့မတိုင်မီ သီတင်းကျွတ်လဆန်း ၈ ရက်မှ စတင်ရောင်းချရပြီး မြန်မာ့ရိုးရာမီးထွန်းမီးပုံးငယ်များမှာ အရွယ်အစားအကြီးအသေးနှင့် ပုံသဏ္ဌာန်အပေါ်မူတည်၍ တစ်ခုလျှင် ကျပ် ၂၅၀ မှ ၇၀၀ အထိသာရောင်းချသော်လည်း တရုတ်မီးပုံးများမှာမူ တစ်ခုလျှင် ကျပ် ၂၅၀၀ မှ ၄၀၀၀ ၊ ၈၀၀၀ အထိဈေးရှိကြောင်း သိရသည်။

**ချမ်းသာ(မိတ္ထီလာ)**



# မြို့နယ်သတင်းစာဆရာအသင်း အတည်ပြုတာဝန်ပေးအပ်ပွဲကျင်းပ

**ရန်ကုန် အောက်တိုဘာ ၂၅**

ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ်တွင် မြို့နယ်သတင်းစာဆရာအသင်း အတည်ပြုဖွဲ့စည်းခြင်းနှင့် တာဝန်ပေးအပ်ပွဲအခမ်းအနားကို အောက်တိုဘာ ၂၃ ရက် မွန်းလွဲ ၁ နာရီက သဒ္ဒမ္မဇောတိကမ္မောရုံ စာသင်တိုက်တွင် ကျင်းပခဲ့ကြောင်း သိရသည်။

အတည်ပြုတာဝန်ပေးအပ်ခြင်းအခမ်းအနားသို့ ရန်ကုန်တိုင်းသတင်းစာဆရာအသင်းဥက္ကဋ္ဌ ဒါရိုက်တာ မောင်ယဉ်ကျော်၊ ဒုဥက္ကဋ္ဌ ဦးခင်မောင်မြင့်၊ ရန်ကုန်တိုင်းသတင်းစာဆရာအသင်း ကျန်းမာရေးအကြံပေးတာဝန်ခံ ဒေါက်တာ နိုက်တင်ဂေးနှင့် တိုင်းအဖွဲ့ဝင်များ တက်ရောက်ခဲ့ကြသည်။

မြန်မာနိုင်ငံသတင်းစာဆရာအသင်းနှင့်ပတ်သက်၍ ဥပဒေ၊ နည်းဥပဒေများအား တိုင်းဒုဥက္ကဋ္ဌ ဦးခင်မောင်မြင့်က ရှင်းလင်းပြောကြားပြီး ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ် သတင်းစာဆရာအသင်း အလုပ်အမှုဆောင်အဖွဲ့အား တိုင်းဥက္ကဋ္ဌ ဒါရိုက်တာ မောင်ယဉ်ကျော်က အတည်ပြုဖွဲ့စည်းတာဝန်ပေးအပ်ကာ သတင်းထောက်ကျင့်ဝတ်နှင့် စောင့်စည်းရမည့်စည်းကမ်းတို့အား ရှင်းလင်းပြောကြားခဲ့သည်။

**ကိုကြီးစိုး(ဆိပ်ကမ်း)**

ငြင်းချက်ထုတ်ရန်သမ္မန်စာ
(တရားမကျင့်ထုံးကိုဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
သာကေတမြို့နယ်၊ တရားရုံးတော်၌
၂၀၁၅ ခုနှစ်၊ တရားမကြီးမှုအမှတ်-၅၇

ဒေါ်သီတာသိန်း (တရားလို) နှင့် ဦးထွန်းရွှေ (တရားပြိုင်)

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ ၄-မြောက်ရပ်ကွက်၊ မြင်တော်သာလမ်း၊ အမှတ်-၇(က)နေ ဦးထွန်းရွှေ(ယခုနေရပ်လိပ်စာမသိသူ)သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်သီတာသိန်းက ပဋိညာဉ်အတိုင်း စာချုပ်စာတမ်းများ မှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးစေလိုမှုအား လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ (သို့တည်းမဟုတ်) ၎င်းအမှုနှင့်စပ်လျဉ်း၍အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ် ရုံးအခွင့်အမိန့်ရ ရှေ့နေဖြစ်စေ (သို့တည်းမဟုတ်) ၎င်းအမှုနှင့်စပ်ဆိုင်သည့်အမှုကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၄ ရက်၊ (၁၃၇၇ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၇ ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ပါ ရေးသားပါရှိသူ တရားလို စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေတင်လိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။


၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ ၂၂ ရက် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ခင်သန္တာ)
မြို့နယ်တရားသူကြီး
သာကေတမြို့နယ်တရားရုံး

တူဒေးစာအုပ်တိုက်

ထိပ်တန်းသို့ အံ့မခန်းချပ်းတက်ခဲ့သူ Jeremy Lin

ဇော်ဝင်းကြူ (ပျဉ်းမနား)




လူတိုင်းကစားခွင့်မရသော အမေရိကန် အမျိုးသား ဘတ်စကက်ဘော အဖွဲ့ကြီး (NBA) မှာ ပထမဆုံး ဝင်ရောက်ကစားနိုင်ခဲ့တဲ့ တရုတ် - ထိုင်ဝမ်မျိုးဆက် အာရှနွယ်ဖွား အမေရိကန်ကစားသမား တစ်ယောက်၏ ဘဝဇာတ်ကြောင်း၊ အစွမ်းကုန်အနိမ့်ခံခဲ့ရပြီး အရန်ထိုင်ခုံများပေါ်တွင်သာ အထိုင်များခဲ့သောဘဝမှ တစ်ကမ္ဘာလုံးတွင် လင်းရှူးသွပ်မှုကြီး ပေါ်ပေါက်လာပြီး အံ့မခန်းအောင်မြင်မှုရရှိခဲ့သော၊ အသင်းဖော်များအပေါ် ကောင်းစွာထောက်ပံ့ပေးနိုင်ပြီး အသင်းကို ကောင်းစွာ ခေါင်းဆောင်မှုပေးခဲ့သော လူကြိုက်များ ရေပန်းအစားဆုံး အားကစားသမား Jeremy Lin ၏အကြောင်းကို အားတက်ဖွယ် ဖတ်ရှုရမည့် စိတ်ဓာတ်မြှင့်တင်ရေး စာအုပ်တစ်အုပ် ...

အမြို့မြို့ဆိုင်တိုင်းတွင် ရရှိနိုင်ပါသည်။



# ပဲစိုက်ရာသီမီရန် စက်စွမ်းအားနှင့် နွားထွန်များကိုပါ တွဲဖက်လုပ်ကိုင်လာ

**အမရပူရ အောက်တိုဘာ ၂၅**

မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ်အတွင်းရှိ တောင်သမန်အင်းနှင့် ဆက်စပ်နေသော ကိုင်းမြေများသည် ပဲမျိုးစုံကိုစိုက်ပျိုးကြသည်။ ကိုင်းမြေများကို ဧရာဝတီမြစ်ရေတိုးကာ တောင်သမန်အင်းမှတစ်ဆင့် ဝင်ရောက်ပြီး ရေကျသည့်အခါ စိုက်ပျိုးကြသည်။ အများအားဖြင့် တောင်သမန် ဘိုးဘိုးကြီးနတ်ပွဲအပြီး သီတင်းကျွတ်လပြည့်ခါနီးတွင် စိုက်ပျိုးကြသည်။

သီတင်းကျွတ်လဆန်းတွင် စိုက်ပျိုးသော ပဲများသည် သီတင်းကျွတ်ပြီး မိုးနှစ်မိုးခန့်မိပါက ပဲများပိုမိုအောင်မြင်ဖြစ်ထွန်းပြီး အထွက်နှုန်းကောင်းလေ့ရှိသည်။ သီတင်းကျွတ် မိုးမိပြီးပါက တန်ဆောင်မုန်း၊ နတ်တော်နှင်းတို့နှင့်အတူသီးကြပွင့်ကြသည်။ ဒေသခံတောင်သူများသည် ပဲစိုက်မည်ဆိုပါက မိုးလေဝသသတင်းကို နားစွင့်သလိုပင် သဘာဝ သိပ္ပံနည်းစနစ်အရ တိရစ္ဆာန်များကို ကြည့်ကာ ခန့်မှန်းစိုက်ပျိုးကြသည်။ ကိုင်းမြေများအနီးအပင်များတွင် ပုရွက်ဆိတ်အနက်များ အမြင့်တွင်အုံဖွဲ့နေပါက နောက်ရေတိုး နောက်မိုးကောင်းနိုင်သည်။ အနိမ့်တွင်အုံရှိပါက နောက်ရေမတိုးနိုင်တော့ပေ။ ထို့အတူပင် ကိုင်းပင်များကိုကြည့်၍လည်း ခန့်မှန်းကြသည်။ ကိုင်းပင်၏ ပွင့်ပုံအနေအထားကိုကြည့်ကာ ကိုင်းဖွေးဖွေးရေဖွေးဖွေးအဆိုဖြင့် ခန့်မှန်းစိုက်ပျိုးကြသည်။

ယခုနှစ်တွင် နောက်ရေမတိုးနိုင်သည့်အတွက် ပဲပင်ပေါက်သည့် ကာလနှင့် မိုးရွာမည့်ကာလတို့ ကြုံစေရန် ရာသီခါမီစေရန် စက်စွမ်းအားများကို အသုံးပြု စိုက်ပျိုးလာကြသည်။ ယခုအခါတွင် တောင်သူများသည် ရေတော်မြေတော်တွင် ထွန်စက်ကြီးများဖြင့် ခုတ်မောင်းကာ နောက်မှ ပဲကို ပက်ကြဲကြဲပြီး ရိုးရာနွားထွန်ဖြင့် ထွန်ကာ စိုက်ပျိုးလာကြသည်။ ထွန်စက်အကြီးများသည် ကိုင်းမြေ တစ်ဧကလျှင် ငွေကျပ် နှစ်သောင်းနှစ်ထောင်နှုန်းဖြင့်ထယ်ထိုးပြီး ဘွန်ဒေါင်းထွန်စက်ငယ်များသည် တစ်ဧကလျှင် ငွေကျပ်တစ်သောင်ငါးထောင်နှုန်းဖြင့် ခုတ်မောင်းပေးသည်။

ပဲစိုက်တောင်သူများသည် ပဲယင်း၊ ပဲပုပ်များကို ပက်ကြဲကြဲသည့်နည်းဖြင့် စိုက်ပျိုးပြီး ပဲထောပတ်နှင့် ပဲနီပြား အခြားပဲများကို ထွန်ကြောင်းပေးကာ အတန်းလိုက်စိုက်ပျိုးသည်။ ပဲခင်းများထဲတွင် ပြောင်းဖူးကိုသီးညှပ်အဖြစ် စိုက်ပျိုးကြသည်။ ပဲစိုက်ရာတွင် နှုန်းတင်မြေကြောင့် မြေဆီအနက်မခံသော်လည်း အပင်အားပေးဆေးနှင့် ပိုးသတ်ဆေးတို့ကိုမူ လိုအပ်သလိုဖျန်းလေ့ရှိသည်။ ယခုအခါ ပဲစိုက်တောင်သူများ ရာသီမီရန် စက်စွမ်းအားနှင့်အတူ ရိုးရာနွားရှဉ်းများကို အသုံးပြုကာ နေ့၊ ည ထွန်ယက်စိုက်ပျိုးနေသည့်အတွက် အငှားထွန်ယက်သော ထွန်စက်ကြီးများနှင့် ဘွန်ဒေါင်းထွန်စက်ငယ်များ အလုပ်ဖြစ်လျက်ရှိကြောင်း ဒေသခံ တောင်သူတစ်ဦးက ပြောပြသည်။



**တိမ်တမန်**

# ရွေးကောက်ပွဲစောင့်ကြည့်ရေးသင်တန်းနှင့် ပါတီစုံတွေ့ဆုံဆွေးနွေးပွဲကျင်းပ

**တောင်ကြီး အောက်တိုဘာ ၂၅**

ရွေးကောက်ပွဲ စောင့်ကြည့်ရေးသင်တန်းနှင့် ပါတီစုံတွေ့ဆုံဆွေးနွေးပွဲကို အောက်တိုဘာ ၂၄ ရက် နံနက် ၉ နာရီက တောင်ကြီးမြို့ ရှမ်းစာပေနှင့် ယဉ်ကျေးမှုခန်းမ၌ ရန်ကုန်အခြေစိုက် ဒေါ်ခင်သဇင်မြင့် (နည်းပြ) အဖွဲ့ခေါင်းဆောင် ဦးဆောင်၍ လာရောက် ဖွင့်လှစ်ပို့ချခဲ့ကြောင်း သိရသည်။

ဆက်လက်၍ အဖွဲ့ခေါင်းဆောင်က ကြိုဆိုနှုတ်ခွန်းဆက်စကားနှင့် အဖွင့်အမှာစကားပြောကြားပြီး သင်တန်းတက်ရောက်လာသူများနှင့် မိတ်ဆက်ကြသည်။

သင်တန်းတွင် သင်တန်းနှင့် ပတ်သက်၍ မျှော်မှန်းချက်များ၊ စိန်ခေါ်မှုများကို အုပ်စုလိုက်မျှဝေခြင်း၊ (ရွေးကောက်ပွဲပဟေဠိ) ရွေးကောက်ပွဲနေ့ဖြစ်စဉ်နှင့် ပတ်သက်၍ အမှားများကို အုပ်စုလိုက်ရှာဖွေခြင်း၊ ရွေးကောက်ပွဲနေ့ အစမ်းလေ့ကျင့်ခန်းကို ပထမပိုင်း၊ ဒုတိယပိုင်း၊ လေ့ကျင့်ခန်းတွင် လေ့လာတွေ့ရှိချက်များကို ပြန်လည်မျှဝေဆွေးနွေးခြင်း၊ ကြိုတင်မဲကိစ္စ၊ နိုင်ငံရေးပါတီများနှင့် ကိုယ်စားလှယ်လောင်းများအတွက် ကျင့်ဝတ် (COC) ဆွေးနွေးတင်ပြခြင်း၊ နိုင်ငံရေးပါတီများ၏ ရွေးကောက်ပွဲ စောင့်ကြည့်ခြင်းနှင့်ပတ်သက်၍ ဆွေးနွေးတင်ပြခြင်း၊ ရွေးကောက်ပွဲစောင့်ကြည့်ရေးအတွက် ပါတီအလိုက်နှင့် ပါတီမဟာမိတ်အဖွဲ့အလိုက် လုပ်ငန်းအစီအစဉ်ရေးဆွဲခြင်း စသည့်ခေါင်းစဉ်များဖြင့် ပို့ချဆွေးနွေးခဲ့သည်။

**မောင်မောင်သန်း(တောင်ကြီး)**



စစ်ကိုင်းတိုင်းဒေသကြီး တမူးခရိုင် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာန ခရိုင်ဦးစီးဌာနမှူး ဒုတိယညွှန်ကြားရေးမှူး ဦးမင်းအောင်မှ အနီးကပ်ကြီးကြပ်၍ တမူးမြို့နယ်ဦးစီးဌာနမှူးနှင့်အဖွဲ့သည် အောက်တိုဘာ ၂၂ ရက်က ခမ်းပတ်မြို့နယ် အမှတ်(၃) ရပ်ကွက်၌ မဲဆန္ဒရှင်စာရင်းတွင် နိုင်ငံသားစီစစ်ရေးကတ်ပြားမရှိသေးသူများအား မိုးပွင့်အထူးစီမံချက်(၂)ဖြင့် ကွင်းဆင်းဆောင်ရွက်ပေးစဉ်။ **ကောင်းနန္ဒကျော်(တမူး)**

# ကျေးလက်ဒေသဖွံ့ဖြိုးရေး ဂဝံလမ်းခင်းခြင်း

**ကျိုက်မရော အောက်တိုဘာ ၂၅**

မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ကျေးလက်ဒေသနေပြည်သူများ၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် ဘဏ္ဍာနှစ်အလိုက် လမ်း၊ တံတား၊ အိမ်ရာ၊ ကျန်းမာသန့်ရှင်းရေး ရေတွင်း၊ ရေကန်များနှင့် မီးအလင်းရောင်ရရှိရေးတို့ကို စီစဉ်ဆောင်ရွက်ပေးလျက်ရှိရာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး မွမ်းမံရန်ပုံငွေဖြင့် လင်းမြင့်ထွန်းကုမ္ပဏီမှ တန်ဖိုးငွေကျပ် ၆၆ ဒသမ ၉၂၇ သန်းဖြင့် တာဝန်ယူဆောင်ရွက်သော ကော့ပီတော်-ဒိုးမားလမ်းဂဝံလမ်းအရှည် ၇ ဖာလုံနှင့် ဒိုးမား-ကွမ်းကဗွီးလမ်းအရှည် ၁ မိုင် ၄ ဖာလုံ ဂဝံလမ်းခင်းခြင်းလုပ်ငန်းအား မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများက အောက်တိုဘာ ၁၅ ရက် နံနက် ၁၀ နာရီက ကွင်းဆင်းစစ်ဆေးခဲ့ရာ သတ်မှတ်ကာလအချိန်မီ ပြီးစီးရေး စံချိန်စံညွှန်ပြည့်မီရေး လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းစေရေးတို့ကို တာဝန်ရှိသူများအား ပြောကြားခဲ့ သည်။

အဆိုပါဂဝံလမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးပါက ဒေသခံကျေးလက်နေပြည်သူများ၊ လူမှုရေး၊ ကျန်း မာရေး၊ ပညာရေးကုန်စည်စီးဆင်းမှုများကို ပိုမိုအဆင်ပြေသွားလာနိုင်မည်ဖြစ်ကြောင်း သိရသည်။

**(ကျိုက်မရော ကျေး/လက်)**

နှစ်(၆၀)ပြည့် ကရင်ပြည်နယ်နေ့ အထိမ်းအမှတ်
ကုန်စည်ပြပွဲနှင့် ဈေးရောင်းပွဲတော်ကြီး
(၉-၁၁-၂၀၁၅) မှ (၁၃-၁၁-၂၀၁၅) အထိ
ဘားအံမြို့၊ သီရိကွင်း
Tin Ko Ko Business Group Co.,Ltd . 09 8634497, 09 250010953, 09 261884410, 09 428186437, 09 253254904

တစ်အိတ်ဝယ်ရင် ပိုငပေးပါတယ်
09-43334111 01-682844
09-43334222 01-682944
ချန်ပီယံပေါ်ဆန်းမွှေး

MY FRIEND GROUP
(OCT-30)ည(၁၀)နာရီအထူးခရီးစဉ်
ကျိုက်ထီးရိုးပဲခူးဘုရားစုံ=၁၀၀၀၀
ချောင်းသာ၊ပုသိမ်လည်=၁၅၀၀၀
Ph-09450114969,098634422






FAME
Neurodopa®
Natural dopamine supplement
ကိုယ်စိတ်သန်စွမ်းဆေး
TMR 010851 (0117)
ISO 9001 : 2008
ISO 14001 : 2004
OHSAS 18001 : 2007
GMP Certified
Organic Certified

FAME
SawPalmetto
5α-reductase inhibitor
ဆီးကျိတ်ရောဂါဆေး
TMR 007343 (1216)
ISO 9001 : 2008
ISO 14001 : 2004
OHSAS 18001 : 2007
GMP Certified
Organic Certified

**အခန်းဆက်ဝတ္ထုရှည်**



# ကမ္ဘာကုန် ကျယ်သရွေ့ဝယ်

**တက္ကသိုလ်ဘုန်းနိုင်**

**ယမန်နေ့မှအဆက်**

"ချစ်တတ်သူဟာ အသည်းနှလုံးကြီးတတ်တယ်တဲ့ . . . ဆရာရဲ့"

ဟီး(လ်)မင်းကားလေးသည် အရှေ့ပြင်ကျုံးရေစပ်၌ ရပ်လိုက်၏။

ထနောင်းပင်ခြေတွင် မမြင့်ဝေက ထိုင်သည်။ ထနောင်းပင်စည်ကို မှီရင်း ကိုသက်ခိုင်က ရပ်နေ၏။

လရောင်၊ ကြယ်ရောင်တို့သည် ကျုံးရေပြင်၌ တောက်ပနေသည်။ မြောက်ဘက် မန္တလေးတောင်တော်ဆီ၌လည်း မီးရောင်စုံတို့ တောက်ပဝင်းလက်နေ၏။

အတန်ကြာ ငြိမ်နေကြပြီးမှ ကိုသက်ခိုင်က မေးသည်။

"မမြင့်ဝေ စိတ်မကောင်း ဖြစ်နေသလား"

"မမြင့်ဝေမှာ စိတ်ကောင်းစရာ ရှိသေးလို့လား ဆရာရယ်"

ကိုသက်ခိုင်က ရယ်ပြရန် ကြိုးစားသည်။ သူ့လည်ချောင်းက ရယ်ခြင်းကို ကန့်ကွက်ဆို့နင့်ပြနေ၏။

သူက တံတွေးကို မျိုချပြီး ဆို၏။

"မမြင့်ဝေ စိတ်မကောင်းဘူးဆိုတာကို ဆရာ ယုံတယ်။ ဒါပေမယ့် မမြင့်ဝေတို့ စိတ်မကောင်းတာဟာ ဆရာ့ကိုတော့ မမီဘူး"

မမြင့်ဝေသည် ဒေါသလေးနှင့် ပြန်မေး၏။

"ဆရာ. . . ဘာပြောတာလဲ"

ထိုအခါကျမှ ကိုသက်ခိုင်သည် လှိုက်လှိုက်လှဲလှဲ ရယ်သည်။ ငိုသံပါအောင် ရယ်သည်။ ရယ်၍အားရမှ သူက ဆိုသည်။

"အစ်မက ချစ်တော့ မောင်တစ်ယောက် သို့မဟုတ် နှစ်ယောက်. . . သုံးယောက်. . . လေးယောက်. . . ငါးယောက်၊ အများဆုံး တစ်ကျိပ်ပဲပေါ့။ အဖေနဲ့အမေက ချစ်တော့ သားတစ်ယောက် နှစ်ယောက်. . . သုံးယောက် . . . လေးယောက်. . . ငါးယောက်. . . အများဆုံးတော့ တစ်ကျိပ်ပါ။ ဆရာကချစ်မိတော့ တစ်ရာ. . . နှစ်ရာ. . . သုံးရာ. . . လေးရာ. . . ငါးရာ. . . တစ်ထောင်. . .




နှစ်ထောင်. . . သုံးထောင်မကဘူး၊ မုန့်ပွားလို ထပ်ထပ်ပွားနိုင် သေးတယ်။

ဩော်. . . မမြင့်ဝေရေ. . . တစ်ညက မေတ္တာအကြောင်း မမြင့်ဝေ ဆရာ့ကို မေးဖူးတယ်။ မှတ်မိသေးလား"

မမြင့်ဝေသည် သတိဝင်သွားဟန် လေသံပျော့ပျော့နှင့် ဆို၏။

"မမြင့်ဝေ. . . မှတ်မိပါသေးတယ် ဆရာ"

"အင်း. . . မေတ္တာဆိုတာကို ရှာကြည့်မိခဲ့တယ်။ အားလုံးဟာ မေတ္တာလိုလိုနဲ့ ငါစွဲနံပါတ် တပ်ထားတဲ့ ကိလေသာ တွေချည်းပဲ။ ဆရာအဖြစ် လုပ်မိတာကြာမှ မေတ္တာကို နားလည်လာတယ်။ မမြင့်ဝေရေ. . . သူတကာ့သားနဲ့ သူတကာ့သမီးဟာ ဆရာရဲ့ သားနဲ့ သမီးတွေချည်း ဖြစ်လာတယ်။ မယုံသူတွေ ပုံအဖြစ်မှတ်ပါ။ ယုံပါစေလို့ မြင့်မိုရ်တောင်လုံးကိုလည်း ထမ်းမပြနိုင်ဘူး။ သမုဒ္ဒရာကိုလည်း မင်ရည်ဖျော်နိုင်စွမ်း မရှိပါဘူး။ အာကာကို လွှာပုံပြုမယ်ဆိုရင်လည်း ညာတာပါပဲ၊ အသည်းနှလုံးကသာ မှန်သောသစ္စာစကားကို ပြောပြနိုင်တယ်"

ဝန်းဝန်းလည်သော မျက်လုံးများနှင့် မမြင့်ဝေက ကိုသက်ခိုင်ကို ကြည့်ရင်း ပြောသည်။

"ဆရာ. . . မမြင့်ဝေကို ပဟေဠိဝှက်ပြနေသလား"

"မမြင့်ဝေက ဆရာ့ကို ဘာလို့ဒီလိုစွပ်စွဲရတာလဲ။ ဆရာ ပဟေဠိမဝှက်တတ်ဘူး။ ဆရာ ဝမ်းနည်းတာ တစ်ခုပဲ ရှိတယ်။ မောင်စောနောင်လို ကလေးတွေက ပဟေဠိအဝှက်ခံနေရတယ်။ ဒါကိုတော့ ဆရာသိတယ်"

"ဒါဖြင့် ဆရာက ဘာလို့ ပဟေဠိကို ရှင်းမပြသလဲ"

"အလွယ်တကူ ရှင်းပြရင် သူတို့ တန်ဖိုးမထားဘူး မမြင့်ဝေ။ သူတို့ဘဝနဲ့ ရင်းနှီးကြပါစေ။ သူတို့အသည်းနှလုံးနဲ့ ရင်းနှီးကြပါစေ။ အဲဒီအခါမှာ အဖြေမှန်ရရင် အဲဒီအဖြေမှန်ဟာ သူတို့ရဲ့ ကိုယ်ပိုင်အဖြေမှန် ဖြစ်လာလိမ့်မယ်"

"ဆရာက မောင်စောနောင်ကို အဖြေမှန် မရသေးဘူးလို့ ဆိုလိုသလား"

"မောင်စောနောင်က အဖြေမှန် ရပြီးသူပါ မမြင့်ဝေ။ ဘယ်လောက်အထိ သူမြင်သလဲဆိုတော့ မစားအပ်တဲ့ အသီးကိုတောင် သူသိခဲ့ပြီ မမြင့်ဝေ"

ငွေလသည် ထိန်ထိန်သာနေ၏။ ငွေလရောင်၌ မမြင့်ဝေ၏ စံပယ်ကိုယ်ရောင်းသွေးသည် ဖွေးဖွေးနုနေ၏။

မမြင့်ဝေက သိမ်မွေ့စွာမေး၏။

"အဲဒီအသီးကို မစားထိုက်မှန်း ဆရာက အရင်သိခဲ့တယ် မဟုတ်လား"

ကိုသက်ခိုင်က ပြုံးသည်။

"မဟုတ်ဘူး မမြင့်ဝေ မမနွယ်က အရင်သိခဲ့တာ မမြင့်ဝေလိုပဲ. . . အရင်သိခဲ့တာ။ ဩော်. . . မမြင့်ဝေရေ. . . ဆရာတို့ ပြန်ကြရအောင်"

မမြင့်ဝေက ကိုသက်ခိုင်ကို မော့ကြည့်၏။ ကိုသက်ခိုင်က လက်ကိုကမ်းပေးသည်။

ကိုသက်ခိုင်နှင့် မမြင့်ဝေသည် ကားပေါ် တက်လိုက်ကြ၏။

မမြင့်ဝေက ကားကို မောင်းပြီး ကိုသက်ခိုင်ကို အိမ်အရောက်လိုက်ပို့ပေးသည်။

အိမ်ဝင်းအတွင်း ကားဆိုက်မိသောအခါ တမာရွက်တို့က ကြွေ၍ နှုတ်ဆက်ပြသည်။

အဟောင်းကို ကြွေ၍ အသစ်တို့ ဝေသော မဟာနွေဦးသည် ဆိုက်ရောက်လာခဲ့ပြန်လေပြီတည်း။

ကိုသက်ခိုင်သည် ဖြူဖြူဝင်း၍ သန့်သန့်စင်သော မမြင့်ဝေကို ငေးကြည့်မိ၏။

နွယ်ဦးမွန်မို့ ချစ်ထွတ်တင်ခဲ့ရလေသူတစ်ဦးကိုလည်း လွမ်းလွမ်းဆွတ်ဆွတ် သတိရမိသည်။

မမြင့်ဝေ၏ကား ထွက်သွားလေမှ ကိုသက်ခိုင်သည် အိမ်တွင်းသို့ ဝင်လာ၏။

ပြက္ခဒိန်ကို ကြည့်မိသည်။ ပြက္ခဒိန်စာမျက်နှာက နှစ်. . . လ. . . ရက်ကို ထင်ရှားစွာ ပြနေ၏။

၁၉၆၂ ခုနှစ် မတ်လ ၂ရက်နေ့. . . ။

ကိုသက်ခိုင်သည် တယောကို ယူပြီး အိမ်ပြင်သို့ ထွက်လိုက်၏။

ရွက်ဝါတို့သည် သဲသဲမဲမဲကြွေနေ၏။

အဟောင်းမည်သည် ကြွေပေမည်။ အသစ်ဟူသည်ကား ထွန်းလိမ့်မည်။

တစ်ကြိမ်တုန်းကသို့ပင် မဟာနွေဦးသည် ဆိုက်လာပြန်လေပြီ။

ကိုသက်ခိုင်သည် ကမ္ဘာကုန်ကျယ်သရွေ့ဝယ် သီချင်းကို တီးရင်း ညည်းမိ၏။

အမှန်က သူသည် ညောင်ရွက်ဝါတို့ ဈာန်ယဉ်ပြောင်းသကဲ့သို့ ပျက်ပြယ်ကောင်းပြီဖြစ်သော စိတ်ဇောမနသီကို အပြစ်တင် တေးဆိုမိခြင်းဖြစ်သည်။

သူ့အတွက်လည်း ဟုတ်သည်။ မောင်စောနောင်အတွက်လည်း ဟုတ်သည်။ လူသားအားလုံးအတွက်လည်း ဟုတ်သည်။

လွမ်းသမျှသည် ကမ္ဘာကုန်ကျယ်ရန် မဟုတ်။

အတိတ်ကို တမ်းတနေပြီး ကမ္ဘာကုန်ကျယ်နေရန်လည်း မဟုတ်။

အကောင်းအတွက် ပြောင်းလဲခြင်းတို့သည်သာ ကမ္ဘာကုန်ကျယ်သရွေ့ရှိထိုက်သည်။ ရှိရမည်။

ကမ္ဘာကုန်ကျယ်သရွေ့. . .

အကောင်းအတွက် ပြောင်းလဲခြင်းသည်သာ လူသားအတွက် မျှော်လင့်ခြင်း ဖြစ်ပေသတည်း။

**ပြီးပါပြီ။**

**(၁၉၆၆ ခုနှစ်က ထုတ်ဝေခဲ့သော ဆရာ တက္ကသိုလ်ဘုန်းနိုင်၏ စာအုပ်မှ အခေါ်အဝေါ်နှင့် အသုံးအနှုန်းများ၊ စာလုံးပေါင်းသတ်ပုံနှင့် သဒ္ဒါအထား အသိုများကို မူရင်းအတိုင်း ဖော်ပြခြင်းဖြစ်ပါသည်။)**


ပညာရေးဝန်ကြီးဌာန

အမျိုးသားစီမံခန့်ခွဲမှုပညာကောလိပ်

National Management College (NMC)

အမျိုးသားစီမံခန့်ခွဲမှုပညာကောလိပ်တွင် အောက်ဖော်ပြပါသင်တန်း(နဝမအကြိမ်)ကို ဖွင့်လှစ်မည်ဖြစ်ပါသည်-

၁။ သင်တန်းအမည် - ခရီးသွားလုပ်ငန်းပညာနှင့် စီမံခန့်ခွဲမှုဆိုင်ရာဒီပလိုမာသင်တန်း၊ Diploma in Tourism Studies and Management (DTSM)
၂။ သင်တန်းအောင်လက်မှတ် - Diploma in Tourism Studies and Management (DTSM)
၃။ သင်တန်းဝင်ခွင့်အရည်အချင်း - တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီးသူများ
၄။ သင်တန်းကာလ - (၉)လ
၅။ သင်တန်းချိန် - နံနက်(၀၇:၀၀)နာရီမှ (၀၉:၀၀)နာရီအထိ (ရုံးပိတ်ရက်များမှအပ အပတ်စဉ် တနင်္လာနေ့မှ သောကြာနေ့အထိ)
၆။ လျှောက်လွှာထုတ်ပေးမည့်နေ့ရက် - ၂၆-၁၀-၂၀၁၅ (တနင်္လာနေ့)မှ ၅-၁၁-၂၀၁၅(ကြာသပတေးနေ့)အထိ
၇။ လျှောက်လွှာလက်ခံမည့်နေ့ရက် - ၂၆-၁၀-၂၀၁၅ (တနင်္လာနေ့)မှ ၅-၁၁-၂၀၁၅(ကြာသပတေးနေ့)အထိ
၈။ သင်တန်းဝင်ခွင့်အရည်အချင်းစစ် စာမေးပွဲစစ်ဆေးမည့်ရက် - ၁၂-၁၁-၂၀၁၅ (ကြာသပတေးနေ့)၊ နံနက် (၁၀:၀၀)နာရီ မှ (၁၂:၀၀)နာရီ (Tourism ဆိုင်ရာဗဟုသုတနှင့်အင်္ဂလိပ်စာဘာသာရပ်(၂)နာရီမေးခွန်း)
၉။ သင်တန်းဝင်ခွင့်ကြေညာမည့်ရက် - ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလကုန် (ခန့်မှန်း)
၁၀။ သင်တန်းဖွင့်မည့်နေ့ရက် - ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ (၂)ရက် (ဗုဒ္ဓဟူးနေ့)(ခန့်မှန်း)
၁၁။ လျှောက်လွှာယူရန်နှင့်ပြန်လည်ပေးပို့ရမည့်နေရာ - ကျောင်းသားရေးရာဌာန၊အမျိုးသားစီမံခန့်ခွဲမှုပညာကောလိပ်၊ အမှတ်(၂၇၃/၂၇၉)၊ ကုန်သည်လမ်း၊ (၅၄လမ်းနှင့်၅၅လမ်းကြား) ဗိုလ်တထောင်မြို့နယ်၊ရန်ကုန်မြို့။
၁၂။ သင်တန်းပို့ချမည့်နေရာ - လေးထပ်စာသင်ဆောင်၊ဗိုလ်တထောင်ဘုရားလမ်း၊ အမျိုးသားစီမံခန့်ခွဲမှု ပညာကောလိပ်
၁၃။ လျှောက်လွှာနှင့်အတူ အောက်ပါစာရွက်စာတမ်းများကို ပူးတွဲတင်ပြရမည်-
(က) လိုင်စင်ဓါတ်ပုံ(၂)ပုံ
(ခ) ဘွဲ့လက်မှတ်မိတ္တူ (မူရင်းအားတိုက်ဆိုင်စစ်ဆေးရန်ယူဆောင်လာပါရန်)
(ဂ) နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ (မူရင်းအားတိုက်ဆိုင်စစ်ဆေးရန်ယူဆောင်လာပါရန်)
(ဃ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာရဲစခန်းနှင့် ကျေးရွာ/ရပ်ကွက်အထွေထွေအုပ်ချုပ်ရေးဦးစီး ဌာန၏ထောက်ခံချက်များ (မူရင်း)
(င) နိုင်ငံ့ဝန်ထမ်းဖြစ်ပါက ညွှန်ကြားရေးမှူးချုပ်(သို့)ဦးဆောင်ညွှန်ကြားရေးမှူး၏ ခွင့်ပြုသည့်စာ

အသေးစိတ်သိလိုပါက အမျိုးသားစီမံခန့်ခွဲမှုပညာကောလိပ်၊ ကုန်သည်လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း- (ကျောင်းသားရေးရာဌာန ၀၁ ၂၉၂၅၆၆၊ ၀၁-၂၉၉၀၈၈ Ext ၂၀၈၊ ၂၁၅)၊ (စီမံ/ဘဏ္ဍာဌာန ၂၉၁၉၁၀)၊ (ကျောင်းအုပ်ကြီးရုံးခန်း ၂၀၈၆၃၉) သို့ ရုံးချိန်အတွင်း ဆက်သွယ် မေးမြန်းနိုင်ပါသည်။

အမျိုးသားစီမံခန့်ခွဲမှုပညာကောလိပ်


## (၈၄)သူငယ်ချင်းများသို့ ဖိတ်ကြားခြင်း

၁၉၈၄ခုနှစ်၊ မြန်မာ့သစ်လုပ်ငန်း၊ လက်ထောက်မန်နေဂျာ(ရောင်း/စက်)များ၏ (၃၁)နှစ်မြောက်တွေ့ဆုံပွဲကို ၃၁-၁၀-၂၀၁၅ ရက်(စနေနေ့) နံနက် ၉နာရီတွင် အမှတ်(၁/၂/၃)ပရိဘောဂစက်ရုံ ရှင်းလင်းဆောင်၌ အောင်မင်္ဂလာ ပါဠိတက္ကသိုလ် ပဓာနနာယကဆရာတော်ကြီးနှင့် နာယကဆရာတော်(၅)ပါးအားပင့်ဖိတ်၍ ကွယ်လွန်ကြပြီးသော ဆရာသမားများနှင့် (၈၄)သူငယ်ချင်းများကိုရည်စူး၍ သံဃာတော်များအား နေ့ဆွမ်းနှင့်လှူဖွယ်များ ဆက်ကပ်လှူဒါန်းပြီး ကောင်းမှုကုသိုလ်များကို အတူတကွအမျှပေးဝေလိုပါ၍ သူငယ်ချင်းများအား မိသားစုအလိုက် တက်ရောက်ကြပါရန်ဖိတ်ကြားအပ်ပါသည်။ (ဖိတ်စာများအား အိမ်အရောက် လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှတစ်ဆင့်ဖြစ်စေ ပေးပို့ပါမည်၊ အကြောင်းကြောင်းကြောင့် ဖိတ်စာမရရှိခဲ့ပါက အောက်ဖော်ပြပါ ပုဂ္ဂိုလ်များထံသို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။)

ဦးဘိုနီ -၀၉-၂၅၄၃၁၄၈၄၄
ဦးအုန်းစိန် -၀၉-၂၅၄၂၇၇၅၀၀
ဒေါ်နွဲ့နွဲ့အောင် -၀၉-၅၀၈၃၀၂၂၊ ၀၉-၇၈၅၀၈၃၀၂၂
ဦးဆွေငြိမ်း - ၀၉-၅၁၉၄၂၉၄၊ ၀၁-၂၂၂၉၄၄
ဦးအောင်သိန်း - ၀၉-၅၀၁၈၉၅၄
ဦးမြင့်အောင် - ၀၉-၄၂၀၇၁၄၄၇၁

ဖြစ်မြောက်ရေးအဖွဲ့
၁၉၈၄အလုပ်ဝင်အရာထမ်းများ




# ရေဘေးသင့်ဒေသ ပြန်လည်ထူထောင်ရေးအတွက် အကျိုးပြု ဘက်စုံသက်မွေးမှု သင်တန်းဆင်း



**ဟသ်ာတ အောက်တိုဘာ ၂၅**

ဧရာဝတီတိုင်းဒေသကြီး ဟသ်ာတမြို့၌ ရေဘေးသင့်ဒေသ ပြန်လည်ထူထောင်ရေးအတွက် အကျိုးပြုမည့် ဘက်စုံသက်မွေးကာလတိုသင်တန်း သင်တန်းဆင်းပွဲအခမ်းအနားကို အောက်တိုဘာ ၂၃ ရက် နံနက် ၉ နာရီက အစိုးရနည်းပညာအထက်တန်းကျောင်း သင်တန်းခန်းမတွင် ပြုလုပ်ခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်အောင်ဝင်းက အမှာစကားပြောကြားပြီး အစိုးရနည်းပညာ အထက်တန်းကျောင်း ကျောင်းအုပ်ကြီးဦးမျိုးမြင့်အောင်က သင်တန်းဆင်းအမှာစကားပြောကြားခဲ့သည်။ ယင်းနောက် လက်တွေ့အသုံးချ ပန်းရန်ပညာသင်တန်း၊ လယ်ယာသုံးစက်ပစ္စည်းကိရိယာများ ကိုင်တွယ်အသုံးပြုပုံသင်တန်းနှင့် အိမ်တွင်း လျှပ်စစ်ဝါယာသွယ်တန်းခြင်းလုပ်ငန်း သင်တန်းတက်ရောက်ပြီးမြောက်သော သင်တန်းသားများအား နည်းပြဆရာ၊ ဆရာမများနှင့် တာဝန်ရှိသူများက သင်တန်းဆင်းလက်မှတ်များကို ပေးအပ်ခဲ့ပြီး သင်တန်းသားတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။

အဆိုပါသင်တန်းကို အောက်တိုဘာ ၁ ရက်မှ ၂၃ ရက်ထိ ဖွင့်လှစ်ခဲ့ပြီး ဟသ်ာတမြို့နယ်တွင်းရှိ ရေကြီးနစ်မြုပ်ခဲ့သည့်ဒေသများမှ သင်တန်းသား ၅၃ ဦးကို စာတွေ့လက်တွေ့ သင်ကြားပေးခဲ့ခြင်းဖြစ်သည်။ **ဟသ်ာတ(ပြန်/ဆက်)**

# ကျေးရွာများတွင်သောက်သုံးရေရရှိမှုနှင့် ရေမီတာသုံး ရေပေးစနစ်ဆောင်ရွက်လိုမှု စစ်တမ်းကောက်ယူ

**ကျွန်းလှ အောက်တိုဘာ ၂၅**

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ်၌ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေး ဝန်ကြီးဌာန မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးလက်နေပြည်သူများသောက်သုံးရေးရရှိမှုနှင့် ရေမီတာသုံးရေပေးစနစ်ဆောင်ရွက်လိုမှု အခြေအနေ စစ်တမ်းကောက်ယူခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ယင်းသို့ ကျေးရွာများအား ရေစစ်တမ်းကောက်ယူခြင်းဖြင့် ၂၀၃၀ ပြည့်နှစ် ကျေးလက်နေပြည်သူများ ပိုက်လိုင်းရေပေးစနစ်ရရှိစေရေး၊ ၇၅ ရာခိုင်နှုန်းအိမ်တိုင်ရာရောက် ရေမီတာသုံးရေပေးစနစ်ရရှိစေပြီး ၂၅ ရာခိုင်နှုန်းအများသုံးရေ စနစ်ရရှိစေရန် ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

**မျိုးဝင်းညို(ကျွန်းလှ)**

# လားရှိုးမြို့တွင် ဆရာ၊ ဆရာမ အရည်အသွေးမြှင့် သင်တန်းဖွင့်ပွဲ အခမ်းအနားကျင်းပ

**လားရှိုး အောက်တိုဘာ ၂၅**

ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ဦးဆောင်မှုဖြင့် ပြည်နယ်ပညာရေး ညွှန်ကြားရေးမှူးရုံး (ရုံးခွဲ)မှ ကြီးမှူးဖွင့်လှစ်သည့် ဆရာ၊ ဆရာမ အရည်အသွေးမြှင့်သင်တန်း အပိုင်း(၁) ( Teaching Knowedge Test)Module-1 ဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၂၄ ရက် နံနက် ၉ နာရီက လားရှိုးမြို့ အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်း ကမ္ဘောဇခန်းမတွင် ကျင်းပရာ ပြည်နယ်ဒုတိယအုပ်ချုပ်ရေးမှူး ဦးစိန်အုပ်က သင်တန်းဖွင့်အမှာစကား ပြောကြားပြီး Teaching Knoledge Test နှင့်ပတ်သက်၍ အမရပူရပါတနာ အင်္ဂလိပ်စာသင်ကျောင်းမှ သင်တန်းနည်းပြဆရာ Mr Adam က ရှင်းလင်းပြောကြားခဲ့သည်။

အဆိုပါသင်တန်းကို ရှမ်းပြည်နယ် (မြောက်ပိုင်း)ရှိ အခြေခံပညာ အလယ်တန်းကျောင်းနှင့် အခြေခံပညာအထက်တန်းကျောင်းတို့တွင် ပညာသင်ကြားပေးနေသော ဆရာ၊ ဆရာမ ၁၀၀ တက်ရောက်ပြီး သင်တန်းကာလကို နိုဝင်ဘာ ၁ ရက်အထိ သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

ရှမ်းပြည်နယ်(မြောက်ပိုင်း)တွင် ဒုတိယအကြိမ် ဖွင့်လှစ်ခြင်းဖြစ်ပြီး သင်တန်းဖွင့်ပွဲသို့ ပြည်နယ်ဒုတိယအုပ်ချုပ်ရေးမှူး ဦးစိန်အုပ်၊ ပြည်နယ်ပညာရေးညွှန်ကြားရေးမှူးရုံး(ရုံးခွဲ) ဒုတိယညွှန်ကြားရေးမှူး ဦးရဲညွှန့်၊ တွဲဖက် ပြည်နယ်၊ ခရိုင်အဆင့်ဌာနဆိုင်ရာများ၊ သင်တန်းသား ဆရာ၊ ဆရာမများ တက်ရောက်ကြကြောင်းသိရသည်။

**ဟန်ဌေး(လားရှိုး)**

# မဲရုံအဖွဲ့ဝင်များအား မဲပေးခြင်းဆိုင်ရာများကို အဆင့်ဆင့်သရုပ်ပြ၍ ဆင့်ပွားပညာပေး

**တနသ်ာရီ အောက်တိုဘာ ၂၅**

၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးရည်ရွယ်၍ မြို့နယ်ကော်မရှင် အဖွဲ့ခွဲ အဖွဲ့ဝင်ပြန်/ဆက်ဦးစီးဌာန ဦးစီးမှူး ဒေါ်မိသူဇာနှင့်ဝန်ထမ်းများသည် အောက်တိုဘာ ၂၂ ရက် နံနက် ၉ နာရီမှစ၍ ညနေ ၄ နာရီ အထိ တနသ်ာရီမြို့နယ် တမုတ်ချိုးကျေးရွာအုပ်စု ရေဖြူရွာမူလတန်းကျောင်းခန်းအတွင်း မဲရုံအဖွဲ့ဝင်များအား မဲပေးခြင်း ဆိုင်ရာအဆင့်ဆင့် သရုပ်ပြ ဆင့်ပွားပညာပေးခြင်းအား ညှိနှိုင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

တမုတ်ချိုးကျေးရွာအုပ်စုနှင့် ကျောက်တစ်လုံးကျေးရွာအုပ်စုတို့၌ မဲရုံခြောက်ရုံ (ရေဖြူရွာတွင် မဲတစ်ဆိုင်းအပိုပါ)မှ မဲရုံအဖွဲ့ဝင်များနှင့် ကျေးရွာကော်မရှင် အဖွဲ့ဝင်များအား တစ်ဦးချင်းစီ၏လုပ်ငန်းတာဝန်များအကြောင်း ရှင်းလင်းဆွေးနွေးပြီး မဲပေးခြင်းဆိုင်ရာ လုပ်ငန်းစဉ်များ ဆင့်ပွား ပညာပေးခဲ့ကြသည်။

ယင်းအပြင်မြို့နယ်အဆင့် ရွေးကောက်ပွဲဆိုင်ရာ ပညာပေးသင်တန်းတက်ရောက်ခဲ့ပြီးသည့် မဲရုံမှူး၊ ဒုမဲရုံမှူးများကလည်း တမုတ်ချိုးကျေးရွာအုပ်စုနှင့် ကျောက်တစ်လုံးကျေးရွာအုပ်စုတို့မှ မဲရုံအဖွဲ့ဝင် ၇၀ တို့အား မဲရုံသုံးပစ္စည်း စစ်ဆေးခြင်း၊ မဲလက်မှတ်စစ်ဆေးခြင်း၊ ထုတ်ပေးခြင်း၊ မဲရုံလုံခြုံရေး၊ မဲရုံအခင်းအကျင်း ကြိုတင်ပြင်ဆင်ခြင်း၊ ကြိုတင်မဲထုတ်ပေးခြင်း၊ လက်ခံခြင်း၊ မဲရုံဖွင့်ခြင်း၊ ပိတ်ခြင်း၊ ဆန္ဒမဲရေတွက်ရာ၌ ခိုင်လုံမဲ၊ ပယ်မဲခွဲခြားသတ်မှတ်ခြင်း၊ မဲရလဒ်ချိတ်ပိတ်သိမ်းဆည်းခြင်း စသဖြင့် ဆန္ဒမဲပေးခြင်း၊ သရုပ်ပြလက်တွေ့စမ်းသပ်ပေးကြပြီး၊ ဆန္ဒမဲလက်မှတ်ပုံးများ ထုပ်ပိုးခြင်း၊ သက်ဆိုင်ရာကော်မရှင်ထံသို့ အချိန်မီဆက်သွယ်ပေးပို့နိုင်ရန် စီစဉ်ခြင်းစသည်တို့ကို ထပ်ဆင့်ရှင်းလင်း ညှိနှိုင်းခဲ့ကြသည်။

ထို့အပြင် ရွေးကောက်ပွဲအတွေ့အကြုံ အားနည်းသည့် ကျေးရွာအတွင်းမှ မဲဆန္ဒရှင်များကိုလည်း မဲပေးနည်းအဆင့်ဆင့် နားလည်သဘောပေါက်စေရန် လက်တွေ့မဲပေးနည်း အဆင့်ဆင့် စမ်းသပ်စေခဲ့ကြောင်း မြို့နယ်ကော်မရှင်အဖွဲ့ခွဲ၊ အဖွဲ့ဝင်ဒေါ်မိသူဇာက ပြောပြသည်။

**ထိန်ဝင်း(ပြန်ဆက်)**















# ရန်ကုန်တိုင်းဒေသကြီးအတွင်း ရဲမှူးအဆင့်ဦးစီးသည့် ဒုတပ်ဖွဲ့ခွဲမှူးရုံး သုံးရုံးအား မကြာမီဖွဲ့စည်းဆောင်ရွက်မည်

**ရန်ကုန် အောက်တိုဘာ ၂၅**

ရန်ကုန်တိုင်းဒေသကြီးအတွင်း ရဲမှူးအဆင့်ဦးစီးသည့် ဒုတပ်ဖွဲ့ခွဲမှူးရုံး တစ်ရုံးသာရှိခဲ့ရာမှ ခရိုင်ကိုအခြေခံ၍ နောက်ထပ် ဒုတပ်ဖွဲ့ခွဲမှူးရုံးသုံးရုံးအား မကြာမီကာလတွင် ဖွဲ့စည်းဆောင်ရွက်တော့မည်ဖြစ်ကြောင်း သိရသည်။

ယာဉ်ထိန်းတပ်ဖွဲ့မှူး ရဲမှူးကြီး ကျော်ထွေးက "ရန်ကုန်မြို့မှာက ခုဆိုတပ်ဖွဲ့စု ၄၅ စုရှိသွားပါပြီ။ ရဲမှူးအဆင့်ဦးစီးတဲ့ ဒုတပ်ဖွဲ့ ခွဲမှူးရုံးကလည်း တစ်ရုံးပဲရှိပါတယ်။ ဒါကြောင့် ကြီးကြပ်မှုနှင့် ကွပ်ကဲမှုများ ပိုမိုကောင်းမွန်ထိရောက်လာစေဖို့အတွက် ခရိုင်တစ်ခုစီမှာ ရဲမှူးအဆင့်ဦးစီးတဲ့ ဒုတပ်ဖွဲ့ခွဲမှူးရုံးတစ်ရုံးစီ ဖွင့်သွားမှာပါ။ ရန်ကုန်မြို့ (၅၂) လမ်းကရုံးကတော့ အရှေ့ပိုင်းခရိုင်မှာပါတဲ့အတွက် အနောက်ပိုင်း၊ တောင်ပိုင်းနဲ့ မြောက်ပိုင်း ခရိုင်ရုံးများကိုဖွင့်တော့မှာပါ၊ ရန်ကုန်မြို့မှာက ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်အင်အား ၁၄၀၀ နီးပါးပဲရှိတော့ ဖွဲ့စည်းပုံ မပြည့်သေးပါဘူး။ မလုံလောက်သေးပါဘူး။ ဖွဲ့စည်းပုံအင်အားရဲ့ ၆၀ ရာခိုင်နှုန်းပဲရှိပါသေးတယ်။ အင်အားတွေရလာရင်တော့ ထပ်မံဖြည့်တင်းပါမယ်။ လက်ရှိ စည်းကမ်းပျက်ယာဉ်တွေကို ပြည်သူတွေကသတင်းပေးလို့ ရန်ကုန်မှာလည်း OCC ဖွင့်ထားပြီး မှတ်သားဖမ်းဆီးအရေးယူနေပါတယ်။ နောက်ပိုင်းဆို စည်းကမ်းဖောက်ဖျက်တဲ့ယာဉ်ရဲ့ လိုင်စာကို သတင်းမီဒီယာတွေကနေဖော်ပြပြီး စည်းကမ်းပျက်ယာဉ်တွေကို အရေးယူဆောင်ရွက်တော့မှာပါ" ဟု ရှင်းပြသည်။

ယာဉ်ထိန်းရဲတပ်ဖွဲ့အား အဆင့်ဆင့်တိုးချဲ့ဖွဲ့စည်းခဲ့ရာ ၂၀၁၂ ခုနှစ်မှစတင်၍ ယာဉ်ထိန်းရဲတပ်ဖွဲ့၏ ဖွဲ့စည်းပုံကို ပြင်ဆင်ခဲ့ပြီး ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင် အင်အား ၃၄၁၃ ဦးဖြင့် တပ်ဖွဲ့စု ၆၅ စုအား တစ်နိုင်ငံလုံး အတိုင်းအတာအတွက် တိုးချဲ့ဖွဲ့စည်းခဲ့ကြောင်း သိရသည်။

ယင်းနောက် လွှတ်တော်အတွင်း လွှတ်တော်ကိုယ်စားလှယ်များ၏ မေးမြန်းချက်များအရလည်းကောင်း၊ ဒေသများအတွင်း လမ်းအသုံးပြုကြသူ များပြားလာခြင်းကြောင့်လည်းကောင်း ထပ်မံတိုးချဲ့ရန်အတွက် လိုအပ်လာ၍ တာဝန်ရှိသူများမှ ထပ်မံစိစစ်ကာ ၂၀၁၅ ခုနှစ် ဇန်နဝါရီ ၁၅ ရက်တွင် အစိုးရအဖွဲ့မှ အတည်ပြု၍ အင်အား ၅၆၂၀ ဖြင့် တပ်ဖွဲ့စု ၁၂၆ စုအား ထပ်မံတိုးချဲ့ ဖွဲ့စည်းခဲ့ကြောင်းသိရသည်။ ထို့မှတစ်ဆင့် ကြီးကြပ်မှုနှင့် ကွပ်ကဲမှုများ ပိုမိုကောင်းမွန်လာစေရေးအတွက်ပြီးခဲ့သည့် စက်တင်ဘာ ၁၀ ရက်က ပြည်ထောင်စုအစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် ရဲမှူးအဆင့်ဦးစီးသည့် ဒုတပ်ဖွဲ့ခွဲမှူးရုံး ငါးရုံးအား ထပ်မံတိုးချဲ့ခဲ့သည်။

လက်ရှိ မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ ကွပ်ကဲမှုအောက်၌ တစ်နိုင်ငံလုံး အတိုင်းအတာအရ ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင် ဖွဲ့စည်းထားမှုမှာ ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင် ၅၉၈၀ ရှိနေပြီး ယာဉ်ထိန်းရဲတပ်ဖွဲ့၊ တပ်ဖွဲ့မှူးရုံးမှာ နေပြည်တော်၌အခြေပြုကာ တပ်ဖွဲ့ခွဲသုံးခုအား နေပြည်တော်၊ ရန်ကုန်၊ မန္တလေးမြို့များ၌ ဖွဲ့စည်းထားသည်။ အဆိုပါ တပ်ဖွဲ့ ခွဲသုံးခု၏ ကွပ်ကဲမှုအောက်၌ ရဲမှူးအဆင့်ဦးစီးသည့် ဒုတပ်ဖွဲ့ခွဲမှူးရုံးများမှာ နေပြည်တော်၊ ကယားပြည်နယ်၊ မကွေး၊ ပဲခူး၊ ရခိုင်ပြည်နယ်တို့တွင် စာရင်းအရလက်ရှိ ရုံး ၂၀ ဖွဲ့စည်းဆောင်ရွက်ထားသည်။ အလားတူတပ်ဖွဲ့ခွဲ(၃) ဖြစ်သော အထက်မြန်မာပြည်နေရာ၌လည်း ကနဦး ဒုတပ်ဖွဲ့ခွဲမှူးရုံး ငါးရုံးရှိခဲ့ရာမှ လားရှိုးမြို့တွင် တစ်ရုံးနှင့် ကျိုင်းတုံမြို့တွင် တစ်ရုံးထပ်မံတိုးချဲ့ဖွဲ့စည်းမည်ဖြစ်သဖြင့် ရဲမှူးအဆင့်ဦးစီးသည့် ဒုတပ်ဖွဲ့ခွဲမှူးရုံး ခုနစ်ရုံးဖြစ်သွားမည်ဖြစ်သည်။

ယာဉ်မတော်တဆမှုကြောင့် ထိခိုက်ဒဏ်ရာရနှင့် သေဆုံးမှုများမပါဝင်ဘဲ တစ်နိုင်လုံးအတိုင်းအတာအနေဖြင့် ဆုံးရှုံးပျက်စီးသွားရသည့် ရုပ်ဝတ္ထုပစ္စည်းတန်ဖိုးများစာရင်းအရ ၂၀၁၂ ခုနှစ်တွင် ငွေကျပ်သိန်းပေါင်း ၁၅၈၀၀ ကျော်ရှိကြောင်း၊ ၂၀၁၃ ခုနှစ်တွင် ငွေကျပ်သိန်းပေါင်း ၂၁၂၀၀ ကျော်ရှိကြောင်း၊ ၂၀၁၄ ခုနှစ်တွင် ငွေကျပ် သိန်းပေါင်း ၁၅၇၀၀ ကျော်ရှိကြောင်းနှင့် အဆိုပါစာရင်းများမှာ ယာဉ်မတော်တဆမှုဖြစ်ပွားခဲ့လျှင် နယ်မြေရဲစခန်း၌ ယာဉ် (ပ) နံပါတ်ဖြင့် အမှုဖွင့်လှစ်ပြီးနောက် နယ်မြေစခန်းများ၏ မှတ်တမ်းများ ပြုစုထားခြင်းဖြစ်သည်။

**စိုးဝင်း** (MLA)



# ကမ်းကြီးကျေးရွာ-ဖန်းခါးပင်ကုန်း-တပ်ရှောင်လမ်း မြေသားလမ်းအသစ် ဖောက်လုပ်

**ကျွန်းစု အောက်တိုဘာ ၂၅**

ကမ်းကြီး-ဖန်းခါးပင်-တပ်ရှောင် မြေသားလမ်းအသစ်အား ဆောင်ရွက်ပေးနိုင်ရေးအတွက် ကျွန်းစုမြို့နယ်ရှိ ဒေသခံပြည်သူများ၏ တင်ပြတောင်းဆိုချက်အရ နိုင်ငံတော်အစိုးရက ၂၀၁၅-၁၆ ဘဏ္ဍာရေးနှစ်တွင် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ရန်ပုံငွေဖြင့် အသစ်ဖောက်လုပ်ကာ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

အဆိုပါ တပ်ရှောင်မြေသားလမ်းသည် နှစ်မိုင်ခန့်ရှိပြီး ယင်းလုပ်ငန်းစီမံကိန်းကို ကျော်နေစိုးကုမ္ပဏီက တာဝန်ယူကာ စက်ယန္တရားများဖြင့် စတင်အကောင်အထည် ဖော်ဆောင်ရွက်နေပြီဖြစ်ကြောင်းသိရသည်။

ကျွန်းစုမြို့နယ်၌ ကမ်းကြီးကျေးရွာအုပ်စုဖြစ်သည့် ကမ်းကြီးကျေးရွာ၊ ပြင်ထပ်အော်ကျေးရွာနှင့် သက်န်းအော်ကျေးရွာမှ အများပြည်သူများသည် ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေးကိစ္စများကို ကျွန်းစုမြို့သို့ တနင်္သာရီရေတပ်စခန်းဌာနချုပ် တပ်တွင်းမှ ဖြတ်သန်းကာ နေ့စဉ်နှင့်အမျှ သွားလာဆောင်ရွက်နေကြရသည်။

**ရန်နိုင် (ကျွန်းစု ပြန်/ဆက်)**



**မဟာတိုး ဗုဒ္ဓဂယာ-ထိုင်း-ကမ္ဘောဒီးယား-သီရိလင်္ကာ-ဘုရားဖူးအဖွဲ့**

ဗုဒ္ဓဂယာ (၇) ရက် ၈.၅ သိန်း ၊ ဗုဒ္ဓဂယာ (၁၄) ရက်ခရီး ၉.၅ သိန်း Nov.11,25, Dec.9 , 23 (ပိဋကပူဇော်ပွဲ)
ဗန်ကောက်- မြဘုရားဈေးဝယ် (၃) ရက်ခရီး ၃.၅ သိန်း
ကမ္ဘောဒီးယား-အန်ကောဝပ် (၃) ရက်ခရီး (လေယာဉ်ဖြင့် ) ၇.၅ သိန်း
သီရိလင်္ကာစွယ်တော် အပြန် ဗန်ကောက်ဘုရားဖူးဈေးဝယ် ၁၅.၅ သိန်း
Oct 30-31, Nov 01
Nov 27,28,29
Dec 25.26.27
မိသားစု၊ အသင်းအဖွဲ့ သီးသန့် စီစဉ်ပေးပါသည်။
ရန်ကုန် -(၃၈)၊ ၉လမ်း/ ၁၁၅မဟာဗန္ဓုလလမ်းနှင့်လှည်းတန်းလမ်းထောင့်၊ လမ်းမတော်မြို့နယ်။ ဖုန်း - ၂၂၇၃၂၂ ၊ ၀၉ ၄၉၂၉၇၁၇၆ ၊ ၀၉ ၇၃၂၅၅၈၉၀
မန္တလေး -၄၁၄၊ ၈၂ လမ်း ၊ ၃၂ × ၃၃ ကြား ၊ ချမ်းအေးသာစံမြို့နယ်။ ဖုန်း - ၀၉ ၉၁၀၁၉၅၁၆ ၊ ၀၂ ၃၄၆၇၄
မော်လမြိုင် - အမှတ် (၄၇) ၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း မြိုင်သာယာရပ်၊ ဖုန်း- ၀၉ ၄၉၈၀၀၂၈၆ ၊ ၀၉၈၇၀၄၀၈၈
မန္တလေးမှ ဗန်ကောက်၊ ကမ္ဘောဒီးယား၊ သီရိလင်္ကာ တိုက်ရိုက်ပို့ပေးပါသည်။



အောက်တိုဘာ (၂၃)ရက်နေ့မှာ

ဆွေသဟာ

သုံးစွဲသူပေါင်း



(၁၀)သန်း

ပြည့်သွားခဲ့ပါပြီ

MPT
ရွှေသို့လှမ်းချီ မြန်မာပြည်

ဝန်ဆောင်မှုသုံးစွဲကြသူများ
ယခုထက်မက ပိုမိုများပြားစေဖို့
ဆတက်ထမ်းပိုး ကြိုးစားသွားမှာ ဖြစ်ပါတယ်

| Prepaid | Postpaid |
|---|---|
| သုံးစွဲသူများ | သုံးစွဲသူများ |
| SWE | POSTSWE |

ဟု ရိုက်၍ 1332 သို့ အခမဲ့ SMS ပေးပို့ပြီး
ဆွေသဟာ အစီအစဉ်မှာ ပါဝင်နိုင်ပါပြီ

| Voice Call | SMS | Data |
|---|---|---|
| 23Ks/min | 10Ks/SMS | 6Ks/MB |

## MPT ၏ ဆွေသဟာ အစီအစဉ်အသုံးပြုခြင်းကို ကြိုက်နှစ်သက်သူပေါင်း ၁၀ သန်းအထိရှိလာပြီ။

မြန်မာနိုင်ငံ၏ ထိပ်တန်းဆက်သွယ်ရေးအော်ပရေတာဖြစ်သော မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း (MPT) သည် သုံးစွဲသူမိဘ ပြည်သူများ ပိုမိုအဆင်ပြေစေရန်အတွက် SMS တစ်စောင်ပို့ရုံဖြင့် မြန်နှုန်းမြင့်အင်တာနက်၊ ပိုမိုဈေးသက်သာသော ဖုန်းခေါ်ဆိုခများကို ရရှိခံစားနိုင်သည့် ဆွေသဟာအစီအစဉ်ကို ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလက စတင်ခဲ့သည်။ ဆွေသဟာဟုအမည်ပေးလိုက်ခြင်းသည် MPTသုံးစွဲသူများအနေဖြင့် MPT၏အမြဲတမ်းချစ်ခင်လေးစားရသော ခင်မင်ရင်းနှီးသည့်မိတ်ဆွေများအား အသိအမှတ်ပြုသည့်အနေဖြင့် သတ်မှတ်ပေးခြင်းဖြစ်သည်။

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ ဆွေသဟာအစီအစဉ်ကို သုံးစွဲသူများထံသို့ ပိုမိုကောင်းမွန်သောဝန်ဆောင်မှုပေးနိုင်ရန် အစဉ်တစိုက်အားထုတ်လျက်ရှိသည်။ လက်ရှိ၌ ဆွေသဟာအစီအစဉ်ကို ဖုန်းခေါ်ဆိုခ တစ်မိနစ်လျှင် ၂၃ ကျပ်နှင့် စာတိုတစ်စောင်ကို ၁၀ ကျပ်နှုန်းပေးထားပြီး မြန်နှုန်းမြင့်အင်တာနက်ကို 1 MB လျှင် ၆ ကျပ်ဖြင့် သုံးစွဲနိုင်မည်ဖြစ်သည်။ ထို့ပြင် LINE messaging application ကို အင်တာနက်ဒေတာအခမဲ့ သုံးစွဲနိုင်ခြင်း၊ တစ်နာရီအထိ အများဆုံးဖုန်းပြောကာ ၅ မိနစ်စာသာပေးရသော "နာရီတိုင်းမှာ ၅ မိနစ်စာ" အထူးအစီအစဉ်များကဲ့သို့သော အစီအစဉ်များကိုလည်း ဆွေသဟာသုံးစွဲသူများက ရယူနိုင်ပါသည်။ ဆွေသဟာအစီအစဉ်သည် သုံးစွဲသူများကြား အကြိုက်တွေ့စေခဲ့ပြီး ယခုအခါတွင် ဆွေသဟာအစီအစဉ်ကို ရယူသုံးစွဲသူပေါင်း ၁၀ သန်းအထိ ရှိလာပြီဖြစ်ပါသည်။

ထို့ပြင် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း (MPT) ၏ ဖုန်းဆင်းမ်ကတ်များကို အသစ်စတင်ဝယ်ယူသုံးစွဲသူ မိဘပြည်သူများအနေဖြင့် ဆွေသဟာအစီအစဉ်ကို သီးသန့်လျှောက်ထားရန်မလိုတော့ဘဲ အလိုအလျောက် ရယူသုံးစွဲနိုင်ရန်လည်း ဝန်ဆောင်မှုအသစ်ကို ပေးထားပြီဖြစ်သည်။ နဂိုမူလ အခြေခံဖုန်းခေါ်ဆိုစနစ်ကို သုံးစွဲနေသူများအနေဖြင့်လည်း ၁၃၃၂ သို့ "POSTSWE" သို့မဟုတ် "SWE" ဟု စာတိုပေးပို့ခြင်းအားဖြင့် ဆွေသဟာအစီအစဉ်ကို အလွယ်တကူ ရယူနိုင်ပါသည်။ ပိုမိုမြန်ဆန်သောအင်တာနက်နှင့် အထူးအစီအစဉ်များကို ရရှိခံစားနိုင်ရန်အတွက် ဆွေသဟာအစီအစဉ်ကို ရယူသုံးစွဲကြရန် မိဘပြည်သူများအား တိုက်တွန်းလိုပါသည်။

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းသည် လက်ရှိတွင် သုံးစွဲသူ ၁၆သန်းကျော်ဖြင့် မြန်မာနိုင်ငံ၏ ထိပ်တန်းဆက်သွယ်ရေး အော်ပရေတာအဖြစ် ရပ်တည်လျက်ရှိပြီး သုံးစွဲသူများ၏ ဝေဖန်ချက်၊ အကြံပြုချက်များကို အထူးအလေးထားဆောင်ရွက်လျက်ရှိသည်။ သုံးစွဲသူမိဘပြည်သူများ၏စကားသံများကို အလေးအနက်ထားခြင်း၊လူမှုမီဒီယာလုပ်ဆောင်ချက်များ၊ ပရဟိတ ဆောင်ရွက်ချက်များဖြင့် မြန်မာ့ဆက်သွယ်ရေးနယ်ပယ်ကိုမြင့်တင်ပေးပြီး မြန်မာနိုင်ငံနှင့် လူမျိုးများတိုးတက်ဖွံ့ဖြိုးလာစေရန် အားထုတ်လုပ်ဆောင်လျက်ရှိပါသည်။

အစဉ်အမြဲအားပေးခဲ့သော MPT သုံးစွဲသူများအား အမြဲတမ်း စိတ်လှုပ်ရှားဖွယ်ရာပျော်ရွှင်မှုများကို ဖန်တီးပေးနေသော MPTသည် ၁၀သန်းမြောက် ဆွေသဟာရယူသုံးစွဲသူကို လက်ဆောင်ပေးအပ်သွားမည် ဖြစ်ပါသည်။ ၁၀ သန်းမြောက် ဆွေသဟာရယူသုံးစွဲသူအား MPTမှ ကျပ်ငွေ ၁ သန်းနှင့် ညီမျှသော ဖုန်းငွေဖြည့်ကတ်ကို လက်ဆောင်ပေးအပ်သွားမည်ဖြစ်ပြီး ဆုရရှိသူအား မကြာမီထုတ်ပြန်ကြေငြာပေးသွားမည်ဖြစ်ပါ၍ ၁၀သန်းမြောက် ဆွေသဟာ ရယူသုံးစွဲသူသည် ဘယ်သူဖြစ်မလဲလို့ စိတ်လှုပ်ရှားပျော်ရွှင်စွာနဲ့ စောင့်မျှော်ရင်း MPT နဲ့ ဖုန်းဆက်လိုက်ကြပါစို့။

CALL CENTER 106 | call free 24 hours everyday

For more information & detailed terms and conditions :

http://www.mpt.com.mm

https://facebook.com/mptofficialpage

KBZ BANK

ကမ္ဘောဇဘဏ်လီမိတက်

# ဘီးလင်းမြို့ဘဏ်ခွဲ

အမှတ်(၁၆၃)၊ ရန်ကုန်–မော်လမြိုင်အဝေးပြေးကားလမ်းမကြီး၊ ကန်သာယာရပ်ကွက်၊ ဘီးလင်းမြို့၊ မွန်ပြည်နယ်။
ဖုန်း(၀၅၇)၆၄၄၈၂/၈၃/၈၄/၈၅၊ ဖက်စ်(၀၅၇)၆၄၄၈၆/၈၇

ရန်ကုန်ဘဏ်ခွဲ(၈၀)

# သိမ်ကြီးဈေးဘဏ်ခွဲ

သိမ်ကြီးဈေး(ဂ)ရုံ၊ မြေညီထပ်၊ အဆောင်(၂)၊ မဟာဗန္ဓုလလမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း(၀၁)၂၄၅၄၆၀၊ ၂၄၅၅၁၄၊ ၂၄၅၄၉၄၊ ဖက်စ်(၀၁)၂၄၅၅၀၆၊ ၂၄၅၅၅၈

ရန်ကုန်ဘဏ်ခွဲ(၈၁)

# သဃ်န်းကျွန်း – စံပြဈေးဘဏ်ခွဲ

အမှတ်(၅၇)၊ စံပြဈေးအနီး၊ လေးဒေါင့်ကန်လမ်းမကြီး၊ ဘ၀မြင့်ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း(၀၁)၅၆၀၁၀၂၊ ၅၆၀၀၉၃၊ ၅၆၀၁၅၉၊ ဖက်စ်(၀၁)၅၆၀၁၆၂/၆၃

တို့ကိုဖွင့်လှစ်ပြီးဖြစ်ပါကြောင်းနှင့် ဘဏ်လုပ်ငန်းဝန်ဆောင်မှုများကို ဆက်သွယ် ဆောင်ရွက်နိုင်ပြီဖြစ်ပါကြောင်း မိဘပြည်သူများအား သတင်းကောင်းပါးအပ်ပါသည်။

**သဒ္ဒါထက်သန် မြန်မာအားမာန် ကမ္ဘောဇဘဏ်**

www.kbzbank.com




| | |
|---|---|
| ပျောက်ဆုံးကြောင်း | ကျွန်တော် ဦးရန်နိုင်ဌေး [၁၂/မဂဒ(နိုင်)၁၃၉၄၀၃]၏ နိုင်ငံကူးလက်မှတ်မှာ ပျောက်ဆုံးသွားပါသဖြင့်တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉ ၄၂၈၀၃၈၇၄၄ |
| ဖခင်အမည်မှန် | မြစ်ကြီးနားမြို့၊ မနောရထနာကိုယ်ပိုင်အထက်တန်းကျောင်း၊ ဒသမတန်း(B)မှ မောင်ရင်ထန်ဂျောင်ဆားရိ၏ ဖခင်အမည်မှန်မှာ ဦးဝန်လောန် ဖြစ်ပါသည်။ |
| ဖခင်အမည်မှန် | ပိုင်းမော်မြို့၊ အထက(၃)၊ မိုင်းနား၊ ဒသမတန်း(B)မှ မဆိုင်းနန်၏ ဖခင်အမည်မှန်မှာ ဦးအင်ကောင်းလတောင်[၁/မကန(နိုင်)၁၆၈၀၉၈] ဖြစ်ပါသည်။ |









SAMSUNG

Galaxy S6 edge+




NEXT IS NOW

စတင်ရောင်းချခြင်းအထူးအစီအစဉ်



ကျပ် ၂၅,၀၀၀ တန်
Original ClearCover

ooredoo နံပါတ်အလှ
ဆင်းမ်ကတ် လက်ဆောင်

လက်ဆောင်အရေအတွက်ကန့်သတ်ထားပါသည်။ လက်ဆောင်အရောင်ကွဲလွဲနိုင်သည်။

www.facebook.com/samsungmobilemyanmar
အမြို့မြို့အနယ်နယ်ရှိSamsung Brand Shops များနှင့် ကိုယ်စားလှယ်အရောင်းဆိုင်များတွင် ဝယ်ယူနိုင်ပါသည်။
Samsung Customer Contact Center - 01 2399 888 Mon-Sun : 8AM to 6PM (အစိုးရရုံးပိတ်ရက်များအပါအဝင်)

SAMSUNG

Department of Commerce
Ministry of Commerce & Industry
Government of India


CII
Confederation of Indian Industry

Embassy of India
Yangon, Myanmar

အိန္ဒိယနိုင်ငံမှ စီးပွားရေးအခွင့်အလမ်းများနှင့် တွေ့ဆုံနိုင်မည့် ပြပွဲကြီး

4th Enterprise India

အိန္ဒိယ ကုန်စည်ပြပွဲကြီး



၂၀၁၅ ခုနှစ်၊အောက်တိုဘာလ(၂၉)ရက်မှနိုဝင်ဘာလ(၁)ရက်၊တပ်မတော်ခန်းမ၊ရန်ကုန်မြို့။ (နံနက် ၁၀ နာရီမှ ညနေ ၅ နာရီ ထိ)

ပြပွဲထူးခြားချက်များ

ကုမ္ပဏီပေါင်း ၇၀ မှ ၄ ရက်ကြာ စီးပွားရေးလုပ်ငန်းပြပွဲကြီး၊ စီးပွါးရေး ဆွေးနွေးပွဲများနှင့် နက်ဝပ်ချိတ်ဆက်ခြင်းလုပ်ငန်းများ၊ ဝန်ကြီးဌာနဆိုင်ရာ ကိုယ်စားလှယ်များနှင့် ကုန်သွယ်ရေးကိုယ်စားလှယ်များ၊ ဟောပြောပွဲများ နှင့် နီးနှောဖလှယ်ပွဲများ၊ အိန္ဒိယရိုးရာ နှင့် အိန္ဒိယအစားအစာပွဲတော်

ဝင်ကြေး အခမဲ့

**အထူးစိတ်ဝင်စားဖွယ်**

အိန္ဒိယ ချည်ထည်များ၊ ပရိဘောဂများ၊ ဖိနပ်များ နှင့် မီးဖိုချောင်သုံးပစ္စည်းများ

ပါဝင်ပြသမည့် လုပ်ငန်းများ - လယ်ယာစိုက်ပျိုးရေးနှင့်ဆက်စပ်ပစ္စည်းများ၊ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများ၊ မော်တော်ယာဉ်နှင့် ဆက်စပ်ပစ္စည်းများ၊ သတ္တုတွင်းလုပ်ငန်းများ၊ ရေနံနှင့် သဘာဝဓါတ်ငွေ့လုပ်ငန်းများ၊ ရာဘာနှင့် ပလတ်စတစ်လုပ်ငန်းများ၊ သံနှင့်စတီး လုပ်ငန်းများ၊ အီလက်ထရောနစ်နှင့်လျှပ်စစ်ပစ္စည်းများ၊ ဆေးဝါးများ၊ အစားအစာနှင့်အဖျော်ယမကာထုတ်ပိုးမှုလုပ်ငန်းများ၊ အားကစားပစ္စည်းများ၊ ဆေးလုပ်ငန်းသုံးပစ္စည်းများ၊ကာကွယ်ရေးသုံး ဆက်စပ်ပစ္စည်းများ၊ တာရှည်ခံ စားသောက်ကုန်များ နှင့် အခြားကုန်ပစ္စည်းများစွာ

ဆက်သွယ်ရန် - မထက်ထက်စံ၊ အိန္ဒိယသံရုံး၊ ရန်ကုန်မြို့။ ဖုန်း - ၀၁ ၃၈၁ ၂၅၂၊ ၃၈၈၄၁၂ Email: bcentre@indiaembassy.net.mm

Gold Sponsor: L&T Construction    Catalogue Sponsor: EICHER TRACTORS

**တရားပွဲဖိတ်ကြားခြင်း**



မန္တလေးတိုင်းဒေသကြီး၊ ပျော်ဘွယ်မြို့နယ်၊ သန်လျင်တောရ ယင်းတော်မင်းကျောင်း၊ ပဓာနနာယကဆရာတော် **ဟိတေသီနေလ အရှင်နိပုဏ** မထေရ်မြတ်သည်

၁။ ၁၃၇၇-ခု၊ သီတင်းကျွတ်လပြည့်၊ ၂၈-၁၀-၂၀၁၅ (ဗုဒ္ဓဟူးနေ့) နံနက် ၇း၀၀ နာရီအချိန်တွင် မိတ္ထီလာတက္ကသိုလ်မှောရုံ၌လည်းကောင်း၊

၂။ ၁၃၇၇-ခု၊ သီတင်းကျွတ်လပြည့်ကျော်(၃)ရက်၊ ၃၁-၁၀-၂၀၁၅ (စနေနေ့) ည ၇း၀၀ နာရီ အချိန်တွင် ပုဗ္ဗာမြို့နယ်၊ ကျောက်ကူကျွ ဆုတောင်းပြည့် ရွှေဂူနီ မြတ်စွာဘုရားမှောရုံ၌လည်းကောင်း -

မဂ်၊ ဖိုလ်၊ နိဗ္ဗာန်ရောက်ကြောင်း ဝိပဿနာတရားတော်များကို ဟောကြားမည်ဖြစ်ပါ၍ တရားတော်နာ ကြွရောက်ကြပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။

Ph: 09 448536000, 09 2200296

မြန်မာကော်တွန် - ကုမ္ပဏီ

* ခန်းဆီးလိုက်ကာပိတ် နှင့် Blindsမျိုးစုံချုပ်လုပ်ခြင်း။
* လိုက်ကာတန်း မျိုးစုံတပ်ဆင်ခြင်း
* Sofa, Cushion ဒီဇိုင်းမျိုးစုံ ချုပ်လုပ်ခြင်းနှင့် ပြုပြင်ခြင်း။
* မွေ့ယာအမျိုးမျိုးရောင်းချခြင်းနှင့် ပြုပြင်ခြင်း
* ခန်းဆီးလိုက်ကာ ပိတ်စများကို လက်လီ၊ လက်ကား ရရှိနိုင်ပါသည်။

အမှတ်-(၁၂၀)၊မဟာဗန္ဓုလလမ်း နှင့် (၅၇)လမ်းထိပ်၊ ရန်ကုန်မြို့။
Ph: 291317 /202921 /09-8627489

**တစ်ဦးတည်းဖြစ်ကြောင်း** ဝိုင်းမော်မြို့နယ်၊ ဝါရှောင်၊ အထက(ခွဲ)၊ အငှမတန်း(က)မှ (ဘ)ဦးအန်၏ သမီး မအေးဆွေနှင့် မရွှေအေးတို့မှာ တစ်ဦးတည်းဖြစ်ပါသည်။

**အမည်မှန်** မြစ်ကြီးနားမြို့၊ ရွှေညောင်ပင်ရပ်ကွက်၊ အိမ်အမှတ်(၅၁၈)နေ ဒေါ်အေးအေးဝေ၏သား မောင်ညဏ်လင်းအောင်၏ အမည်မှန်မှာ မောင်ညဏ်လင်းထက်ဖြစ်ပါသည်။

daedong

စက်တန်ဖိုး၏ ၁၀% ~၂၀% ကို အရင်ပေးသွင်းပြီး
ကိုရီးယား daedong လယ်ယာသုံးစက်ပစ္စည်းကို
ကိုယ်ပိုင်ပစ္စည်းအဖြစ် အရယူပါ။

ဒီအခွင့်အရေးကို လက်လွှတ်မခံပါနှင့်။

စက်တန်ဖိုး၏ ၁၀% ~၂၀% ကို ပေးသွင်းလျှင် ယခုချက်ခြင်း ဝယ်ယူနိုင်ပါသည်။
၆- လ တစ်ကြိမ် အတိုးနှင့်အတူ ခွဲပေးဆပ်ရန်

ဝယ်လိုအား၏ လိုအပ်ချက်သည် အခြေအနေအလိုက် ပြောင်းလဲနိုင်ပါသည်။




DT100NS | CK2810(28HP) | DS3510(35HP) | DS4110(41HP), DS4510(45HP) | EX50(50HP) | RX6020(60HP), RX7620(76HP) | PX9020(90HP)

**Sales(CCS)**
Sagaing : 09-400 420 011
Bago : 09-6 312 324, 09-794 445 919
Magway : 09-440 227 850, 09-792 229 940
Mandalay : 09-444 020 306, 02-39127
Mon : 09-255 708 299
Yangon : 09-5 021 830
Shan : 09-421 093 242
Ayeyarwady : 09-428 137 492
Naypyitaw : 09-43 198 836

**Service(SHT)**
Ayeyarwady, Yangon : 09-401 629 077, 09-263 952 668
Bago, Mawlamying : 09-977 242 139, 09-263 952 667
Mandalay, Monywar : 09-977 242 134, 09-263 952 663
Naypyitaw, Magway : 09-977 242 135, 09-263 952 660
SHT Call Center : 09-263 952 577, 01-684 733

**Spare Parts**
Parts Manager : 09-791 208 075, 09-977 242 146
Yangon : 09-977 242 140
Naypyitaw : 09-970 255 455, 09-975 097 969
Mandalay : 09-970 067 976
Sagaing : 09-442 073 893, 09-264 087 146
Magway : 09-974 562 249

daedong KIOTI ®

ကြော်ငြာ

**UNIQUE STAR** TRAVELS & TOURS

(6)D Dream/Safari World, Emerald Buddha, Baiyoke Sky / Cruise Dinner, Tiger Zoo, Nong Nooch Garden, Alcaza Show, Ayutthaya

(6)D Oct: 27, 31 / Nov: 14, 28

(4)D Oct: 27, 31 / Nov: 14, 28

(4)D Oct: 27, 31 / Nov: 14, 28

(8)D Oct: 27 / Nov: 14, 28

Bangkok-Pattaya-Cambodia

Oct: 27, 31 / Nov: 14, 28 ($ 500)

Bangkok-Pattaya-Ayuttaya

(6 Days/ 5 Nights) Airticket Included

Dec : 24, 25, 29, 30 ($ 550)

70/A,Kabaaye PagodaRd, 860 4964-65-66, 708 353, 705 723, 097310 9133, 7310 9144, 73109 155, 73109 166
No(126),42th Street, 83rd x 84th Street,Mandalay.099-7200 3797, 09-514 8079, 09- 540 1568, 09-540 1569

**Modern Myanmar** TRAVELS

ကျိုက်ထီးရိုး -35000
ချောင်းသာ -35000
ငွေဆောင် -55000

09-450047016, 09-253540004

**အာရှနဂါး** Asia Dragon

Ph: 01 707062, 09 799100100
01 703790, 09 797100100

**GOLDEN SUCCESS TRAVELS & TOURS**

Ph: 09 253423943, 09 783382517, 09 421182517

- သီတင်းကျွတ်လပြည့်နေ့ အထူးခရီးစဉ် Oct 27
- ပြည်၊ အကောက်တောင်၊ ပေါင်းတည်စွယ်တော်(နေ့ချင်းပြန်)
- မော်လမြိုင်၊ ကျိုက္ခမီ၊ စက်စဲ၊ သထုံရွှေစာရံ(နေ့ချင်းပြန်)
- နေပြည်တော်(ဗုဒ္ဓဂယာ) ဆာဖာရီ ရေပန်းဥယျာဉ် (၁ ညအိပ်)
- ၁၀ယောက်လျှင် ၁ ဦး free ပေးပါသည်။

မျိုး 380164
09 5017088
09250640699

**MWD VARIETY**

ဆရာရှင်မင်း(B.A)

**SEVEN** 7

Ph: 09 - 33 333 511
09 - 33 333 514
09 - 33 333 644

**သိုးရောသီ** ဝမ္မဒါန

တောင်ကြီး၊ အင်းလေး၊ ပင်းတယ၊ ကက္ကူ
ထန်စန်း(ထမင်းကျွေး-၅၀၀၀ိ/-)
ပုဂံ၊ ပုပ္ပါး၊ ပဒ္ဒကူ(ထွင်းကျွေး-၄၀၀၀ိ/-)
Oct 27,30
420144148, 421153797

**Trumpet** ကားမျိုးစုံငှားသည်

Ph : 01 536975,
01 532238, 09 43089536

Saloon, Van ကားမျိုးစုံ ငှားနိုင်ပါသည်။

09 510 2750

ပိနိုင်း (1'x1') ၁၃၀ ကျပ်
sq-ft ၁၂၀ ကျပ်

**GOLDEN STAR** Travels & Tours

- မန္တလေး-ပြင်ဦးလွင်-ဟိုပုံ Oct-23,27
- Oct-23,27
- တောင်ကြီး-အင်းလေး(တောင်တော်ဦးဘုရားပွဲ) Oct-23,27

Ph:01-703448, 209200, 544383, 09-5081580

**အမျိုးသမီးအရောင်းဝန်ထမ်း အလိုရှိသည်**

နယ်ဘက်သွားနိုင်သောသူများကို ရန်ကုန်နှင့် နယ်ဘက်များတွင် အဆောင်စီစဉ်ပေးမည်။

နယ်ဘက်မှ အလုပ်လာလုပ်လိုသူများလည်း ရန်ကုန်အပြင် နယ်ဘက်များပါ သွားနိုင်ပါက အဆောင်စီစဉ်ပေးမည်။

မှတ်ချက်။ ။ ဆိုင်ခန်းတွင်သာ ခန့်ထားရန်။

ဆက်သွယ်ရန် ဖုန်း-၀၉-၄၃၁၇၂၃၄၀၊ ၀၉-၅၁၉၅၇၂၁

(ရုံးချိန်အတွင်းသာ)

**လုံးချင်း(၃)ထပ်ငှားရန်**

3RC ၊MB(4)၊ BR(4) ခန်း၊မီးဖိုချောင်၊ရေချိုးခန်းအားလုံး ကြွေပြားကပ်ပြီး၊အခန်းတိုင်း ကိုရီးယားပါကေးခင်းပြီး၊ကားဂိုဒေါင်ပါ၊ သံပန်းသံဘာဂျာခတ်ပြီး။

ထ-(၄)မြို့သစ်(၁)ရပ်ကွက်-ဖြငှလမ်း၊

စံပယ်လမ်းနှင့်သီရိလမ်းကြား၊မန္တလေးမြို့။

ဆက်သွယ်ရန်-09421144509

01-392704, 09 73017110, 09 5066657

**Virgin Land**

ငွေဆောင် (3D/2N) 65,000/-
ချောင်းသာ (3D/2N) 88,000/-
(3D/2N) 108,000/-
(3D/2N) 170,000/-




Sale Office - 01 206230, 206231, 200747 Ext:(7999)
Sein Gay Har & All Branches




VAC® VALUE ADDED CONSULTANCY
မြန်မာပြည်တွင်းအလုပ်အကိုင်ရှာဖွေရေးလုပ်ငန်း

(မြန်မာနိုင်ငံတွင် လာရောက်ရင်းနှီးမြှုပ်နှံသော နိုင်ငံခြားကုမ္ပဏီများမှ အလုပ်ခေါ်နေပြီ)

**Job Openings for Foreign Firms**

**Finance Controller** - USD 3000 M/F(1)
- B.Com , CPA , 10yrs Exp In Relevant Field

**Sales & Marketing Manager** - Austrila Co M(1)
- Any Grad, 5yrs Exp in Motorcycle Sales Field; Fluent in English;

**Key Account Manager** - Thai Co M(1)
- B.C.Sc / BE (IT), 5yrs Exp in Channel Sales of IT Infrastructure Products Field;

**Operation Manager** - USD 2000 - 5yrs Exp, ( Pre Banking Field ) M/F(1)

**Legal Manager** -USD 2000 -2yrs Exp In International Law Firm Or Company M/F(1)

**BDD Associate** -USD 2000 -Degree in Finance From Reputative University, 3yr Exp (1)

**HR Officer** - USD 1000 - Any Grad, 5yrs Exp, Fluent in English; (2)

**Editor**- USD 500 - Any Grad, 2yrs Exp On Editing & Writing Journal M/F(1)

**Procurement Officer** - USD 350 - Any Grad, 2yrs Exp, M(1)

**Investment Consultant** -USD 250 -1yr Exp In Marketing, Age 23 ~ 35 M/F(40)

**Chinese / Japan / Korea Translator** (4)

**Project Engineer** - Japan Co - Telecom - USD 2000 M(1)
- BE / GIT ( Civil ), 6yrs Exp in Any Oversea Project, Fluent in English;

**Sr Architect** - French Co - M.Arch / B.Arch , 3yrs Exp; (1)

**Site / QC Engineer**- Japan Co - Road & Bridge - BE / GTI (Civil), 3yrs Exp; (2)

**Design Engineer** - SG Co - BE / GTI ( Civil ) , 2yrs Exp in Relevant Field; (1)

**Telecom Engineer** - Ygn - Mawlamyaing - BE / GTI ( EP / EC ) , 2yrs Exp; M(3)

**Auto CAD Designer** - French Co - NPT - USD 350- Any Grad , 2yrs Exp; M/F(2)

**Safety Supervisor** - Japan Co - USD 500 - 3yrs Exp in Construction Field; M(1)

**Software Developer - Android Developer** - USA Co - 2yrs Exp M/F(4)

E-mail ဖြင့် အလုပ်လျှောက်နိုင်သည် ၊ CVကို MicroSoft Word File ဖြင့်ပို့ပါ။

များပြားသောအလုပ်အကိုင်အခွင့်အလမ်းများ ⟹ f Like Value Added Consultancy

No.118, 6th Floor, 23rd St, Latha Tsp, Yangon. E-mail: vacjobsearch@gmail.com
Ph: 01-395921, 01-395922, 09-73022727, 09-5102094

ဒဂုံမြို့သစ်
အရှေ့ပိုင်း
ဆိပ်ကမ်းမြို့နယ်
တောင်ပိုင်း၊မြောက်ပိုင်း
များရှိမြေကွက်များကို
ဈေးကောင်းပေးဝယ်သည်။
09-6809893
09-6819020

**Expire Date**
ရိုက်သည့်စက်ရောင်းမည်။
သိန်း(၄၀) တန်အား
(၁၅) သိန်း ဖြင့်ရောင်းမည်။
09-400303818
09-31258312

**ကန့်ကွက်နိုင်ကြောင်းကြော်ငြာ**

လမ်းမတော်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၂၂X၂၊ မြေကွက်အမှတ်-V Class-၂၈၈၊ မြေကွက်တည်နေရာအမှတ်-၂၆၇၊ အနော်ရထာလမ်း၊ လမ်းမတော်မြို့နယ်(ဦးညီညီ)၊ အမည်ပေါက် နှစ်(၆၀)မြေငှားဂရန်မြေအား အမည်ပေါက် ဦးညီညီ[၁၂/မရက(နိုင်)၀၄၁၇၀၁] ကိုယ်တိုင်မှ ဂရန်မူရင်း ပျောက်ဆုံးကြောင်း ကိုယ်တိုင်ကျမ်းကျိန်လွှာ၊ ကိုယ်တိုင်ဝန်ခံချက်၊ သက်ဆိုင်ရာ ရဲစခန်းနှင့် ရပ်ကွက်အထွေထွေအုပ်ချုပ်ရေးမှူးရုံးတို့၏ ထောက်ခံချက်တို့တင်ပြ၍ ဂရန်မိတ္တူလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

**SHWE KA THAR (ရွှေကသာ)**
**INDUSTRIAL SERVICES COMPANY**
(ပြည်တွင်း၌မြန်မာကျပ်ငွေဖြင့်သာခန့်ထားရန်)

**1. Inspection Operators M/F(24)Posts**

Shwe ka Thar-Shindo Engineering & Manufacturing Private Co.,Ltd မှမြန်မာပြည်တွင် ပထမဆုံးအဆင့်မြင့် ဝန်ဆောင်မှုပေးမည့် COF (Chip on Film) & TCP (Tape Carrier Package) အရည်အသွေးစစ်ဆေးရန် လုပ်ငန်းအတွက် အောက်ပါအချက်များနှင့် ကိုက်ညီသော Inspection Operators (24) ဦးအလိုရှိပါသည်။

၁။ ရိုးသားကြိုးစား၍သင်ယူလိုစိတ်ရှိပြီးရေရှည်လုပ်ကိုင်နိုင်ရမည်။
၂။ ပညာအရည်အချင်းအနိမ့်ဆုံး(၁၀)တန်းအောင်မြင်ပြီးသူဖြစ်ရမည်။
၃။ အသက်(၂၂)နှစ်မှ(၃၀)နှစ်အတွင်းဖြစ်ရမည်။
၄။ ကျန်းမာရေးကောင်းမွန်ပြီးအထူးသဖြင့် အမြင်အာရုံ(မျက်စိ)ကောင်းမွန်ရမည်။
၅။ အစမ်းခန့်ကာလ(၃)လအတွင်း လုပ်ငန်းခွင်သင်တန်း(OJT)ကို အပြည့်အဝပေးမည်ဖြစ်ပြီး သင်တန်းအောင်မြင်သူများကို အမြဲတမ်းဝန်ထမ်းအဖြစ်ခန့်အပ်မည်ဖြစ်ပါသည်။

**2. Purchaser M/F (5)Posts**

၁။ Microsoft Excel,E-mail & Internet အသုံးပြုနိုင်ရမည်။
၂။ ကုန်အဝင်အထွက်စာရင်းများကိုစီမံခန့်ခွဲနိုင်ရမည်။
၃။ ဈေးကွက်အခြေအနေကိုသိရှိရမည်။
၄။ ဆက်ဆံရေးပြေပြစ်ကောင်းမွန်ရမည်။
၅။ လုပ်ငန်းအတွေ့အကြုံရှိရမည်။

**3. Accountant M/F (2)Posts**

၁။ စီးပွားရေးနှင့်ပတ်သက်သည့်ဘွဲ့(သို့)LCCI Level I,II,III အောင်မြင်ပြီးသူဖြစ်ရမည်။
၂။ Microsoft Excel,E-mail & Internet နှင့် Accounting Software အသုံးပြုနိုင်ရမည်။
၃။ ရိုးသားကြိုးစားပြီးရေရှည်လက်တွဲလုပ်ကိုင်နိုင်သူ လုပ်ငန်းအတွေ့အကြုံရှိသူဖြစ်ရမည်။

**4. Office Driver M (2)Posts**

၁။ ဝန်ထမ်း၊ ကြို/ပို့ယာဉ်မောင်းရန်အတွက် ယာဉ်မောင်းလိုင်စင်ရှိရမည်။
၂။ မြို့တွင်းယာဉ်လမ်းကြောင်းနှင့် ယာဉ်မောင်းကျွမ်းကျင်သူဖြစ်ရမည်။
၃။ အကျင့်စာရိတ္တကောင်းမွန်၍ အသောက်အစားကင်းရှင်းသူဖြစ်ရမည်။

လျှောက်ထားလိုသူများသည်

ဓာတ်ပုံ(၁)ပုံ၊ ကိုယ်ရေးရာဇဝင်အကျဉ်း(CV-Form)၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ သန်းခေါင်စာရင်း၊ ပညာအရည်အချင်း အထောက်အထားမိတ္တူတို့နှင့်တကွ ကြော်ငြာပါသည့်နေ့မှစ၍ နှစ်ပတ်အတွင်း လူကိုယ်တိုင်သော်လည်းကောင်း၊ စာတိုက်မှသော်လည်းကောင်း၊ E-mail ဖြင့်လည်းကောင်း အောက်ပါလိပ်စာသို့လိပ်မူပြီးလျှောက်ထားနိုင်ပါသည်။

စက်ရုံလိပ်စာ-အမှတ်(၁၅၁)၊ ယောဂီကျောင်းလမ်း၊ (၁၁)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။
သံလမ်းမှတ်တိုင်အနီး ဖုန်းနံပါတ်-၀၁-၅၁၉၅၁၀၊ ၀၁-၂၃၀၅၃၁၂၊ ၀၉-၄၂၀၁၀၅၀၅၀
E-mail: skt.shindo @ gmail.com

# သရဲနီတို့ အိမ်ကွင်း၌ သရေတစ်မှတ်ဖြင့်သာ ကျေနပ်ခဲ့ရ



ပရီမီယာလိဂ်ပွဲစဉ်(၁၀)၏ စိတ်ဝင်စားမှုအခံရဆုံး ပွဲစဉ်တစ်ပွဲဖြစ်သည့် မန်ယူအသင်းနှင့် မန်စီးတီးအသင်းတို့၏ ပွဲစဉ်ကို မန်ယူ၏ အိမ်ကွင်းအိုးထရက်ဖို့ဒ်၌ ယှဉ်ပြိုင်ကစားခဲ့ရာ ဂိုးမရှိသရေရလဒ်ဖြင့်သာ ပြီးဆုံးခဲ့ပြီး အိမ်ကွင်းအားသာချက်ရှိခဲ့သော်လည်း မန်ယူအသင်းမှာ သရေတစ်မှတ်ဖြင့် သာ ကျေနပ်ခဲ့ရသည်။

ယင်းပွဲစဉ်တွင် မန်ယူအသင်းသည် နိုင်ပွဲရရှိမှသာ ပရီမီယာလိဂ် အမှတ်ပေးဇယား၏ ထိပ်ဆုံးတွင် ရပ်တည်နိုင်မည်ဖြစ်သည့်အပြင် မန်စီးတီးအသင်းသည်လည်း အနည်းဆုံးသရေ တစ်မှတ်ရရှိမှသာ အမှတ်ပေးဇယားကို ဆက်လက်ရပ်တည်နိုင်မည်ဖြစ်သောကြောင့် နှစ်သင်းစလုံး ထိန်းကစားသွားခဲ့သည်။ ထို့ကြောင့် မန်ယူအသင်းသည် အနိုင်ရရှိရေးအတွက် ရွန်းနီ၊ ရှဝိန်းစတိုင်ဂါ၊ ရှနိုက်ဒါလင်၊ ဟာရဲရား၊ မာရှယ်၊ မာတာ၊ ဗလင်စီယာ၊ **စာမျက်နှာ ၇ ကော်လံ ၄ သို့**

## အထူးကဏ္ဍအချပ်ပို လေးမျက်နှာပါရှိ

ယနေ့ထုတ် ကြေးမုံသတင်းစာတွင် ဒီမိုကရေစီနိုင်ငံတော်သစ် (၅)နှစ်တာကာလ "ဖွံ့ဖြိုးတိုးတက်မှုပုံရိပ်များ" အထူးကဏ္ဍ အချပ်ပိုလေးမျက်နှာပါရှိပါသည်။

# ဇွဲကပင်နှင့် ရန်ကုန် သရေကျပြီး တန်းဆင်းဇုန်မှ မနောမြေ အနိုင်ရ

**သတင်းနှင့် ဓာတ်ပုံ ရှိုင်းထက်ဇော်**

**ရန်ကုန် အောက်တိုဘာ ၂၅**

၂၀၁၅ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ်(၂၁)ဒုတိယနေ့ပွဲစဉ်များကို ယနေ့ညနေပိုင်းက ဆက်လက်ကျင်းပသည်။

သုဝဏ္ဏကွင်း၌ ယှဉ်ပြိုင်ကစားခဲ့သည့် ဇွဲကပင်အသင်းနှင့် ရန်ကုန်အသင်းတို့၏ ပွဲစဉ်တွင် တစ်ဖက်နှစ်ဂိုးစီသရေရလဒ်သာ ထွက်ပေါ်ခဲ့သည်။

ယခုရာသီတွင် ချန်ပီယံဖြစ်အပြီး ပထမဆုံးကစားခဲ့သည့်ပွဲတွင် ရန်ကုန်အသင်းနိုင်ပွဲရယူနိုင်ခြင်းမရှိဘဲ သရေသာ ကစားနိုင်ခဲ့သည်။ ဦးဆန်းဝင်းလက်ထက်တွင် ပုံစံကောင်းရရှိနေသည့် ဇွဲကပင်အသင်းမှာ ယခုပွဲတွင်လည်း ရန်ကုန်အသင်းကို အခက်တွေ့အောင်လုပ်နိုင်ခဲ့ပြီး နှစ်ကြိမ်တိုင် ဦးဆောင်ဂိုးရပြီးမှ သရေကျခဲ့ခြင်းဖြစ်သည်။

အသင်းကြီးများကို အနိုင်ကစားလာသည့် ဇွဲကပင်အသင်းမှာ ယခုပွဲတွင်လည်း ရန်ကုန်အသင်းကို ခပ်မာမာတုံ့ပြန်ကစားခဲ့သည်။ ရန်ကုန်အသင်းမှာလည်း ဂျပန်နောက်ခံလူ ကင်နီကိုမှလွဲ၍ လူစုံပါဝင်ခဲ့ပြီး ရလဒ်ကောင်းရန်ကြိုးပမ်းခဲ့သည်။ ပွဲအစ ခုနစ်မိနစ်တွင် စိုင်းမင်းထွန်းက ဇွဲကပင်အတွက် ဂိုးစတင်သွင်းယူခဲ့သော်လည်း နှစ်မိနစ်အကြာတွင် ရန်ကုန်အသင်းချေပဂိုး ပြန်ရခဲ့ပြီး ကျော်ကိုကိုက သွင်းယူခဲ့ခြင်းဖြစ်သည်။ ယင်းနောက်ပိုင်းတွင် ပွဲမှာအပြန်အလှန်ရှိလာခဲ့ပြီး ၃၆ မိနစ်တွင် ထောင့်ကန်ဘောမှတစ်ဆင့် သိန်းဇော်က ဇွဲကပင်အတွက် ဒုတိယဂိုးသွင်းယူခဲ့သည်။

ရန်ကုန်အသင်းမှာ ချေပဂိုးရရှိရန်အတွက် ဒုတိယပိုင်းစကတည်းက တိုက်စစ်မြှင့်ကစားခဲ့သည်။ ၄၈ မိနစ်တွင် ရန်ကုန်အသင်း ပင်နယ်တီကန်ခွင့်ရခဲ့ပြီး ကျော်ကိုကို၏ ကန်သွင်းမှုကို ဇွဲကပင်ဂိုးသမား ကျော်ဇင်ထက် ကာကွယ်နိုင်ခဲ့သည်။ **စာမျက်နှာ ၇ ကော်လံ ၄ သို့**

# လေဖိအားနည်းရပ်ဝန်း ပိုမိုအားကောင်းလာနိုင်

**နေပြည်တော် အောက်တိုဘာ ၂၅**

ယနေ့ညနေ ၅ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်တောင်ပိုင်းတွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ဆက်လက်တည်ရှိနေသည်။ အဆိုပါ လေဖိအားနည်းရပ်ဝန်းသည် နောက် ၄၈ နာရီအတွင်း ပိုမို အားကောင်းလာနိုင်မည်ဟု ခန့်မှန်းထားကြောင်း မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။

**(ကြေးမုံ)**



**စိုးလင်းဦး(ဒို့ရိုးရာ)နှင့် သပြေညို(ဘိလပ်မြေစက်ရုံ)တို့ ယှဉ်ပြိုင် ထိုးသတ်စဉ်။**

# ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲ စိုးလင်းဦးနှင့် သပြေညိုတို့ပွဲစဉ် ပရိသတ်အကြိုက်ဆုံးဖြစ်ခဲ့

**သတင်း-အောင်ကျော်ဦး၊ ဓာတ်ပုံ-ခင်မောင်ဝင်း**

**ရန်ကုန် အောက်တိုဘာ ၂၅**

မြန်မာနိုင်ငံ ရိုးရာလက်ဝှေ့အဖွဲ့ချုပ်မှ ကြီးမှူးပြီး အမ်ပီတီ၏ ကူညီပံ့ပိုးမှုဖြင့် Myanmar Media Management က စီစဉ်ကျင်းပသည့် မြန်မာ့ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲကြီးကို ယနေ့မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ သိမ်ဖြူလက်ဝှေ့အားကစားရုံ၌ ကျင်းပသည်။

ယနေ့ကျင်းပသည့် လက်ဝှေ့စိန်ခေါ်ပွဲများတွင် မျိုးဆက်သစ်လူငယ်သုံးချီတစ်ပွဲနှင့် လေးချီစိန်ခေါ်ပွဲနှစ်ပွဲနှင့် ငါးချီစိန်ခေါ်ပွဲ ခုနစ်ပွဲတို့ ယှဉ်ပြိုင်ကြသည်။

ငါးချီအထူးစိန်ခေါ်ပွဲ ပထမပွဲစဉ်အဖြစ် စောထူးဇော်(ဒို့ရိုးရာ)နှင့် မြလင်းအောင်(နဂါးနီ)တို့ပွဲ ဒုတိယအချီတွင် မြလင်းအောင် ဆက်လက်ယှဉ်ပြိုင်ရာ စောထူးဇော်၏ ချိုစောင်းတိုက်ချက်ဖြင့် မြလင်းအောင် မေးရိုးထိကာလဲကျပြီး ပြန်မထနိုင်သဖြင့် စောထူးဇော်အလဲထိုးအနိုင်ရခဲ့သည်။ မိုးဟိန်း(ဘိလပ်မြေစက်ရုံ)နှင့် **စာမျက်နှာ ၇ ကော်လံ ၁ သို့**




Facebook Administrator ( ၅ )ဦး
၁။ Facebook Administrator သည် Brand ကိုကြော်ငြာပေးခြင်းနှင့် ထိန်းချုပ်ခြင်း။
၂။ ကုမ္ပဏီ၏ Brand update ကို အသေးစိတ်တာဝန်ယူရန်။
Regional Sales Manager ( ၂၀ )ဦး
၁။ Designated ဒေသများတွင် ဖွံ့ဖြိုးတိုးတက်ရန်။
၂။ Marketing နှင့် Sales Promoter ထိန်းချုပ်ခြင်း။
၃။ ZTE Brand ကိုကြော်ငြာမှုများ လုပ်ဆောင်ခြင်း။
Marketing ( ၂၀ )ဦး
Trainer ( ၁၀ )ဦး
Sales Promoter ( ၄၀၀ )ဦး
Office Clerk ( ၂၀ )ဦး
ယာဉ်မောင်း ( ၅ )ဦး

ZTE BLADE
ZTE
JOIN US! CAREER OPPORTUNITIES
Contact us Tel : 09-421028573 | 09-258938480 |
Email: 466606187@qq.com
http://www.facebook.com/ZteMobileMyanmar.com

themirror.npt@gmail.com
www.facebook.com/themirrordaily

ကြေးမုံ The Mirror

ဒီမိုကရေစီနိုင်ငံတော်သစ် (၅) နှစ်တာကာလ

# ဖွံ့ဖြိုးတိုးတက်မှုပုံရိပ်များ

အထူးကဏ္ဍအချပ်ပို

အောက်တိုဘာ ၂၆ ရက်၊ ၂၀၁၅ ခုနှစ် (တနင်္လာနေ့)

စွမ်းအင်ဝန်ကြီးဌာန

## စွမ်းအင်ဖူလုံရေး ရေနံနှင့် သဘာဝဓာတ်ငွေ့များ တိုးတက်ရှာဖွေ



**ရေနံစိမ်းစည်သန်းပေါင်း ၂၄ သန်းကျော်ထုတ်လုပ်**

မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၏ ၂၀၁၁ - ၂၀၁၂ ခုနှစ်မှ ၂၀၁၄-၂၀၁၅ ခုနှစ်အတွင်း ကုန်းတွင်းပိုင်းနှင့် ကမ်းလွန်ရေနံနှင့် သဘာဝဓာတ်ငွေ့စုစုပေါင်းထုတ်လုပ်မှုစာရင်းမှာ ရေနံစိမ်းစည်သန်းပေါင်း ၂၄ ဒသမ ၇၉ သန်းဖြစ်ပြီး သဘာဝဓာတ်ငွေ့ ၂၀၈၅ ဒသမ ၅၇ ကုဗပေဘီလီယံဖြစ်သည်။

စာမျက်နှာ ၂ သို့ »»

## အားမလို အားမရ ဖြစ်ရ

စနစ်သစ်တစ်ခုကနေ စနစ်သစ်တစ်ခုကို ပြောင်းလဲတည်ဆောက်ကြရာမှာ အတွေ့အကြုံနည်းပါးမှု၊ အလေ့အကျင့်နည်းပါးမှုတွေကြောင့် ဆန္ဒလောဘကနေတစ်ဆင့် ဆန္ဒဒေါသတွေ ဖြစ်ပေါ်လာပြီး အားမလို အားမရဖြစ်မှုတွေ၊ မကျေမနပ်ဖြစ်မှုတွေ ရှိနေကြတာကို ကျွန်တော်တို့ နားလည်သိရှိပါတယ်။ ပြဿနာအားလုံးဟာ လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ကြောင့်၊ အဖွဲ့အစည်းတစ်ခုကြောင့်လို့မယူဆဘဲ အားလုံးက တာဝန်ရှိတယ်လို့နားလည်စာနာပြီး အသီးသီး မျှဝေစာနာကြမယ်၊ မျှဝေတာဝန်ယူကြမယ်ဆိုရင် ဖြစ်ပေါ်လာတဲ့ပြဿနာတွေဟာ လျော့နည်းပပျောက်သွားမှာ ဖြစ်ပါတယ်။

**(နိုင်ငံတော်သမ္မတ၏ ၂၀၁၅ ခုနှစ် ဧပြီလ ၈ ရက်နေ့ နိုင်ငံတော်သမ္မတအိမ်တော် ဧရာဝတီခန်းမ၌ နိုင်ငံရေးခေါင်းဆောင်များ၊ တိုင်းရင်းသားရေးရာ ဝန်ကြီးများ၊ တိုင်းရင်းသားကိုယ်စားလှယ် ခေါင်းဆောင်များနှင့် တွေ့ဆုံဆွေးနွေးပွဲတွင် ပြောကြားသည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)**

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန

## ဂေဟစနစ်များနှင့် ဇီဝမျိုးစုံမျိုးကွဲများထိန်းသိမ်းကာကွယ်ရန် သဘာဝသစ်တောနယ်များ သတ်မှတ်ထူထောင်

**သစ်တောဖုံးလွှမ်းမှု**

မြန်မာနိုင်ငံ၏ သစ်တောဖုံးလွှမ်းမှုမှာ ၁၉၈၉-၁၉၉၀ ခုနှစ်တွင် ကောင်းကင်ဓာတ်ပုံများနှင့် ဂြိုဟ်တုဓာတ်ပုံများအပေါ် အခြေခံ၍ တွက်ချက်မှုအရ မြန်မာနိုင်ငံ အကျယ်အဝန်း၏ ၅၀ ဒသမ ၈ ရာခိုင်နှုန်းခန့်ရှိသည်။ ၁၉၈၉ ခုနှစ် စာတမ်းများအရ နှစ်စဉ် သစ်တောပြုန်းတီးမှုပမာဏမှာ ဧက ၅၄၄၀၆၀ (နိုင်ငံဧရိယာ၏ သုည ဒသမ ၃ ရာခိုင်နှုန်း)ရှိကြောင်း သိရှိရသည်။

၂၀၁၀ ခုနှစ် Forest Resources Assessment – FRA (2010) အရ သစ်တောဖုံးလွှမ်းမှုသည် နိုင်ငံအကျယ်အဝန်း၏ ၄၆ ဒသမ ၉၆ ရှိကြောင်း၊ ၁၉၉၀ ခုနှစ်မှ ၂၀၁၀ ခုနှစ်အထိ နှစ် ၂၀ အတွင်း နှစ်စဉ် သစ်တောပြုန်းတီးမှုပမာဏမှာ ဧက ၉၁၉၈၀၀ ရှိကြောင်းနှင့် နိုင်ငံဧရိယာ၏ ပျမ်းမျှ သုည ဒသမ ၅၅ ရာခိုင်နှုန်းရှိကြောင်း လေ့လာစိစစ်တွေ့ရှိရသည်။

**နိုင်ငံဧရိယာ၏ ၂၅ ရာခိုင်နှုန်းခန့်**

မြန်မာနိုင်ငံသစ်တော မူဝါဒအရ ကြိုးဝိုင်း/ကြိုးပြင်ကာကွယ်တော ဧရိယာကို နိုင်ငံဧရိယာ၏ ၃၀ ရာခိုင်နှုန်းပြည့်မီအောင် ဖွဲ့စည်းသတ်မှတ်ထူထောင်ရန် ရည်ရွယ်ထားရှိပြီး နှစ်စဉ် ရည်မှန်းချက်များဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။ ယနေ့အထိ မြန်မာနိုင်ငံတွင် ကြိုးဝိုင်း ၈၂၇ ခု နှင့် ကြိုးပြင်ကာကွယ်တော ၃၄၂ ခု၊ ဧရိယာပေါင်း ၆၄၅၈၂ ဒသမ ၆၀ စတုရန်းမိုင်ရှိပြီး နိုင်ငံဧရိယာ၏ ၂၄ ဒသမ ၇၂ ရာခိုင်နှုန်းရှိပြီဖြစ်သည်။

**သဘာဝနယ်မြေများတိုးချဲ့ဖွဲ့စည်း**

မြန်မာနိုင်ငံရှိ အမျိုးအစားစုံလင်သည့် ဂေဟစနစ်များနှင့် ဇီဝမျိုးစုံမျိုးကွဲများကို ထိန်းသိမ်းကာကွယ်ရန် သဘာဝနယ်မြေများကို သတ်မှတ်တည်ထောင်ပြီး စီမံအုပ်ချုပ်လျက်ရှိသည်။

မြန်မာ့သစ်တောမူဝါဒ (၁၉၉၅) အရ ရေရှည်တွင် နိုင်ငံဧရိယာ၏ ၁၀ ရာခိုင်နှုန်းကို သဘာဝနယ်မြေများအဖြစ် တည်ထောင်ရန် သတ်မှတ်ထားပြီး လက်ရှိတွင် နိုင်ငံဧရိယာ၏ ၅ ဒသမ ၇၅ ရာခိုင်နှုန်းရှိသည့် သဘာဝနယ်မြေ ၃၉ ခု (၁၅၀၁၁ ဒသမ ၇၃ စတုရန်းမိုင်) ကို တည်ထောင်ပြီးဖြစ်ကာ ၂၀၁၁ ခုနှစ်မှ ၂၀၁၅ ခုနှစ်အတွင်း ဧရိယာစုစုပေါင်း ၄၃၀ ဒသမ ၈၇ စတုရန်းမိုင်ရှိသော အောက်ဖော်ပြပါ သဘာဝနယ်မြေများကို တိုးချဲ့ဖွဲ့စည်းခဲ့သည်-

စာမျက်နှာ ၃ သို့ »»



»»» အထူးကဏ္ဍ အချပ်ပို စာမျက်နှာ ၁ မှ

သဘာဝဓာတ်ငွေ့ထုတ်လုပ်မှုမှာ နှစ်စဉ်တိုးတက်လျက်ရှိသည်။ ပြည်တွင်းရှိ ကုန်းတွင်းပိုင်းနှင့် ကမ်းလွန်တို့မှ သဘာဝဓာတ်ငွေ့ ထုတ်လုပ်မှုနှင့် သုံးစွဲမှုအနေဖြင့် ထုတ်လုပ်မှုတိုးတက်သကဲ့သို့ ပြည်ပတင်ပို့မှုမှာလည်း ၇၈ ရာခိုင်နှုန်းမှ ၈၁ ရာခိုင်နှုန်းသို့ တိုးတက်ပို့လွှတ်ရောင်းချခဲ့သည်။

ပြည်တွင်း သဘာဝဓာတ်ငွေ့သုံးစွဲမှုအနေဖြင့် လျှပ်စစ်ထုတ်လုပ်မှုကဏ္ဍအတွက် အများဆုံးသုံးစွဲထားပြီး ပြည်တွင်းသုံးစွဲမှု၏ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်တွင် ၆၁ ရာခိုင်နှုန်း၊ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်တွင် ၆၉ ရာခိုင်နှုန်း၊ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် ၆၈ ရာခိုင်နှုန်းနှင့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ၇၈ ရာခိုင်နှုန်းအထိ ဖြန့်ဖြူးပေးနိုင်ခဲ့သည်။

မြန်မာနိုင်ငံ၏ စွမ်းအင်လုံခြုံမှုရှိစေရေးအတွက် မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းက ကုန်းပိုင်းနှင့် ကမ်းလွန်ရေနံလုပ်ကွက်များကို ၂၀၁၁ ခုနှစ်တွင် ကုန်းပိုင်းလုပ်ကွက်အတွက် ပထမအကြိမ်အပြည်ပြည်ဆိုင်ရာ တင်ဒါခေါ်ယူခဲ့ပြီး လုပ်ကွက် ၈ ကွက်တွင် နိုင်ငံခြားကုမ္ပဏီခြောက်ခုနှင့် မြန်မာတိုင်းရင်းသားပိုင်ကုမ္ပဏီ ခြောက်ခုတို့ ပူးပေါင်း၍ ရေနံနှင့်သဘာဝဓာတ်ငွေ့ရှာဖွေတူးဖော်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့သည်။

၂၀၁၃ ခုနှစ်တွင် ကုန်းပိုင်းလုပ်ကွက်အတွက် ဒုတိယအကြိမ်အပြည်ပြည်ဆိုင်ရာ တင်ဒါခေါ်ယူခဲ့ပြီး နိုင်ငံခြားကုမ္ပဏီ ၁၀ ခုနှင့် မြန်မာတိုင်းရင်းသားပိုင်ကုမ္ပဏီ ၁၀ ခုတို့ ပူးပေါင်း၍ ရေနံနှင့် သဘာဝဓာတ်ငွေ့ ရှာဖွေတူးဖော်ခွင့်ရရှိခဲ့သည့် လုပ်ကွက် ၁၆ ကွက်အနက် ၁၄ ကွက်ကို PSC နှင့် IPC စာချုပ်များချုပ်ဆို၍ ဆောင်ရွက်လျက်ရှိသည်။

၂၀၁၃ ခုနှစ်တွင် ကမ်းလွန်လုပ်ကွက်များအတွက် ပထမအကြိမ် အပြည်ပြည်ဆိုင်ရာ တင်ဒါခေါ်ယူခဲ့ပြီး ယခုအခါ ရေတိမ်ပိုင်းလုပ်ကွက် ၁၀ ကွက်နှင့် ရေနက်ပိုင်းလုပ်ကွက် ၁၀ ကွက် စုစုပေါင်းလုပ်ကွက် ၂၀ တွင် နိုင်ငံခြားကုမ္ပဏီ ၁၃ ခုနှင့် မြန်မာတိုင်းရင်းသားပိုင်ကုမ္ပဏီရှစ်ခုတို့ ပူးပေါင်း၍ ရေနံနှင့်သဘာဝဓာတ်ငွေ့ ရှာဖွေတူးဖော်ခြင်းလုပ်ငန်းများကို စာချုပ်ချုပ်ဆို ဆောင်ရွက်လျက်ရှိသည်။

**အမေရိကန်ဒေါ်လာ သန်းပေါင်း ၆၀ ကျော်**

အဆိုပါလုပ်ကွက်များ ချုပ်ဆိုဆောင်ရွက်ခြင်းမှ ရရှိသည့်ဆုကြေးရငွေများမှာ ၂၀၁၁-၂၀၁၂ ခုနှစ်တွင် အမေရိကန်ဒေါ်လာ သန်းပေါင်း ၃ ဒသမ ၅၅ သန်း၊ ၂၀၁၂-၂၀၁၃ ခုနှစ်တွင် အမေရိကန်ဒေါ်လာသန်းပေါင်း ၁၉ ဒသမ ၄၇ သန်း၊ ၂၀၁၃-၂၀၁၄ ခုနှစ်တွင် အမေရိကန်ဒေါ်လာသန်းပေါင်း ၇ ဒသမ ၂၉ သန်းနှင့် ၂၀၁၅-၂၀၁၆ ခုနှစ်တွင် လျာထားချက်အနေဖြင့် အမေရိကန်ဒေါ်လာ သန်းပေါင်း ၆၀ ဒသမ ၆၁ ရရှိရန်ဖြစ်သည်။

**ပုဂ္ဂလိက အခန်းကဏ္ဍ မြှင့်တင်**

မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းမှ ဆောင်ရွက်လျက်ရှိသည့် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများမှာ ပုဂ္ဂလိကပိုင်အခန်းကဏ္ဍမြှင့်တင်ရေးအတွက် နိုင်ငံတော်က စက်သုံးဆီတင်သွင်းခြင်း၊ ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်းများကို ပုဂ္ဂလိကကုမ္ပဏီများသို့ လုပ်ကိုင်ဆောင်ရွက်ခွင့်ပြုခဲ့သည်။

ထို့ပြင် ရေနံဓာတ်ငွေ့ရည် (LPG) တင်သွင်းသိုလှောင်ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်း (က) လိုင်စင် ခုနစ်ခုနှင့် (ခ) လိုင်စင် ၆ ခု စုစုပေါင်းပုဂ္ဂလိက ကုမ္ပဏီ ၁၃ ခုသို့ လုပ်ငန်းလိုင်စင်များ ထုတ်ပေးခဲ့သည်။

မော်တော်ယာဉ်များအား ရေနံဓာတ်ငွေ့ရည်သုံးယာဉ်များအဖြစ် ပြောင်းလဲတပ်ဆင်ခြင်း၊ မော်တော်ယာဉ်သုံးရေနံဓာတ်ငွေ့ရည် အရောင်းဆိုင်များ ဖွင့်လှစ်ရောင်းချခြင်းနှင့် ရေနံဓာတ်ငွေ့ရည်ဖြည့်တင်းပြီး ဆလင်ဒါများရောင်းချခြင်းလုပ်ငန်းတို့ကို ပုဂ္ဂလိက ကဏ္ဍ လုပ်ကိုင်ဆောင်ရွက်ခွင့် ပြုနိုင်ရေးအတွက် လိုအပ်သောမူဝါဒများ ရေးဆွဲစီစဉ်ဆောင်ရွက်လျက်ရှိသည်။

စက်သုံးဆီလိုအပ်ချက်ကို ပုဂ္ဂလိကကဏ္ဍမှ တာဝန်ယူ၍ ပြည်ပမှတင်သွင်းဖြည့်ဆည်းလျက်ရှိရာ စက်သုံးဆီအရည်အသွေးကြောင့် လူမှုဘဝနှင့် သဘာဝပတ်ဝန်းကျင်အား ထိခိုက်မှုလျှော့ချရန် ရည်ရွယ်၍ နိုင်ငံခြားမှတင်သွင်းသုံးစွဲမည့် Mogas 92 RON, Mogas 95 RON တို့ကို PLATT Specification သို့လည်းကောင်း၊ High Speed Diesel (0.05% S) နှင့် Premium Diesel (0.005% S) တို့၏ Specification များတွင် Sulfur ပါဝင်မှုလျှော့ချ၍ လည်းကောင်း အဆင့်မြှင့်တင်သတ်မှတ်ပေးခဲ့သည်။

မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းရှိ အမှတ် (၅) ဓာတ်မြေသြဇာစက်ရုံ (ကန်ကြီးထောင့်) မှ တစ်ဦးလျှင် အများဆုံးဓာတ်မြေသြဇာ တန် ၅၀ ထက်မပိုသော ပမာဏကို ဦးရာလူစနစ်ဖြင့် လည်းကောင်း၊ ရေနံဓာတုဗေဒ စက်ရုံစု(သံပရာကန်)မှ ဒီဇယ်ဆီများကို တစ်ဂါလန်လျှင် ငွေကျပ် ၂၆၅၀ နှုန်းနှင့် စက်ရုံတွင် တိုက်ရိုက်ငွေသွင်း ထုတ်ယူသည့်စနစ်ဖြင့်လည်းကောင်း၊ ဟိုတယ်လုပ်ငန်းရှင်များသို့ ပရိုပိန်းရေနံဓာတ်ငွေ့ရည် တစ်ကေဂျီလျှင် ငွေကျပ် ၁၂၀၀ နှုန်းဖြင့် လည်းကောင်း လွတ်လပ်စွာ ရောင်းချပေးလျက်ရှိသည်။

ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် ပြည်သူဗဟိုပြုစီးပွားရေးစနစ်သို့ ဦးတည်လျက် အငယ်စားနှင့် အလတ်စားစက်မှု စီးပွားလုပ်ငန်းငယ်များသို့ ရေနံထွက်ပစ္စည်းလောင်စာအမျိုးမျိုးတို့အား တင်ဒါစနစ်ဖြင့် ရောင်းချပေးခဲ့သည်။

**စက်ရုံများ**

စက်ရုံအလုပ်ရုံများအနက် လုပ်ငန်းခုနစ်ခုဖြစ်သည့် အမှတ်(၁) ရေနံချက်စက်ရုံ (သန်လျင်)၊ ရေနံဓာတ်ငွေ့ရည်စက်ရုံ(ညောင်တုန်း)၊ ရေနံဓာတုဗေဒပစ္စည်းများ သယ်ပို့ဖြန့်ဖြူးရေးဌာန၊ အမှတ်(၃)ဓာတ်မြေသြဇာစက်ရုံ(ကျော်စွာ)၊ ရေနံဓာတ်ငွေ့ရည် ဆိပ်ခံတံတားတည်ဆောက်ခြင်းနှင့် ရေနံဓာတ်ငွေ့ရည်တင်သွင်းသိုလှောင် ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်း၊ သန်လျင်ရေနံချက်စက်ရုံဧရိယာအတွင်းရှိ LPG Terminal ၏ Facilities များအသုံးပြု၍ ရေနံဓာတ်ငွေ့ရည် တင်သွင်းသိုလှောင်ဖြန့်ဖြူးရောင်းချခြင်းနှင့် ရေနံထွက်ပစ္စည်းများ အမျိုးအစားစစ်ဆေးရေး (ဓာတ်ခွဲခန်း)စသည်တို့တွင် အကျိုးတူ ပူးပေါင်းဆောင်ရွက်ခြင်းကို အကောင်အထည်ဖော်ဆောင်ရွက်ရန် စီစဉ်လျက်ရှိသည်။

လုပ်ထုံးလုပ်နည်း ဖြေလျှော့ထားမှုများအနေဖြင့် စိုက်ပျိုးရေးလုပ်ငန်း၏ အသက်သွေးကြောဖြစ်သော ဓာတ်မြေသြဇာဝယ်ယူသူများ အချိန်ကြန့်ကြာမှုနှင့် ခရီးစရိတ်သက်သာစေရန် သက်ဆိုင်ရာမြို့နယ်မြန်မာ့စီးပွားရေးဘဏ်မှတစ်ဆင့် မြန်မာ့စီးပွားရေးဘဏ်(နေပြည်တော်)ရှိ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း Account သို့ ငွေလွှဲပေးသွင်းကာ စက်ရုံတွင် တိုက်ရိုက်ထုတ်ယူသည့်စနစ်ဖြင့် ရောင်းချပေးခဲ့ခြင်း၊ စက်သုံးဆီအရည်အသွေးစစ်ဆေးလိုသူများအတွက် သန်လျင်ရေနံချက်စက်ရုံတွင် နမူနာပေးစစ်ဆေးစေခြင်းဖြင့် စက်သုံးဆီ၊ ဓာတ်ဆီနှင့် ဒီဇယ်ဆီများအတွက် စမ်းသပ်စစ်ဆေးခနှုန်းထားများ လျှော့ချခြင်းတို့ကို ဆောင်ရွက်ခဲ့သည်။

**စာရင်းမှတ်စနစ်ဖြင့် ဖြန့်ဖြူး**

လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ထားနိုင်မှုများအနေဖြင့် ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေးဆိုင်ရာ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံချက်ဖြင့် ရခိုင်ပြည်နယ်အတွင်း ဓာတ်မြေသြဇာများကို ၂၀၁၃-၂၀၁၄ ခုနှစ်တွင် ၆၄၀ မက်ထရစ်တန်၊ ၂၀၁၄-၂၀၁၅ ခုနှစ်တွင် ၂၈၇ ဒသမ ၂ မက်ထရစ်တန်နှင့် မောင်တောခရိုင်အတွင်းရှိ တိုင်းရင်းသား တောင်သူလယ်သမားများသို့ ၁၄၈ ဒသမ ၇၅ မက်ထရစ်တန်၊ ၂၀၁၅-၂၀၁၆ခုနှစ်တွင် ၃၂၀ ဒသမ ၉ မက်ထရစ်တန်ကို စာရင်းမှတ်စနစ်ဖြင့် ဖြန့်ဖြူးပေးခဲ့သည်။

၂၀၁၅ ခုနှစ် ရေဘေးသင့်ပြည်သူများသို့ ချောက်ရေနံချက်စက်ရုံမှ ရေနံဆီနှင့် ဖယောင်းတိုင်များကို စာရင်းမှတ်စနစ်ဖြင့် ဖြန့်ဝေပေးခဲ့သည်။

မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်းက ရှယ်ယာပိုင်ဆိုင်မှု ၅၁ ရာခိုင်နှုန်းနှင့် Puma Energy Group Pte., Ltd. က ၄၉ ရာခိုင်နှုန်းဖြင့် လေယာဉ်ဆီတင်သွင်းသိုလှောင်ဖြန့်ဖြူး ရောင်းချခြင်းလုပ်ငန်းကို အကျိုးတူပူးပေါင်းဆောင်ရွက်ရန် ဖက်စပ်လုပ်ငန်း သဘောတူစာချုပ်ကို ၂၀၁၅ ခုနှစ် စက်တင်ဘာ ၂၄ ရက်တွင် National Energy Puma Aviation Services Co., Ltd. အမည်ဖြင့် လက်မှတ်ရေးထိုးချုပ်ဆိုခဲ့ပြီး ၂၀၁၅ ခုနှစ် အောက်တိုဘာ ၁ ရက်မှစ၍ မင်္ဂလာဒုံလေယာဉ်ဆီ ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်းကို ဆောင်ရွက်နေသည်။

ရေနံထွက်ပစ္စည်းအမျိုးမျိုး ဖြန့်ဖြူးရောင်းချသည့်လုပ်ငန်းကို ရင်းနှီးမြှုပ်နှံမှု ခိုင်မာပြီး လုပ်ငန်းအတွေ့အကြုံရင့်ကျက်သည့် ပြည်ပကုမ္ပဏီတစ်ခုနှင့် ပူးပေါင်း၍ အကျိုးတူဖက်စပ်လုပ်ငန်း ဆောင်ရွက်ရန်အတွက် ၂၀၁၅ ခုနှစ် ဇူလိုင် ၂၀ ရက်မှ ၂၀၁၅ ခုနှစ် နိုဝင်ဘာ ၂၀ ရက်အထိ တင်ဒါများခေါ်ယူခဲ့သည်။

မြန်မာနိုင်ငံ၏ လူဦးရေစာရင်းအရ လူတစ်ဦးချင်းစွမ်းအင်သုံးစွဲနိုင်မှု (Energy per Person) တွင် ၂၀၁၄ - ၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် လူတစ်ဦးချင်းပျမ်းမျှ စွမ်းအင်သုံးစွဲနိုင်မှုသည် သုည ဒသမ ၃၃၈၈ တန်သို့ တိုးတက်သုံးစွဲလာသည်။


စွမ်းအင်ဝန်ကြီးဌာနသည် ပြည်တွင်း၊ ပြည်ပရင်းနှီးမြှုပ်နှံသူများနှင့် ပူးပေါင်းပြီး ရေနံနှင့် သဘာဝဓာတ်ငွေ့ တိုးတက်ထုတ်လုပ်နိုင်ရန် ရှာဖွေလျက်ရှိသည်။ ပြည်တွင်းအသုံးပြုရန်နှင့် ပြည်ပသို့ရောင်းချပြီး နိုင်ငံခြားငွေရရှိအောင်လည်း အပတ်တကုတ် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးကိုလည်း အလေးထား ဖော်ဆောင်လျက်ရှိပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

**နှစ်အလိုက် လူတစ်ဦးချင်းစွမ်းအင်သုံးစွဲမှုအခြေအနေ (၂၀၁၁-၂၀၁၂ မှ ၂၀၁၄-၂၀၁၅)**

| အကြောင်းအရာ | ယူနစ် | ၂၀၁၁-၂၀၁၂ | ၂၀၁၂-၂၀၁၃ | ၂၀၁၃-၂၀၁၄ | ၂၀၁၄-၂၀၁၅ |
|---|---|---|---|---|---|
| စုစုပေါင်းစွမ်းအင်သုံးစွဲမှု | တန်ထောင်ပေါင်း | ၁၄၇၆၆ | ၁၄၈၉၄ | ၁၅၂၉၂ | ၁၇၄၄၅ |
| လူဦးရေ | သန်းပေါင်း | ၆၀.၄ | ၆၁.၀ | ၆၁.၆ | ၅၁.၄၉ |
| တစ်ဦးချင်းစွမ်းအင်သုံးစွဲမှု | တန်/လူဦးရေ | ၀.၂၄၄၄ | ၀.၂၄၄၁ | ၀.၂၄၈၂ | ၀.၃၃၈၈ |
| တိုးတက်မှုရာခိုင်နှုန်း | % | | -၀.၁၂ | ၁.၆၄ | ၃၆.၅၀ |



> စွမ်းအင်ဝန်ကြီးဌာနသည် ပြည်တွင်း၊ ပြည်ပရင်းနှီးမြှုပ်နှံသူများနှင့် ပူးပေါင်းပြီး ရေနံနှင့် သဘာဝဓာတ်ငွေ့တိုးတက်ထုတ်လုပ်နိုင်ရန် ရှာဖွေလျက်ရှိသည်။ ပြည်တွင်းအသုံးပြုရန်နှင့် ပြည်ပသို့ရောင်းချပြီး နိုင်ငံခြားငွေရရှိအောင်လည်း အပတ်တကုတ် ကြိုးပမ်းဆောင်ရွက်လျက်ရှိ။



»»» အထူးကဏ္ဍ အချပ်ပို စာမျက်နှာ ၁ မှ

(က) ကျောက်ပန်းတောင်တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော(၂၀၁၃ ခုနှစ်)၊
(ခ) ချောင်းပုံကန်တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော (၂၀၁၃ ခုနှစ်)၊
(ဂ) မြောက်ဇာမရီတောရိုင်းတိရစ္ဆာန်ဘေးမဲ့တော (၂၀၁၄ ခုနှစ်)။

**အာဆီယံအမွေအနှစ်ဥယျာဉ်များ**

တည်ထောင်ပြီး သဘာဝနယ်မြေ ၃၉ခု အနက် ဇီဝမျိုးစုံမျိုးကွဲနှင့် သဘာဝအနေအထား ထူးခြားထင်ရှားသည့် ဥယျာဉ်/ဘေးမဲ့တော ခြောက်ခုကို ၂၀၀၃ ခုနှစ်၌ အာဆီယံအဖွဲ့အစည်းက အာဆီယံအမွေအနှစ်ဥယျာဉ် (ASEAN Heritage Park-AHP) များအဖြစ်သတ်မှတ်ခဲ့ပြီး ၂၀၁၂ ခုနှစ်တွင် နတ်မတောင်အမျိုးသားဥယျာဉ်ကို ထပ်မံတိုးမြှင့်သတ်မှတ်နိုင်ခဲ့သည်။

မြန်မာနိုင်ငံမှ ခါကာဘိုရာဇီအမျိုးသားဥယျာဉ်၊ အင်းတော်ကြီး တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော၊ အလောင်းတော်ကဿပအမျိုးသားဥယျာဉ်၊ အင်းလေးကန် တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော၊ မိန်းမလှကျွန်းတောရိုင်းတိရစ္ဆာန်ဘေးမဲ့တော၊ လန်ပိအဏ္ဏဝါအမျိုးသားဥယျာဉ်နှင့် နတ်မတောင်အမျိုးသားဥယျာဉ်တို့ကို (ASEAN Heritage Park-AHP) အဖြစ်သတ်မှတ်ထားပြီးဖြစ်သည်။

**အင်းလေးကန်ဒေသလူသားနှင့် ဇီဝအဝန်းနယ်မြေ**

UNESCO နှင့် ပူးပေါင်း၍ အင်းလေးကန်ဒေသအား လူသားနှင့်ဇီဝအဝန်းနယ်မြေ (Man and Biosphere Reserve - MAB) အဖြစ် သတ်မှတ်နိုင်ရေးအတွက် ၂၀၁၃ ခုနှစ် စက်တင်ဘာလတွင် UNESCO ရုံးချုပ်သို့ အဆိုပြုလွှာတင်ပြခဲ့ရာ ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလတွင် ကျင်းပခဲ့သည့် International Advisory Committee for Biosphere Reserves (IACBR) အစည်းအဝေးမှ သဘောတူထောက်ခံခဲ့သည်။



အင်းလေးကန်ဒေသအား မြန်မာနိုင်ငံ၏ ပထမဦးဆုံးလူသားနှင့် ဇီဝအဝန်းနယ်မြေအဖြစ် ၂၀၁၅ခုနှစ် ဇွန်လတွင် ပြင်သစ်နိုင်ငံ ပဲရစ်မြို့၌ ကျင်းပခဲ့သည့် (၂၇) ကြိမ်မြောက် MAB International Coordinating Council (MAB-ICC) အစည်းအဝေး၌ အဖွဲ့ဝင်နိုင်ငံအားလုံး၏ သဘောတူညီချက်ဖြင့် အတည်ပြုသတ်မှတ်နိုင်ခဲ့သည်။

**သစ်အလုံးလိုက် ပြည်ပတင်ပို့ခြင်းကို ရပ်ဆိုင်း**

သစ်အလုံးလိုက် ပြည်ပတင်ပို့မှုကို အဓိကဆောင်ရွက်ခြင်းကြောင့် ပြည်တွင်းသစ်အခြေခံစက်မှုလုပ်ငန်းများအတွက် လိုအပ်သောကုန်ကြမ်းများ လုံလောက်စွာ မဖြည့်ဆည်းပေးနိုင်ခြင်းသည် သစ်အခြေခံစက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကို နှောင့်နှေးစေသော အကြောင်းအရင်းများအနက်တစ်ခု အပါအဝင်ဖြစ်သည်။

အကျိုးဆက်အနေဖြင့် တန်ဖိုးမြင့်သစ်အခြေခံထုတ်ကုန်များ တင်ပို့ခြင်းမှ ရရှိနိုင်သော ဝင်ငွေများ လျော့နည်းခြင်း၊ ပြည်သူတို့၏ အလုပ်အကိုင်အခွင့်အလမ်းများ ဆုံးရှုံးနစ်နာခြင်း၊ သစ်အခြေခံ ထုတ်ကုန်ဆိုင်ရာ နည်းပညာနှင့် ကျွမ်းကျင်မှုများမရရှိခြင်းတို့ ပေါ်ပေါက်ခဲ့ရပါသည်။

သို့ဖြစ်၍ သစ်အလုံးလိုက် ပြည်ပတင်ပို့မှု ရပ်ဆိုင်းခြင်းကို ဆောင်ရွက်ရန် ၂၀၁၃ ခုနှစ် ဧပြီ ၅ ရက်တွင် တစ်နှစ်ကြိုတင်၍ ကြေညာခဲ့ပြီး ၂၀၁၄ ခုနှစ် ဧပြီ ၁ ရက်မှစ၍ သစ်အလုံးလိုက် ပြည်ပတင်ပို့ခြင်းကို ရပ်ဆိုင်းခဲ့သည်။

အဆိပ်အတောက်နှင့် ဘေးအန္တရာယ်ဖြစ်စေသော စွန့်ပစ်ပစ္စည်းများ နယ်စပ်ဖြတ်ကျော်ရောက်ရှိမှုများအား တားဆီးရေးဆိုင်ရာ ဘာဆယ်ကွန်ဗင်းရှင်း အဖွဲ့ဝင်နိုင်ငံအဖြစ် ၂၀၁၅ ခုနှစ် ဇန်နဝါရီ ၇ ရက်တွင် ဝင်ရောက်နိုင်ခဲ့သည်။

**စက်ရက်ကန်းလုပ်ငန်းများမှ စွန့်ပစ်ရေ**

မန္တလေးတိုင်းဒေသကြီး ဝမ်းတွင်းမြို့နယ်ရှိ စက်ရက်ကန်းလုပ်ငန်းများမှ စွန့်ပစ်ရေများကြောင့် ပတ်ဝန်းကျင်ထိခိုက်မှုအား တားဆီးကာကွယ်နိုင်ရေးအတွက် လိုအပ်သော အသိပညာပေးမှုများ ဆောင်ရွက်ခြင်း၊ ဒေသခံလုပ်ငန်းရှင်များအား စွန့်ပစ်ရေ သန့်စင်မှုဆိုင်ရာနည်းပညာအကူအညီများ ပေးခြင်းနှင့် စက်ရက်ကန်းလုပ်ငန်းများ၏ ဆေးဆိုးလုပ်ငန်းများမှ ထွက်ရှိလာသည့် ဆေးဆိုးရေများကို စနစ်တကျစွန့်ပစ်ခြင်း ရှိ/မရှိ စောင့်ကြည့်လေ့လာစစ်ဆေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိသည်။

**ဆေးဆိုးလုပ်ငန်းမှ ရေထုညစ်ညမ်းမှု**

လက်ရှိတွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနနှင့် ဂျပန်နိုင်ငံအခြေစိုက် HORIBA Co. ,LTD. တို့ ပူးပေါင်း၍ ဆေးဆိုးလုပ်ငန်းများမှ ထွက်ရှိသည့် ရေထုညစ်ညမ်းမှု၏ ဖြစ်နိုင်ခြေရှိမှုအပေါ် ကွင်းဆင်းစစ်ဆေးဆောင်ရွက်ခြင်းစီမံကိန်းကို အကောင်အထည်ဖော်နိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနသည် သစ်တောဖုံးလွှမ်းမှုဧရိယာပြည့်မီစေရေး၊ ကျေးလက်နေ ပြည်သူများ၏ အသက်မွေးဝမ်းကျောင်းဆိုင်ရာလုပ်ငန်းများတွင် အသုံးပြုရန် လိုအပ်သည့် သစ်၊ တိုင်၊ မျော၊ ထင်းများ လွယ်ကူအဆင်ပြေရရှိစေရေး၊ ဂေဟစနစ်များနှင့် ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းကာကွယ်ရန် သဘာဝသစ်တောနယ်များ သတ်မှတ်ထူထောင်ရေး၊ သဘာဝနယ်မြေများအား ဒေသတွင်းနှင့် နိုင်ငံတကာအဆင့် ထိန်းသိမ်းကာကွယ်မှုများ မြှင့်တင်ရေး၊ ပြည်တွင်း ပြည်ပဝင်ငွေ တိုးတက်ရရှိရေး စသည့် လုပ်ငန်းများကို ကြိုးပမ်းအကောင်အထည်ဖော်လျက်ရှိပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

»»» အထူးကဏ္ဍ အချပ်ပို စာမျက်နှာ ၄ မှ

တက္ကသိုလ်များ၏ သင်ရိုးညွှန်းတမ်း၊ သင်ရိုးမာတိကာများကို နိုင်ငံတကာအဆင့်မြင့် တက္ကသိုလ်များ၏ သင်ရိုးနှင့် နှိုင်းယှဉ်လေ့လာခြင်း၊ အာဆီယံအဆင့်မီဖြစ်ရေးအတွက် ပုံမှန်ပြန်လည်ဆန်းစစ်ခြင်း လုပ်ငန်းများကို တက္ကသိုလ်အသီးသီးရှိ ဘာသာရပ်ဌာနအသီးသီးမှ ဆရာ ဆရာမများက အိုင်တီနည်းပညာများ အသုံးပြုကာ ဆောင်ရွက်လျက်ရှိသည်။

၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် တက္ကသိုလ်၊ ဒီဂရီကောလိပ်များအတွက် လိုင်းအားကောင်းသော မြန်နှုန်းမြင့်အင်တာနက်လိုင်းများကို တပ်ဆင်အသုံးပြုကာ ဝိုင်ဖိုင်စနစ်ကိုလည်း ရရှိရန် ဆောင်ရွက်လျက်ရှိသည်။

တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်များ တစ်ခုနှင့်တစ်ခု အစည်းအဝေးများ ပြုလုပ်နိုင်ခြင်း၊ သင်ကြားရေးဆွေးနွေးနိုင်ခြင်း၊ ကျောင်းသား ကျောင်းသူများအတွက် လိုအပ်သော ဘာသာရပ်များကို သင်ကြားပေးနိုင်ရန် Video Conferencing တပ်ဆင်ဆောင်ရွက်ပေးထားသည်။

၂၀၁၂ ခုနှစ်မှ ယနေ့အထိ ဂျာမနီ၊ ဘရူနိုင်း ဒါရုဆလမ်၊ အမေရိကန်၊ ဩစတြေးလျ၊ ပြင်သစ်၊ ထိုင်း၊ ဂျပန်၊ တရုတ်၊ ကိုရီးယားနိုင်ငံများမှ ပညာရှင်များက ရန်ကုန်တက္ကသိုလ်၊ ရန်ကုန်ပညာရေးတက္ကသိုလ်၊ နိုင်ငံခြားဘာသာတက္ကသိုလ်၊ ပုသိမ်တက္ကသိုလ်၊ ထားဝယ်တက္ကသိုလ်၊ အင်္ဂလိပ်ဘာသာစကားတက္ကသိုလ်၊ အမျိုးသားဗဟိုဌာနတို့တွင် ကာလတို၊ ကာလရှည်သင်တန်းများ ပို့ချပေးလျက်ရှိပြီး ပြည်ပတက္ကသိုလ်များနှင့် ချိတ်ဆက်ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

"အရင်က တစ်နိုင်ငံနဲ့ တစ်နိုင်ငံ အစိုးရအဖွဲ့အချင်းချင်း ဆက်သွယ်ကမ်းလှမ်းလာမှသာ စိစစ်စေလွှတ်ပေးခဲ့ပေမယ့် အခုအခါ အစိုးရအဖွဲ့အချင်းချင်း ဆက်သွယ်ကမ်းလှမ်းမှုသာမက အီးမေးလ်၊ အင်တာနက်၊ ဝက်ဘ်ဆိုက်များကတစ်ဆင့် ဆက်သွယ်ကမ်းလှမ်းလာမှုတွေကို ပညာသင်ဆုလျှောက်ထားလိုသူတွေ လျှောက်ထားလာခြင်းကိုလည်း ဆောင်ရွက်ပေးနေပါတယ်" ဟု ပညာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

**သမ္မတပညာတော်သင်ဆု**

အရည်အချင်းရှိသည့် လူငယ်မျိုးဆက်သစ်ခေါင်းဆောင်များပေါ်ထွက်လာစေရန်



ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် ရွှေမှန်တင်ဘုန်းကြီးကျောင်းအတွင်း အခြေခံစာတတ်မြောက်ရေးလှုပ်ရှားမှုအဖြစ် စာသင်ကြားနေမှုကို တွေ့ရစဉ်။ (သတင်းစဉ်)

ရည်ရွယ်၍ "နိုင်ငံတော်သမ္မတ၏ ပညာတော်သင်ဆုရွေးချယ်ရေးကော်မတီ"ကို ဖွဲ့စည်းခဲ့ပြီး ၂၀၁၅ ခုနှစ်တွင် ထူးချွန်လူငယ်၊ လူရွယ် ၁၁၇ ဦးကို ပထမအကြိမ်အဖြစ် ရွေးချယ်၍ နိုင်ငံတော်သမ္မတ၏ ပညာတော်သင်ဆုကို ချီးမြှင့်ပေးခဲ့သည်။

ထို့ပြင် ဝိဇ္ဇာ / သိပ္ပံဘာသာရပ် ၂၀ အတွက် ဘာသာရပ်တစ်ခုစီတွင် ထူးချွန်ကျောင်းသား ၅၀ စီ ရွေးချယ်၍ ရန်ကုန်နှင့် မန္တလေးတက္ကသိုလ်တို့တွင် ပထမနှစ်သင်တန်းများ စတင်သင်ကြားပေးလျက်ရှိပြီး သတ်မှတ်အရည်အချင်းနှင့် ပြည့်စုံသူများအား ဝိဇ္ဇာချွန်ဆု၊ သိပ္ပံချွန်ဆုများကို ၂၀၁၃-၂၀၁၄ ပညာသင်နှစ်မှ စတင်၍ ချီးမြှင့်ပေးလျက်ရှိသည်။

အားကစားကဏ္ဍမြှင့်တင်ပေးခြင်းတွင်လည်း တက္ကသိုလ်လက်ရွေးစင် အားကစားသမားများက အားကစားနည်းအလိုက် အာဆီယံတက္ကသိုလ်များ အားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိသည်။

**အမျိုးသားပညာရေးဥပဒေ**

ပညာရေးကဏ္ဍကို နိုင်ငံတကာအဆင့်မီပညာရေးဖြစ်စေရန် ပညာရေးမူဝါဒများနှင့် ပညာရေးဥပဒေကို ပညာရှင်များက သုံးသပ်အကြံပြုရေးဆွဲ၍ အများဆန္ဒသဘောထားများ ရယူပြီး ၂၀၁၄ ခုနှစ် စက်တင်ဘာ ၃၀ ရက်တွင် အမျိုးသားပညာရေးဥပဒေကိုလည်းကောင်း၊ ၂၀၁၅ ခုနှစ် ဇွန် ၂၅ ရက်တွင် အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေကိုလည်းကောင်း ပြဋ္ဌာန်းခဲ့သည်။ အမျိုးသားပညာရေးဥပဒေကို လွှတ်တော်များတွင် ဆွေးနွေးအတည်ပြု ပြဋ္ဌာန်းပြီးပါက မကြာခင်အသက်ဝင်လာပြီး အကောင်အထည်ဖော်သွားမည်ဖြစ်သည်။

သို့ဖြင့် အစိုးရသစ်သက်တမ်းကာလအတွင်း ပညာရေးကဏ္ဍအတွက် ကြိုးပမ်းဆောင်ရွက်မှုများကား အနာဂတ်ကာလတွင် ငွားငွားစွင့်စွင့် ပွင့်လန်းလာစေမည့် ပန်းပျိုးလက်၏ အောင်မြင်မှုပင်ဖြစ်သည်ဟု မှတ်ယူမိပါသည်။ ။



ပဲခူးတိုင်းဒေသကြီး ရွှေကျင်မြို့နယ် ခြေတော်ရာကျေးရွာတွင် အခြေခံစာတတ်မြောက်ရေးလှုပ်ရှားမှုအဖြစ် စာသင်ဝိုင်းဖွဲ့ သင်ကြားနေမှုကို တွေ့ရစဉ်။ (၀၀၇)

**ကမ္ဘာ့နိုင်ငံများ၏ ၂၀၁၅ အလွန် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်တွင် "အားလုံးပါဝင်နိုင်ပြီး တန်းတူညီမျှသည့် အရည်အသွေးမြင့်မားရေးနှင့် တစ်သက်တာသင်ယူနိုင်မည့် အခွင့်အလမ်းများ မြှင့်တင်ရေး"ဟူသည့် ပညာရေးနှင့်ဆက်စပ်သည့် ဦးတည်ချက်တစ်ရပ်လည်း ပါဝင်သည်။**

သတင်းဆောင်းပါး
ဝင်းဝင်းမော်
မြတ်စန္ဒီသင်းဇော်

# အနာဂတ်တွင် ငွားငွားစွင့်စွင့်ပွင့်လန်းစေမည့် ပန်းပျိုးလက်၏ ပညာရေးကြိုးပမ်းမှုများ



၂၀၁၄ ခုနှစ် အခြေခံစာတတ်မြောက်ရေးလှုပ်ရှားမှုအဖြစ် ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ် လွမ်းစေတီဘုန်းတော်ကြီးကျောင်း ဝင်းအတွင်း အရိပ်အာဝါသကောင်းလှသော သစ်ပင်ကြီးအောက်တွင် စားပွဲဝိုင်းဖြင့် စာသင်ကြားနေမှုကို တွေ့ရစဉ်။ (ဓာတ်ပုံ-မင်းသစ်)

မျက်မှောက်ခေတ်သည် ပညာရေးနှင့် ပတ်သက်ပြီး ပညာခေတ်ကို ဖော်ဆောင်ပေးလျက်ရှိသည့် ရာစုနှစ်ဖြစ်သည်။ သို့အတွက် ပညာရည်ပြည့်ဝသော လူ့အဖွဲ့အစည်းကို တည်ဆောက်နိုင်မည့် အရည်အသွေးပြည့်ဝသော လူသားအရင်းအမြစ်များမွေးထုတ်ပေးခြင်းသည်လည်း အဓိက ပဓာနကျပေသည်။

**အခမဲ့ပညာရေး**

အစိုးရသစ်လက်ထက်မတိုင်မီက ကျောင်းနေအရွယ်ကလေးအားလုံး ပညာသင်ယူမှုနှုန်းသည် ၉၈ ဒသမ ၃၇ ရာခိုင်နှုန်းရှိခဲ့သည်။ အစိုးရသစ်လက်ထက် အမျိုးသားပညာရေးဖွံ့ဖြိုးမှု နှစ်ရှည်စီမံကိန်းချမှတ်ပြီး အကောင်အထည်ဖော်ဆောင်ရွက်ကာ မသင်မနေရအခမဲ့ပညာရေးစနစ်ကို ဆောင်ရွက်ပေးခဲ့ခြင်းကြောင့် ၂၀၁၄-၂၀၁၅ ပညာသင်နှစ်တွင် ကျောင်းနေအရွယ်ကလေးအားလုံး၏ ပညာသင်ကြားမှုတိုးတက်မှုနှုန်းသည် ၉၈ ဒသမ ၇၇ ရာခိုင်နှုန်းအထိတိုးတက်လာခဲ့သည်။

**အခမဲ့ဖြန့်ဝေ**

ကုလသမဂ္ဂ၏ ထောင်စုနှစ်ရည်မှန်းချက် (၈)ရပ်တွင် တစ်ခုအပါအဝင်ဖြစ်သော "မသင်မနေရ အခမဲ့မူလတန်းပညာရေးစနစ်" ကို ၂၀၁၁ - ၂၀၁၂ ပညာသင်နှစ်တွင် စတင်ဖော်ဆောင်ပေးခဲ့သည်။ ၂၀၁၄-၂၀၁၅ ပညာသင်နှစ်တွင် အလယ်တန်းပညာရေးအဆင့်၊ ၂၀၁၅-၂၀၁၆ ပညာသင်နှစ်တွင် အထက်တန်းပညာရေးစနစ်သို့ ဖော်ဆောင်ပေးခဲ့သည်။ ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းနေရေးအတွက် ယခုပညာသင်နှစ်တွင် အလယ်တန်းအဆင့်အား ကျောင်းသုံးဖတ်စာ၊ ဗလာစာအုပ်နှင့် ဝတ်စုံများ၊ အထက်တန်းအဆင့်တွင်လည်း ကျောင်းသုံးဖတ်စာများကို အခမဲ့ဖြန့်ဝေပေးခဲ့သည်။

ဗိုလ်တထောင်မြို့နယ် အခြေခံပညာဦးစီးဌာန မြို့နယ်ပညာရေးမှူး ဦးမြင့်အောင်က "အစိုးရသစ်သက်တမ်းကာလအတွင်းမှာ ပညာရေးပိုင်းနဲ့ပတ်သက်ပြီး အများကြီးတိုးတက်လာတာတွေ့ရတယ်။ အခု မူလတန်း၊ အလယ်တန်းပိုင်းမှာ မသင်မနေရ ဖြစ်လာတယ်။ ပညာသင်ထောက်ပံ့ကြေးမှာလည်း စာပေထူးချွန်တဲ့ကလေးတွေ ဂုဏ်ပြုရုံသာမက ထောက်ပံ့မှုလိုအပ်နေတဲ့ ကလေးတွေကိုလည်း ကူညီဖြည့်ဆည်းပေးတာ တွေ့ရတယ်။

ပညာရေးဘတ်ဂျက်တွေ တိုးချထားပေးတယ်။ အခု နှစ်နှစ်အတောအတွင်းမှာ ဌာနတွင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာ အဆောက်အအုံတွေ ပြင်ဆင်သင့်တာ၊ ဆောက်ပေးသင့်တာတွေ လုပ်ပေးတယ်။ ဒါကြောင့် ကျောင်းတွေရဲ့ ဥပမိရုပ်တွေ အများကြီးကောင်းသွားတယ်။ ဒါက ဆရာတို့က တိုးတက်မှုလို့မြင်ပါတယ်" ဟု ၎င်း၏ အမြင်ကို သုံးသပ်ပြောကြားသည်။

**အခြေခံကျောင်းနှင့် ဆရာ၊ ဆရာမများ ဖြည့်ဆည်း**

အဆိုပါ ပညာသင်ယူမှုတိုးတက်များပြားလာခြင်းနှင့်အတူ တိုင်းဒေသကြီးနှင့်ပြည်နယ်များတွင် ယခင် ၂၀၁၀ ခုနှစ်၌ အခြေခံပညာကျောင်းပေါင်း ၄၀၈၀၁ ကျောင်းသာရှိခဲ့ရာမှ ၂၀၁၄-၂၀၁၅ ပညာသင်နှစ်တွင် ထပ်မံ၍ ကျောင်းပေါင်း လေးထောင်ကျော် တိုးတက်ဖွင့်လှစ်နိုင်ခဲ့သည်။

ထိုနည်းတူ အခြေခံမူလတန်းအဆင့်ပြီးဆုံးသည့် ကျောင်းသား ကျောင်းသူများကို အလယ်တန်းအဆင့်၊ အလယ်တန်းအဆင့်မှ အထက်တန်းအဆင့်သို့ လွယ်လင့်တကူ တက်ရောက်နိုင်ရန် ကျောင်းများကို ပြည်နယ်နှင့် တိုင်းဒေသကြီးများတွင် နှစ်စဉ်တိုးတက်ကာ ဖွင့်လှစ်ပေးခဲ့သည်။ ထို့အတူ တိုးတက်နေသည့် ကျောင်းသားဦးရေအပေါ် မူတည်ပြီး ဆရာ ဆရာမလိုအပ်ချက်ကို ဖြည့်ဆည်းပေးလျက်ရှိသည်။

> ဆရာ ဆရာမများ၏ သင်ကြားမှုအရည်အသွေးများ တိုးတက်စေရန် ပညာရေးတက္ကသိုလ်များနှင့် ပညာရေးကောလိပ်များတွင် လုပ်ငန်းခွင်အကြိုနှင့် လုပ်ငန်းခွင်သင်တန်းများ၊ ဘာသာရပ်မွမ်းမံသင်တန်းများကို တိုးချဲ့ဖွင့်လှစ်လေ့ကျင့်သင်ကြားပေးနေ။

နေ့စားလပေးမူလတန်းပြဆရာ ဆရာမများ ခန့်ထားနိုင်ရန် ဆောင်ရွက်ရာတွင် ၂၀၁၄-၂၀၁၅ ပညာသင်နှစ်၌ ကျေးလက်ဒေသများနှင့် ဝေးလံခက်ခဲဒေသများတွင် ဘွဲ့ရဒေသခံများကို ဦးစားပေးကာ ၂၀၁၄ ကျောင်းဖွင့်ရာသီတွင် ခန့်ထားပေးခဲ့သည်။

**တိုင်းရင်းသားဘာသာသင်ကြားရေး**

ကျောင်းချိန်ပြင်ပ တိုင်းရင်းသားဘာသာစကားသင်ကြားနိုင်ရေးအတွက် ၂၀၁၄ - ၂၀၁၅ ပညာသင်နှစ်မှ စတင်ကာ မွန်၊ ရခိုင်၊ ပအိုဝ်း၊ စကောကရင်၊ အနောက်ပိုးကရင်၊ အရှေ့ပိုးကရင်ဘာသာများကို သင်ကြားပေးလျက်ရှိသည်။ ထို့ပြင် ရှမ်း(တိုင်းလုံ၊ တိုင်းနိုင်း)၊ အင်းသား၊ ဓနု၊ ပလောင်၊ အာခါ၊ လားဟူ၊ နာဂ၊ ကယား၊ ကယန်း၊ ကယော၊ ကချင် (ဂျိမ်းဖော၊ ဇိုင်ဝါး၊ လချိတ်၊ လော်ဝေါ်)၊ ချင်း (ဟားခါး၊ ဖလမ်း၊ တီးတိန်) စသည့် တိုင်းရင်းသားစာပေစာအုပ်များကို ပြုစုစိစစ်ပြီး ရိုက်နှိပ်ရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။

**ကိုယ်ပိုင်ကျောင်းနှင့် ရပ်ရွာပဒေသာဌာန**

နိုင်ငံအတွက် လူ့စွမ်းအားအရင်းအမြစ်များ လေ့ကျင့်မွေးထုတ်ပေးသည့် ပညာရေးကဏ္ဍတွင် အစိုးရတစ်ခုတည်း ဖော်ဆောင်နေရာမှ ပုဂ္ဂလိကကဏ္ဍကိုလည်း ပူးပေါင်းပါဝင်လိုစေသည့်အတွက် အစိုးရသစ်လက်ထက်တွင် ကိုယ်ပိုင်ကျောင်းမှတ်ပုံတင်နည်းဥပဒေကို ပြဋ္ဌာန်းခဲ့ရာ ယခု ၂၀၁၄-၂၀၁၅ ပညာသင်နှစ်အထိ ကိုယ်ပိုင်စာသင်ကျောင်း ၂၈၀ ကို ဖွင့်လှစ်ခွင့်ပြုပေးခဲ့သည်။

ပုံမှန်ပညာရေးအဆင့်သို့တက်ရောက်ရန် လူမှုဘဝအခက်အခဲများကြောင့် စာသင်ကျောင်းသို့ မရောက်ရှိနိုင်သည့် ကလေးများကို နှစ်နှစ်တာကာလအတွင်း အဆင့်နှစ်ဆင့်ခွဲပြီး မူလတန်းအဆင့်နှင့် အလယ်တန်းအဆင့်၌ ဆက်လက်သင်ယူနိုင်သည့် ကျောင်းပြင်ပပညာရေးကိုလည်း တိုးချဲ့စီစဉ်ပေးထားသည်။ ဝင်ငွေအခက်အခဲကြောင့် ပညာဆက်လက်ဆည်းပူးလိုသူတို့အတွက် စာဖတ်ရှိန်မြှင့်တင်ရေး၊ အရည်အသွေးမြင့်ဘဝမြှင့်တင်ရေး စသည့် စဉ်ဆက်မပြတ်ပညာရေးအစီအစဉ်တစ်ခုဖြစ်သည့် ရပ်ရွာပဒေသာဌာနကို ၂၀၁၄ခုနှစ်မှ ယခုအချိန်အထိ ၃၀၇၇ ခု ဖွင့်လှစ်တည်ထောင်ပေးထားပြီးဖြစ်သည်။

**ပညာသင်ထောက်ပံ့**

ပညာရေးနှင့်ပတ်သက်သော ချီးမြှင့်ထောက်ပံ့မှုများတွင်လည်း ပညာသင်ကြားရန် ချို့တဲ့သော ကလေးများအတွက် ပညာသင်ထောက်ပံ့ခြင်းအဖြစ် အလယ်တန်းပညာသင်ဆုအတွက် ပဉ္စမတန်းမှ အဋ္ဌမတန်းအထိ လစဉ်ငွေကျပ်တစ်သောင်းခွဲနှုန်း၊ အထက်တန်းပညာသင်ဆုအတွက် နဝမတန်းနှင့် ဒသမတန်းအတွက် လစဉ်ငွေကျပ်သုံးသောင်းနှုန်း ထောက်ပံ့ပေးနေလျက်ရှိသည်။ ဘက်စုံပညာထူးချွန်ဆုကိုမူ အဋ္ဌမတန်း၊ နဝမတန်းနှင့် ဒသမတန်းကျောင်းသား ကျောင်းသူများကို ရွေးချယ်ပေးအပ်လျက်ရှိသည်။

ပြုပြင်ပြောင်းလဲရေးကာလ အစိုးရသစ်လက်ထက်တွင် နိုင်ငံတကာအဆင့် အရည်အသွေးရှိသော ပညာရေးစနစ်ဖော်ဆောင်ရန် ဒသမတန်းကို စစ်ဆေးခြင်းကဲ့သို့ အခြေခံပညာမူလတန်းအဆင့်ဖြစ်သည့် စတုတ္ထတန်းကို ခရိုင်အဆင့်စာမေးပွဲဖြင့် လည်းကောင်း၊ အခြေခံပညာအလယ်တန်းအဆင့်ဖြစ်သည့် အဋ္ဌမတန်းကို တိုင်းဒေသကြီး/ပြည်နယ်အဆင့် စာမေးပွဲဖြင့်လည်းကောင်း၊ ပညာအရည်အသွေး အကဲဖြတ်မှုအဖြစ် ၂၀၁၄-၂၀၁၅ ပညာသင်နှစ်တွင် စတင်ကျင့်သုံး အကောင်အထည်ဖော်ခဲ့သည်။

**ဘက်စုံထူးချွန်နှင့် ကင်းထောက်များဖွဲ့စည်း**

ဆင်းရဲနွမ်းပါးသည့် ကလေးများအတွက် ပညာသင်ထောက်ပံ့ကြေး အစီအစဉ်များ၊ ထူးချွန်ထက်မြက်သည့် ကလေးများအတွက် ဘက်စုံပညာထူးချွန်လူငယ်အစီအစဉ်များ၊ ကင်းထောက်အဖွဲ့များ ဖွဲ့စည်းရေးအစီအစဉ်နှင့် ပညာသင်ဆုများချီးမြှင့်ရေးအစီအစဉ်များကို အစိုးရသစ်လက်ထက်၌ ပိုမိုတိုးချဲ့အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့သည်။

လူရည်ချွန်ဆုကို ယနေ့အထိ ၇၀၀၀ ကျော် ရွေးချယ်ထားပြီး ကင်းထောက်လူငယ်ကိုလည်း ယနေ့အထိ ၄၀၀၀၀ ကျော်တိုးချဲ့ဖွဲ့စည်းနိုင်ပြီဖြစ်သည်။

**KG + 12 စနစ်**

အာဆီယံဒေသတွင်း နိုင်ငံများနှင့် နိုင်ငံတကာတွင် ကျင့်သုံးနေသည့် အခြေခံပညာရေးစနစ်ဖွဲ့စည်းမှုပုံစံများကို နိုင်ငံတကာအဆင့်အဖြစ်ပြောင်းလဲပြီး လာမည့် ၂၀၁၆-၂၀၁၇ ပညာသင်နှစ်၌ KG + 12 စနစ် (KG + ၅ - ၄ - ၃) ပညာသင်နှစ်ကို ပြုပြင်ပြောင်းလဲအကောင်အထည်ဖော်နိုင်ရန် ကြိုတင်ပြင်ဆင်ဆောင်ရွက်လျက်ရှိသည်။ သင်ရိုးညွှန်းတမ်းနှင့် သင်ရိုးမာတိကာများကို ယူနီဆက်နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိရာ ယခုအချိန်တွင် ဆရာကိုင်အဆင့်ပြီးစီးနေပြီး သင်ကြားပေးမည့် ဆရာ ဆရာမများကိုလည်း သင်တန်းများပေးနိုင်ရန် စီစဉ်လျက်ရှိသည်။

ဆရာ ဆရာမများ၏ သင်ကြားမှုအရည်အသွေးများတိုးတက်စေရန် ပညာရေးတက္ကသိုလ်များနှင့် ပညာရေးကောလိပ်များတွင် လုပ်ငန်းခွင်အကြိုနှင့် လုပ်ငန်းခွင်သင်တန်းများ၊ ဘာသာရပ်မွမ်းမံသင်တန်းများကို တိုးချဲ့ဖွင့်လှစ်လေ့ကျင့်သင်ကြားပေးနေသကဲ့သို့ ပြည်ပနိုင်ငံများသို့ သင်တန်းနှင့် ဆွေးနွေးပွဲများ တက်ရောက်စေရန် စေလွှတ်ပေးလျက်ရှိသည်။

**စာတတ်မြောက်မှုတိုးတက်**

ရှေးဘုရင်များ လက်ထက်ကတည်းက ဆောင်ရွက်လျက်ရှိသည့် မြန်မာနိုင်ငံ စာတတ်မြောက်ရေးလုပ်ငန်းကိုလည်း ဆက်လက်တိုးမြှင့်ဆောင်ရွက်မှုကြောင့် ယခုအစိုးရသစ်ကာလတွင် အခြေခံစာတတ်မြောက်မှုနှုန်းမှာ ၉၂ ဒသမ ၀၆ ရာခိုင်နှုန်းရှိလာသည်။

**အဆင့်မြင့်ပညာအရည်အသွေးတိုးမြှင့်**

အဆင့်မြင့်ပညာကဏ္ဍနှင့် ပတ်သက်၍လည်း တက္ကသိုလ်ကျောင်းများ၌ အရေအတွက်ထက် အရည်အသွေးပိုမိုတိုးမြှင့်စေရန် ဆက်လက်အကောင်အထည်ဖော်ခဲ့သည်။ ယခင်ကတက္ကသိုလ်ပညာရေးကို အချိန်တိုကာလ တက်ရောက်သင်ယူခြင်းကို ဖျက်သိမ်းကာ နှစ်ပြည့်သင်ယူတက်ရောက်သည့် စနစ်ကို ပြန်လည်ဖော်ဆောင်ပေးခဲ့သည်။

တက္ကသိုလ်၊ ဒီဂရီကောလိပ်များ တိုးချဲ့ဖွင့်လှစ်ဆောင်ရွက်ပေးနေသကဲ့သို့ သင်ကြားရေးအစီအစဉ်များကိုလည်း ထပ်မံတိုးချဲ့ခဲ့ရာ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးမှုဌာန၏ သင်ကြားရေးအစီအစဉ်ကို ၄၀၈ ခုအထိ တိုးချဲ့ဖွင့်လှစ်ပေးနိုင်ခဲ့သည်။

စာမျက်နှာ ၃ သို့ »»